# ရလှမြ

အိမ်ဖူးစာ



CYBER ART GROUP

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာမူခွင့်ပြုချက်အမှတ် ♦ ၅၄၅/ ၂၀၀၂. (၆)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ♦ ၇၂၈ ၊/ ၂၀၀၂ (၈)

၂၀၀၂ခုနှစ်၊ ဩဂုတ်လ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၃၀/ –

**ပုံနှိပ်သူ**

ဦးမြင့်သန်း(မြ–၀၄၉၀၂)

စံပယ်အော့ဖ်စက်

၁၃၊ ၁၀၇–လမ်း၊ မင်္ဂလာတောင်ညွန့်။

**ထုတ်ဝေသူ**

ဦးတင့်လွင်(ခ)သော်က၊ သော်ကစာပေ

အမှတ်(၆၀၅)၊ သုဓမ္မာလမ်း၊ မြောက်ဥက္ကလာပ

ရန်ကုန်မြို့။


# ရလဖြူ

# အိမ်ဖူးစာ

# အပိုင်း တစ်

## အခန်း (၁)

"စိန်ပန်းရိပ်" ဆိုသည့် ဆိုင်းဘုတ်ကလေးချိတ်ဆွဲထားသည့် ခြံဝအုတ်တိုင်လေးရှေ့တွင် 'ကက' ကားလေးကို ရပ်နိုင်းလိုက်သည်။

'ကက' ကားဆရာကို ကားက ရှင်းပေးပြီးသူမနှင့် လင်းလင်းတို့ ဆင်းလိုက်ကြသည်။

"ဒီခြံနဲ့တိုက်ဟုတ်ရဲ့လား လင်းလင်းရဲ့"

"ဟုတ်ပါတယ်"

"ခြံနဲ့အိမ်ကို လင်းက သော့မခတ်ထားဘူးလား"

''ဘူတာရုံမှာတုန်းက အကျိုးအကြောင်းပြောပြမလို့ပဲ၊ ဒါပေမယ့် အိမ်ရောက်တော့မှပဲ ပြောမယ်ဆိုပြီး မပြောဖြစ်ခဲ့ဘူး''

လင်းလင်းက သူမကို အားတုံ့အားနာကြည့်ရင်းပြောလိုက်သည်။

''ပန်ပန့်အတွက် ဝယ်ပေးထားကြတဲ့ တိုက်ကလေးထဲမှာ လင်းရဲ့အစ်ကိုဝမ်းကွဲတစ်ယောက်ကို ခဏထားထားတယ်၊ သူကရန်ကုန်ကိုရောက်လာပြီး အလုပ်ရှာနေတုန်းပဲ၊ ဒါကြောင့် ကူညီတဲ့အနေနဲ့ သူ့ကို ခဏထားထားတာ''

လင်းလင်းစကားကြောင့် ပန်သစ္စာ မျက်စိမျက်နှာပျက်သွားသည်။

ပန်သစ္စာတို့က မော်လမြိုင်ဇာတိဖြစ်ပြီး မော်လမြိုင်တက္ကသိုလ်မှ အင်္ဂလိပ်စာအဓိကဖြင့် ဘွဲ့ရခဲ့ပြီး ဖြစ်သည်။

ငွေကြေးချမ်းသာကြွယ်ဝသူများ ဖြစ်သောကြောင့် ပန်သစ္စာ၏ မိဘများက သူမအတွက် မြေနှင့်တိုက်ကလေးတစ်ဆောင်ကို ရန်ကုန်တွင် ဝယ်ထားစေခဲ့သည်။

လွန်ခဲ့သည့် ခြောက်လခန့်က ထိုမြေနှင့် တိုက်ကလေးကို F.M.I City ပဒေသာပင်မြို့တော်တွင် ဝယ်ယူခဲ့ကြပြီး သူမတို့





မိသားစု မနေဖြစ်ခဲ့ကြပေ။

သူမ၏ အချစ်ဆုံး သူငယ်ချင်း လင်းလင်းကျော်ကို မြေနှင့် အိမ်သော့အပ်ထားခဲ့၏။

ယနေ့ သူမ မော်လမြိုင်မှ ရောက်လာမည့် အကြောင်းကို မနေ့ညက လင်းလင်းကျော်ထံ ဖုန်းဆက်ခဲ့သည်။

သူမကို လင်းလင်းကျော်က ဘူတာရုံတွင် လာရောက်ကြိုဆိုခဲ့ပြီး F.M.I City ပိတောက်ဝါ (၃) လမ်းရှိ တိုက်နှင့်မြေကလေးဆီသို့ ရောက်လာခဲ့ကြခြင်းရယ်ပါ။

ရောက်ရောက်ချင်း ဆောက်နှင့်ထွင်းဆိုသလို သူမစိတ်ပျက်နေမိသည်။

သူမတို့ မိသားစု လုံးဝမနေကြရသေးသည့် အသစ်စက်စက် လုံးချင်းနှစ်ထပ်တိုက်ကလေးပေါ်တွင် သူစိမ်းယောကျ်ားတစ်ဦးရောက်နေသည့်အဖြစ်အတွက် စိတ်ထဲမှာ အတော်ပင် နိုးလိုးခုလုဖြစ်နေမိသည်မဟုတ်ပါလား ...

''ဆောရီးပဲနော် ... သူငယ်ချင်း၊ ကိုယ့်အစ်ကိုကမင်းရဲ့အိမ်မှာအလကားမနေပါဘူး။ တိုက်ထဲမှာ ကျောက်ပြားလှလှလေးတွေ ခင်းပေးထားတယ်။ မြေထဲမှာလဲ ဂျပန်မြက်တွေ စိုက်ထားပေးတယ်လေ၊ ကြည့်ပါလား''

သူမစိတ်ဆိုးမည်စိုးရိမ်သောကြောင့် လင်းလင်းက တတွတ်တွတ် ရှင်းပြနေလေသည်။

"အိမ်ပေါ်ကို လှည်းတင်သွားမယ့်ကိစ္စ ပန်ပန့်ကိုတော့ ကြိုတင်ပြောထားသင့်ပါတယ်"

"ပန်ပန်ရုတ်တရက်ရောက်လာမယ်ဆိုတာ မထင်မိလို့ပါကွယ်၊ သုံးလေးရက်သာ ကြိုသိရင် အစ်ကို့ကို တခြားပြောင်းဖို့ စီစဉ်ထားပါတယ်"

ပန်သစ္စာသက်ပြင်းရှိုက်နေမိ၏။

တကယ်ဆိုလျှင် တစ်လတစ်ကြိမ်အိမ်ရှင်းလင်းပေးရန် စိတ်ချယုံကြည်စွာဖြင့် လင်းလင်းတို့ကို သော့အပ်ထားခဲ့မိခြင်းပါ။

ခုတော့ မိမိတို့နောက်ကွယ်တွင် လင်းလင်းက သူမ စိတ်ထင်တိုင်းပြုမူနေသည် မဟုတ်ပါလား ...

လူယုံသတ်မှ သေဆိုတာ ဒီလိုမျိုးပဲထင်ပါရဲ့ ...

သူမ တိတ်တဆိတ်တွေးနေမိသည်။

လင်းလင်းကခြံဝရှိ လူခေါ်ခေါင်းလောင်းလေးကို နှိပ်လိုက်သည်။ သို့သော် တစ်ယောက်မျှထွက်လာတာ မတွေ့ရပေ။





"ဒုက္ခပါပဲ အစ်ကို အပြင်သွားတယ်ထင်တယ်"

လင်းလင်းက မှုန်တည်တည် ဖြစ်နေသည့် ပန်သစ္စာကို အားတုံ့အားနာကြည့်ရင်း ပြောလိုက်သည်။

အကြိမ်ကြိမ်ခေါ်သော်လည်း တစ်တိုက်လုံး တိတ်ဆိတ်နေသောကြောင့် ပန်သစ္စာသက်ပြင်းရှိုက်နေမိ၏။

"လူမရှိဘူးထင်တယ် ပန်သစ္စာ"

"ဘယ်လိုလုပ်ကြမလဲ လင်းလင်း၊ ကျွန်မမော်လမြိုင်က ထွက်လာတာ ကျွန်မအတွက်သီးသန့်ဝယ်ထားတဲ့ ဒီတိုက်ကလေးမှာနေဖို့ပဲ၊ ခုတော့ ကျွန်မဘယ်လိုလုပ်ရမှန်းတောင် မသိတော့ဘူး"

"မစိုးရိမ်ပါနဲ့ ပန်ပန်ရယ်၊ ဒီတစ်ညလင်းနဲ့အတူ လင်းတို့အိမ်ကို လိုက်ခဲ့ပေါ့၊ ခါတိုင်းလဲ ပန်ပန်ရန်ကုန်လာရင် လင်းတို့အိမ်မှာပဲ တည်းတယ်မဟုတ်လား"

"ကျွန်မ သိပ်စိတ်ညစ်တာပဲ"

သူမ စိတ်ပျက်လက်ပျက် ပြောလိုက်မိသည်။

"အိမ်ဆိုတာ ပစ်ထားတာကြာရင် မကောင်းဘူးလေ၊ ဒါကြောင့် လင်းတို့ဆွေမျိုးထဲက အစ်ကိုဝမ်းကွဲတစ်ယောက်ကို ခဏတင်ထားတာပါ၊ သူ့ချမြာအလိုက်သိတတ်ပါတယ်၊

ခုဆိုရင် ကြည့်စမ်း ပန်ပန်ရဲ့ခြံလေးထဲမှာ ဂျပန်မြက်ခင်းလေး ကစိမ်ပြီး ပန်းကလေးတွေကလဲ ပွင့်နေတယ်၊ မြင်ရတာ စိတ်ကြည်နူးစရာမကောင်းဘူးလား''

သူမ စိတ်မဆိုးစေရန် လင်းလင်းက အမျိုးမျိုးပြောဆို နေလေသည်။

''မီးခွန်တို့၊ တယ်လီဖုန်းခွန်တို့ သူပဲ ဆောင်ပေးနေတာလေ၊ သူမရှိရင် လင်းလင်းပဲဆောင်ရမှာ''

''ကဲ ... ဒါတွေထားပါတော့၊ လောလောဆယ် သူပြန်မလာမချင်း ကျွန်မကရပ်ပြီး စောင့်နေရမှာလား''

''ရှင် ခြေညောင်းနေရင် မြို့တော် City Mart ထဲ လျှောက်ကြည့်ရအောင်လေ၊ ဗိုက်ဆာနေရင် ရွှေပဒေသာ စားသောက်ဆိုင်မှာ စားကြမယ်''

လင်းလင်းက သူမလက်ကိုဆွဲပြီး ရွှေပဒေသာ စားသောက်ဆိုင်ရှိရာသို့ ခေါ်လာခဲ့၏။ ထိုဆိုင်လေးတွင် စားသောက်ဖွယ်ရာများ မှာစားကြပြီးနောက် မြို့တော် City Mart ထဲ ဝင်ပြီးလှည့်လည်ကြည့်ရှုကာ အအေးဘူးများ ဝယ်ပြီး ပြန်ထွက်လာကြသည်။





သူမတို့နှစ်ယောက်တိုက်ကလေးရှိရာသို့ ပြန်ရောက်လာခဲ့ကြသည်။

သို့သော် ထိုလူက ပြန်ရောက်မလာသေးပေ။

''ဘယ်လိုလဲ လင်းလင်း၊ မင်းရဲ့အစ်ကိုက အပြင်သွားတာကြာလိုက်တာ''

သူမ ညည်းညူလိုက်မိသည်၊ သည်လူ့ကို စောင့်နေရတာ တကယ်ပဲ စိတ်မရှည်ချင်စရာပါလား ...

''လင်းတို့ ပြန်ကြရအောင်နော် ပန်ပန်၊ မနက်ဖြန် မနက်စောစောမှ လာကြတာပေါ့၊ ဒီည သူ့ဆီ ဖုန်းဆက်ပြီး ရွှေ့ဆိုင်းထားလိုက်မယ်''

ပန်သစ္စာ စိတ်မပါဘဲ လင်းလင်းခေါ်ဆောင်ရာနောက်သို့ ပြန်ပါလာခဲ့သည်။

ထိုနေ့ညက လင်းလင်းတို့အိမ်မှာပင် ပန်သစ္စာတည်းခဲ့ရသည်။

လင်းလင်း၏အစ်ကို ဝမ်းကွဲထံသို့ အခါခါဖုန်းဆက်ခဲ့သော်လည်း ဖုန်းပြန်မကိုင်ခဲ့ပေ။

''အစ်ကိုကလဲ ခက်လိုက်တာ၊ ဘယ်တွေလျှောက်သွားနေမှန်းမသိဘူး''

လင်းလင်း စိတ်ပျက်လက်ပျက် ညည်းနေညူနေသည်။

ပန်သစ္စာရင်ထဲတွင် ထိုလူ့အပေါ် မကျေမနပ်စိတ်က အစိုင်အခဲကြီးမားနေတော့၏။

□•□





## အခန်း (၂)

နောက်တစ်နေ့နံနက်တွင် လင်းလင်းဖျားနေသောကြောင့် သူမတစ်ယောက်တည်း F.M.I City သို့ ထွက်လာခဲ့သည်။

မနေ့ကလိုပင် 'ကက' ကားငှားစီးလာခြင်းပါ။

ပိတောက်ဝါ (၃) လမ်းထဲရှိ တိုက်ကလေးရှေ့ရောက်တော့ 'ကက' ကားကို ရပ်စေပြီး ကားပေါ်မှ ဆင်းလိုက်သည်။

ပြီးတော့ ကားခရှင်းပေးလိုက်သည်။

တိုက်ကလေးရှေ့တွင် သူမရပ်ပြီး ဘဲလ်နှိပ်လိုက်သည်။

သို့သော် တစ်ယောက်မှထွက်မလာသောကြောင့် သူမ စိတ်မောသွားရသည်။

''ဗျို့ ... အိမ်ရှင်ရှိသလား''

သူမ အသံကိုမြှင့်ခေါ်နေသော်လည်း လူသူအရိပ်အယောင်ကို မမြင်ရပေ။

ခေါ်၍ မရသောကြောင့် ရပ်နေမိသည်။

ဒီလူကလည်း တစ်နေ့မှ အိမ်မကပ်ဘူးထင်တယ် ...

သူမ စိတ်ပျက်လက်ပျက် တွေးနေမိသည်။

ထိုစဉ် ဂစ်တာသံသဲ့သဲ့ ကြားလိုက်ရ၏။

ဂစ်တာသံကြောင့် တိုက်ထဲတွင် လူတစ်ယောက်ရှိနေမှန်း နားလည်လိုက်ရသည်။

သူမ ဘဲလ်ကို ထပ်နှိပ်လိုက်မိသည်။

ဒီတစ်ခါတော့ တိုက်ကလေးထဲမှ လူတစ်ယောက်ထွက်လာတာကို တွေ့လိုက်ရသည်။





ထိုလူက ဆံပင်ကို ခပ်ရှည်ရှည်ညှပ်ထားပြီး စပို့ရှပ်အညိုရောင်ကို အပြာရောင် ပုဆိုးဖြင့် တွဲဝတ်ထားသည်။

''ဒီမှာ ရှင့် ... ဒီမှာ''

သူ့ကို မြင်တော့ ပန်သစ္စာလှမ်းခေါ်လိုက်၏။

သူက အိမ်ထဲမှ ထွက်လာပြီး ...

''ခင်ဗျား ဘယ်သူလဲ ... ဘာကိစ္စရှိလို့လဲ'' ဟု မှုန်တည်တည်မျက်နှာထားဖြင့် မေးလိုက်သည်။

''ကျွန်မ ဘယ်သူဆိုတာ ရှင်ကြိုတင်ပြီး သိထားဖို့ကောင်းတယ်''

''ကျုပ်က ဘာကိစ္စကြိုတင်သိထားရမှာလဲ''

''အရှင်းဆုံးပြောရရင် ဒီတိုက်နဲ့ ဒီခြံကို ပိုင်တဲ့အရှင်သခင်ပဲ ရှင့်လို အိမ်ရှင်ဆီခွင့်မပန်ဘဲ သူများအိမ်ထဲရောက်နေတဲ့သူ မဟုတ်ဘူး''

သူမ စကားကြောင့် သူအတော်အံ့သြသွားသည်။

''ဒီတိုက်နဲ့ ခြံကို ပိုင်တဲ့ပိုင်ရှင်ဟုတ်လား''

''ဟုတ်တယ်''

''တကယ်ပဲလား''

''ရှင်လူစကားနားမလည်ဘူးလား၊ တံခါးဖွင့်စမ်းပါ၊ ကျွန်မတိုက်ထဲ ကျွန်မ ဝင်မလို့''

သူက လေးလေးနက်နက်စဉ်းစားနေသည်။ ပြီးတော့ ခြံတံခါးဖွင့်ပေးလိုက်၏။

''ညှော်ခန်းထဲ ဝင်ထိုင်ပါဦး''

''ရှင်မပြောလဲ ကျွန်မအိမ်ထဲဝင်ထိုင်မှာပဲ''

''ခင်ဗျားစကားပြောပုံက မောက်မာလွန်းတယ်၊ တစ်ယောက်တည်းရောက်လာပြီး လာစွာမနေနဲ့''

သူ အမြင်ကတ်သလိုပြောလိုက်သည်။

''ရှင်ကျွန်မကို ခြိမ်းခြောက်နေတာလား''

''ခြိမ်းခြောက်နေတာမဟုတ်ဘူး၊ ခင်ဗျားပုံစံက မောက်မောက်မာမာဖြစ်နေလွန်းလို့ပြောရတာ''

''ကဲ ... ပြော၊ ကျွန်တော်ဘာကူညီရမလဲ''

''ဘာမှ ကူညီစရာမလိုဘူး၊ ကိုယ့်အိမ်ကိုယ်လာတာ၊ စိတ်အနှောင့်အယှက်ဖြစ်ရတယ်''

သူက ပန်းသစ္စာကို ခြေဆုံးခေါင်းဆုံးအကဲခတ်ကြည့်နေသည်။





ပြီးတော့ ပြောလိုက်၏။

''ခင်ဗျား ဘယ်ကနေဘယ်လိုရောက်လာတာလဲ၊ ကျွန်တော်သိပ်နားမလည်ဘူး''

''နားမလည်ဘူးဟုတ်လား၊ နားလည်သွားအောင် ရှင့်နားကို ဆွဲလှည့်လိုက်ရမလား''

ဒေါသကြီးသော သူမကို ကြည့်ပြီး သူ ပခုံးတွန့်လိုက်သည်။

''ခင်ဗျား ဘယ်သူလဲဆိုတာ ကျုပ်မသိဘူး၊ ခင်ဗျားက အိမ်ပိုင်ရှင်လို့ လာပြောတိုင်း ကျုပ်က ယုံရမှာလား''

''ရှင်သာ လူလိမ်လူညာ၊ ကျွန်မက အိမ်ပိုင်ရှင်အစစ်၊ နားလည်လား၊ မယုံရင် Estate နဲ့ Marketing ကို သွားမေးကြည့်ပေါ့''

သူက အသေအချာပြောနေသောကြောင့် သူတွေဝေစဉ်းစားနေသည်။

''ဒီအိမ်ကို ကျုပ်ငှားထားတာ တစ်လကို ခုနစ်သောင်းနဲ့''

"ဘာ"

သူ့စကားကြောင့် ပန်သစွာအံ့ဩတုန်လှုပ်သွားမိသည်။

"ရှင်ပြောနေတာ တကယ်လား၊ အမှန် ဟုတ်မဟုတ် လင်းလင်းကို မေးကြည့်ရမယ်"

သူမ စကားကြောင့် သူ့မျက်ဝန်းတွေ တောက်ပြောင်သွားပြီး ...

"အဲ ... ဟုတ်တယ်၊ အဲဒီလင်းလင်းဆိုတဲ့ မိန်းကလေး ဒီတိုက်ကလေးကို ငှားခဲ့တာ၊ သူပြောတော့ ဒါသူပိုင်တဲ့ တိုက်ဆို"

"ဒါ ကျွန်မရဲ့ ခြံနဲ့တိုက်၊ ပိုင်ရှင်ကို သေချာမစုံစမ်းဘဲ ရှင်က ဘာကြောင့် ငှားရတာလဲ"

"လင်းလင်းက ကျွန်တော့်သူငယ်ချင်းရဲ့ညီမပဲ၊ တော်တော်ရင်းနှီးကြတယ်၊ ဒါကြောင့်မို့ လင်းလင်းပြောတဲ့စကားကို ယုံခဲ့မိတာပါ၊ ခင်ဗျား ဒီကို လင်းလင်းနဲ့အတူလာဖို့ ကောင်းတယ်"

"ရှင်ပြောပုံက ဒီအိမ်ကနေ ဆင်းမသွားနိုင်ဘူးဆိုတဲ့ သဘောလား"





သူမ စိတ်မရှည်နိုင်တော့သလို လေသံတင်းတင်းဖြင့် မေးလိုက်မိ၏။

"ဒီလိုလဲ မဟုတ်ပါဘူး၊ ခင်ဗျားသာဒီတိုက်ပိုင်ရှင် အမှန်ဆိုရင် ညွှသည့်ဖြစ်တဲ့ကျွန်တော်က ဖယ်ရမှာပေါ့"

"လင်းလင်းဆီ ကျွန်မအခုပဲ ဖုန်းဆက်လိုက်မယ်၊ သူရောက်လာတဲ့ ရှင်ထွက်သွားပေးပါ ဒါပဲ"

"ကောင်းပါပြီဗျာ၊ ဒါပေမယ့် ကျွန်တော်တင်ထားတဲ့ အိမ်လခက တစ်လခုနှစ်သောင်းဆိုတော့ တစ်နှစ်စာ ရှစ်သိန်းလေးသောင်းတောင် ပေးခဲ့ရတယ်၊ အဲဒီငွေတွေပြန်ရမှ ဖြစ်မယ်"

သူ့စကားကြောင့် သူမ မျက်လုံးပြူးသွားမိပြီး၊ ရင်ဘတ်ကို လက်ဖြင့် ဖိထားမိသည်။

"အမလေးလေး ဒီလောက်များတဲ့ငွေတွေ လင်းလင်း ဘာလုပ်တာပါလိမ့်"

"ကျွန်တော်က လင်းလင်းကို တိုက်ပိုင်ရှင်အစစ်လို့ ထင်ခဲ့မိတယ်၊ လင်းလင်းရဲ့ဝတ်ပုံစားပုံနဲ့ ပြောပုံဆိုပုံကို

ကြည့်ရင် ဒီလိုလုပ်လိမ့်မယ်လို့ မထင်ရဘူးဗျာ''

''လင်းလင်းပြောတော့ ရှင်ဟာ သူ့အစ်ကိုဝမ်းကွဲတဲ့၊ အိမ်စောင့်ဖော်ရပါစေဆိုပြီး ရှင့်ကို အခကြေးငွေမယူဘဲ တမင်သက်သက် ခေါ်တင်ထားတာလို့ပြောတယ်''

သူမစကားကြောင့် သူ့မျက်နှာတစ်ခုလုံး နီးမြန်းသွားပြီး ရှုံ့ရှုံ့ရှားရှား ဖြစ်သွားသည်။

''ဒီမှာ ... မျက်နှာကို သေချာကြည့်ထား၊ သူများအိမ်ပေါ်ကို ရှုပ်ရှုပ်ယှက်ယှက်နဲ့ အလကားတက်နေမယ့် ကောင်စားမျိုးမဟုတ်ဘူး၊ အမေရေ ... အမေရဲ့ တစ်လ ခုနှစ်သောင်းအကုန်ခံပြီး အိမ်ငှားနေကာမှ ပြဿနာတွေက ရှုပ်ထွေးလိုက်တာ၊ အိမ်ရှင်က လာနှင်ချတဲ့အထိ ဖြစ်နေပြီ အမေရေ''

သူ့ ညည်းသံကြောင့် သူမအံ့သြနားမလည်ဖြစ်သွားပြီး အူကြောင်ကြောင်မျက်နှာဖြင့် ...

''ရှင့်အမေက အခန်းထဲမှာရှိနေလို့လား၊ ခေါ်ထုတ်လိုက်လေ'' ဟု ပြောလိုက်မိသည်။





''ဘယ်က ရှိရမှာလဲ၊ ကျုပ်အမေက သေတာကြာပြီဗျ၊ အမေ့ကို တမ်းတပြီး ပြောနေတာ နားမလည်ဘူးလား''

''သိဘူးလေ ... ရှင့်အသံညောင်နာနာကြီးနဲ့ အမေခေါ်နေတော့လဲ အိမ်ထဲမှာ ရှင့်အမေရှိနေတယ်လို့ ထင်မိတာပေါ့''

စကားဆုံးသည်နှင့် သူမတယ်လီဖုန်းနားလျှောက်သွားပြီး ဖုန်းကို နှိပ်လိုက်သည်။

''ဟယ်လို ... လင်းလင်းရှိပါသလား''

''လင်းလင်း မရှိဘူးသမီး၊ အပြင်ထွက်သွားတယ်''

တစ်ဖက်မှ လင်းလင်းမိခင်၏ ပြန်ဖြေသံကို ကြားရသည်။

''လင်းလင်း ဘယ်သွားလဲအန်တီ''

''အပြင်ထွက်သွားတာပဲ''

F.M.I ကို လာဖို့လင်းလင်းပြန်လာရင် ပြောပေးပါအန်တီ၊ ဒီမှာ ပြဿနာအကြီးအကျယ်တက်နေတယ်''

''ကောင်းပြီ ... ပန်ပန်၊ အန်တီပြောလိုက်ပါ့မယ်''

သူမ စိတ်ပျက်လက်ပျက် အမူအရာဖြင့် ဖုန်းချလိုက်သည်။

ပြီးတော့ ထိုလူ့ကို မျက်နှာထားဖြင့် ကြည့်လိုက်သည်။

"မလင်းလင်းလာမယ်တဲ့လား"

"မလာဘူး၊ အပြင်သွားတယ်လို့ ပြောတာပဲ"

"ဒုက္ခပါပဲဗျာ၊ မလင်းလင်းက ဘာကြောင့်များ ကျွန်တော့်ကို လိမ်ညာပြီး အိမ်ငှားခဲ့တာပါလိမ့်"

"ရှင်နဲ့လို့ဖြစ်မှာပေါ့၊ အိမ်ရှင်အစစ်လား၊ အတုလား တောင်ခွဲခြားပြီး မသိဘူးလား"

"မသိလို့ ခံလိုက်ရတာပေါ့ဗျာ"

"ကျွန်မလည်း သူငယ်ချင်းအရင်းခေါက်ခေါက်ကြီးမို့ လင်းလင်းကို ယုံစားမိခဲ့တယ်၊ ဒီလောက်ထိ ကလိမ်ကျမယ် မထင်ခဲ့မိဘူး၊ အဲ့ဩစရာကောင်းတာတစ်ခုက မနေ့ညနေက ကျွန်မနဲ့အတူ လင်းလင်း ဒီကိုပါလာခဲ့တယ်"

"ဟုတ်လား . . . မနေ့က သုံးယောက်လုံးမျက်နှာချင်းဆိုင် တွေ့ကြရရင် သိပ်ကောင်းမှာပဲဗျာ"





"ဘို့နှစ်ဦး ငုတ်တုတ်ထိုင်ပြီး လင်းလင်းကို စောင့်မျှော်နေဟုတ်သော်လည်း နေ့တစ်ဝက်အချိန်ကုန်သွားသည်အထိ လင်းလင်းရောက် ပေါ်မလာခဲ့ပေ။

"ကျွန်မတော့ စိတ်ညစ်လာပြီ၊ လင်းလင်းရောက်လာတော့မယ်မထင်ဘူး၊ မနက်က သူဖျားနေတယ်ဆိုပြီး၊ တမင်အကြောင်းပြတာဖြစ်ရမယ်၊ ကျွန်မ မစောင့်နိုင်တော့ဘူး ပြန်တော့မယ်"

သူက စိတ်မကောင်းဖြစ်သွားသည့် အမူအရာဖြင့်

"ခင်ဗျား တိုက်ကလေးထဲ ခင်ဗျားဝင်ကြည့်ချင်တယ်ဆို၊ ကျွန်ုပ်တော်သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်နဲ့ တိုက်ကလေးကို ပြုပြင်ထားတာ ကြည့်ပါဦးလား"

သူက စေတနာဖြင့် ပြောလိုက်တာဖြစ်သော်လည်း သူမ သဘောမတွေ့လှဘဲ ခပ်မဲ့မဲ့ ပြုံးလိုက်သည်။

"ရှင့် ဒီအိမ်က ဆင်းသွားတဲ့နေ့မှပဲ ကြည့်တော့မယ်"

"ခက်တာပဲဗျာ၊ ကျွန်တော်က အိမ်စပေါ်တွေပြန်မရဘဲ ဆင်းသွားရမှာလဲအခက်၊ ဆက်နေရမှာလဲ အခက်၊

ကျွန်တော်ဘယ်လိုလုပ်ရင် ကောင်းမှာပါလိမ့်''ညီလိုက်

''ရှင့်ကို ကျွန်မ သုံးရက်အချိန်ပေးမယ်၊ ရှင်း ငြ Estate ကို အကြောင်းကြားပြီး တိုင်ရမှာပဲ'' သည်

သူမ စကားကြောင့် သူ မထိတရီ ပြုံးလိုက်သည်။ ပြီးတော့ပြောသည်။

''ကြောက်ပါတယ်ဗျာ၊ ဒီလောက်လဲခြိမ်းခြောက် မနေပါနဲ့''

သူက ဘာမှ ဆက်မပြောတော့ဘဲ လက်ကိုင်အိတ်ကို ချိုင်းကြားညှပ်ပြီး တိုက်ထဲမှ ထွက်လာခဲ့သည်။

သူကသူမနောက်မှ ဖျာဖျာသလဲ အမူအရာဖြင့် လိုက်လာခဲ့ပြီး ...

''ပြန်တော့ မလို့လား၊ ခဏနော် ... ခဏ''

''ဘာပြောမလို့လဲ''

''ခင်ဗျားနာမည်ပြောခဲ့ပါဦး။ ဒီအိမ်ရှင်ဘယ်သူ ဘယ်ဝါ လဲဆိုတာ ကျွန်တော်သိထားမှ လင်းလင်းရောက်လာရင် ပြန်ပြောလို့ ဖြစ်မှာပေါ့''





''ရှင့် မိန်းမလင်းလင်းက ဘယ်တော့မှလာတော့မှာ မဟုတ်ဘူး။ ရှင်မျှော်နေရင်လည်း အပိုပဲ ဖြစ်နေလိမ့်မယ်၊ သူ ရှောင်သွားပြီဆိုတာ ကျွန်မနားလည်တယ်''

''ဒါဖြင့် ပြဿနာကို ဘယ်လိုရှင်းကြမလဲဗျာ''

''ပြဿနာက ရှင့်အပေါ်မှာ မူတည်ပါတယ်၊ ရှင် သဘောထားကြီးကြီးနဲ့ ဒီအိမ်ပေါ်က ဆင်းပေးလိုက်ရင် ပြီးတာပဲ မဟုတ်လား''

သူ သက်ပြင်းရှိုက်လိုက်ပြီး ...

''စပေါ်ကီစွကကော ဘယ်လိုလုပ်မလဲ'' ဟုမေးသည်။

''လင်းလင်းဆီမှာ ပြန်တောင်းပေါ့''

''ခင်ဗျားသူငယ်ချင်းလိမ်တဲ့ကိစ္စပဲ၊ ခင်ဗျားပဲ စိုက် လျှော်လိုက်ပေါ့''

''သူများ လိမ်တဲ့ပိုက်ဆံကို ကျွန်မ ကြားက စိုက်လျှော် ရလောက်အောင် ငွေပိုငွေလျှံမရှိဘူး။ ရှိ ရင်လဲ ဘယ်တော့မှ မလျှော်ဘူး။ စိတ်ချ''

စကားဆုံးသည်နှင့် သူမချာခနဲလှည့်ထွက်လာခဲ့သည်။

"နေပါဦး ... ခင်ဗျားဘာနဲ့ပြန်မှာလဲ၊ ကျွန်တော့်မှာကားရှိတယ်လေ၊ ကျွန်တော်လိုက်ပို့ပေးမယ်"

သူက ခြံပြင်မှာရပ်ထားသည့် ပတ်ပလစ်ကာ အဖြူရောင်လေးကို မေးငေါ့ပြီး ပြောလိုက်သည်။

"မလိုပါဘူးရှင့်၊ ကျွန်မဘာသာပြန်မယ်"

"ညနေကျရင်ကျွန်တော့်ဆီ ဖုန်းဆက်ပါလား၊ အကျိုးအကြောင်းသိရအောင်ပေါ့"

"ရှင် ဖုန်းဆက်ပေါ့ ... လင်းလင်းတို့ ဖုန်းနံပါတ်ရှင့်မှာ ရှိမှာပါ"

"အိုကေ"

သူမျက်စိမျက်နှာမကောင်းစွာဖြင့် ကျန်ရစ်ခဲ့လေသည်။

သူမ စိတ်ရှုပ်ထွေးစွာဖြင့် တစ်ယောက်တည်း ပြန်လာခဲ့လေသည်။

□◆□





## အခန်း (၃)

သူမ လင်းလင်းတို့အိမ်သို့ ပြန်ရောက်လာသည့်အချိန်တွင် လင်းလင်းကို မတွေ့ရပေ။

"လင်းလင်း ပြန်မလာသေးဘူးလား အန်တီ"

လင်းလင်းမိခင်က စာတစ်စောင်ကို သူမအား ပေးလိုက်၏။

"လင်းလင်း ဒီကနေ့ပဲ ပုသိမ်သွားတယ်၊ မီတဲ့ကားနဲ့လိုက်သွားတာ၊ ခုနက ပြန်ရောက်လာပြီး ဒီစာကို ပန်ပန့်အတွက် ပေးခဲ့တာပဲ"

ပန်သစ္စာ လင်းလင်းစာကို ဖတ်ကြည့်လိုက်၏။

သူငယ်ချင်း ပန်သစ္စာ

ဒီစာကို ဖတ်နေတဲ့အချိန်မှာ ရှင့်ကို ရင်မဆိုင်ချင်လို့ လင်းလင်း ထွက်သွားပြီ၊ အဒေါ်ဝမ်းကွဲတစ်ယောက်ဆီက စိန်လော့ကက်တစ်ခုငှားဝတ်ပြီး ကျပျောက်သွားခဲ့တယ်၊ ပြန်မလျော်နိုင်တဲ့အတွက် လင်းလင်းအလုပ်လုပ်တဲ့ ကုမ္ပဏီကိုလာပြီး အဒေါ်က နေ့စဉ်ရက်ဆက်အရှက်ခွဲ ကြိမ်းမောင်းခဲ့တယ်လေ၊ ဒါကြောင့် လင်းလင်းလဲ သူငယ်ချင်းရဲ့ တိုက်ကလေးကို တစ်ဖက်လှည့်ပြီး ငှားခဲ့မိတယ်၊ မနေ့က ရှင်တို့ နှစ်ယောက် စလုံးရှေ့မှာ အမှန်ကို ဖွင့်ပြောပြီး ဖြေရှင်းမလို့ပါပဲ၊ ဒါပေမယ့် တွေးလေ ပြဿနာက ရှုပ်ထွေးလေပဲမို့ လင်းလင်းမဖြေရှင်း နိုင်တော့ဘူး၊ ဒီငွေကို ပြန်လျော်နိုင်အောင် ပုသိမ်က ဘကြီး လင်မယားဆီမှာ ငွေသွားချေးဖို့ ဆုံးဖြတ်ပြီး ထွက်သွားပြီ၊ လင်းကို ခွင့်လွှတ်ပါ သူငယ်ချင်းရယ်

လင်းလင်း

စာဖတ်ပြီး ပန်သစ္စာ သက်ပြင်းရှိုက်နေမိသည်။





သူမ၏ အိမ်ကလေးကို စိတ်ချယုံကြည်ရသည့် သူငယ်ချင်းလက်ထဲ အပ်ထားကာမှ သူငယ်ချင်းက ရှုပ်ထွေးလှသည့် သူ့ပြဿနာထဲ ဆွဲသွင်းခဲ့တာခံလိုက်ရသည် မဟုတ်ပါလား ...

''ကျွန်မ ဒီမှာ မတည်းတော့ဘူး ပြန်တော့မယ်''

''ဘယ်ကို ပြန်မှာလဲ ပန်ပန်၊ ညနေစာစားပြီးမှ ပြန်ပါလားကွယ်''

လင်းလင်းမိခင် ဒေါ်ချောတင်က တားနေသောကြောင့် သူမ အားနာသွားမိသည်။

မော်လမြိုင်မှ ရန်ကုန်သို့ ရောက်လာတိုင်း ဤအိမ်မှာပင် တည်းခိုခဲ့ပြီး ဒေါ်ချောတင်၏ ဂရုတစိုက်ဖော်ရွေသော ညှို့ဝတ်ပြုမှုများကြောင့် စိတ်ချမ်းသာမှု ရရှိခဲ့သည်။

မငြိမ်မငြင်ချက်ကျွေးတတ်သည့် ဒေါ်ချောတင်၏ လက်ရာဟင်းကောင်းများက အရသာရှိလှသည်။

''ခဏကြာရင် အဒေါ်ထမင်းပွဲပြင်ပေးမယ်၊ ရေမိုးချိုးလိုက်ပါလား၊ ပန်ပန်၊ ရေချိုးပြီး ညနေစာစားကြတာပေါ့''

ဒေါ်ချောတင်ကို အားနာသဖြင့် ရုတ်တရက်ထပြန်ရန် မဖြစ်နိုင်တော့ပေ။

သူမရေမိုးချိုးပြီး ညနေစာစားရန် ထမင်းစားခန်းရှိရာသို့ ဝင်လာခဲ့သည်။

ညနေစာ စားကြရင်း ဒေါ်ချောတင်က မေးသည်။

''ပန်ပန် ဘယ်သွားမလို့လဲ''

''အဒေါ်ဝမ်းကွဲတစ်ယောက်ဆီသွားပြီး မောင်ဝမ်းကွဲလေးကို အဖော်ခေါ်မလားလို့ပါ၊ ပြီးတော့ ပန်ပန် တိုက်ကလေးရှိတဲ့ ဆီမှာသွားနေမယ်''

ဒေါ်ချောတင်မျက်စိမျက်နှာမကောင်းဘဲ နားထောင်နေသည်။

ပြီးတော့ ဘာမှဆက်၍မမေးပေ။

ထိုစဉ် တယ်လီဖုန်းသံကို ကြားလိုက်ရ၏။

''မလင်းလင်းရှိသလားလို့ မေးနေတယ် မေမေ၊ မလင်းလင်းမရှိရင် မလင်းလင်းရဲ့သူငယ်ချင်းကို ခေါ်ပေးပါတဲ့''

ပန်သစ္စာ ထမင်းစားနေရာမှ ထလာခဲ့သည်။





ဖုန်းခွက်နားရောက်တော့ ဖုန်းခွက်ကို ကောက်ကိုင်ပြီး နားမှာ ကပ်လိုက်သည်။

''ဟယ်လို''

''ကျွန်တော် ရင်ခွင်ဦးပါ''

သူ့နာမည်ကို ကြားလိုက်ရသောကြောင့် နှုတ်ခမ်းကို မဲ့ပစ်လိုက်မိ၏။

နာမည်ကလဲ အတော်စီးစီးပိုင်ပိုင်နိုင်တဲ့ နာမည်ပါလား

သူမ စိတ်တိုစွာ တွေးလိုက်မိသည်။

''မပန်သစ္စာ မဟုတ်လား၊ ကျွန်တော်အကျိုးအကြောင်း သိချင်လို့ ဖုန်းဆက်လိုက်တာ''

သူ့အသံက အလျင်စလိုနိုင်လှသည်။

''ရှင်က ကျွန်မနာမည်ကို သိနေတယ် ဟုတ်လား''

''ဟုတ်ကဲ့ သိနေပါပြီ၊ မပန်သစ္စာ ပြန်သွားတော့ ကျွန်တော် Marketing ရောက်ခဲ့တယ်၊ ခုမှပဲ အိမ်ရှင်နာမည်ကို မေးကြည့်မိတာယ်ဗျာ၊ အတော်နဲ့တဲ့ ကျွန်တော်ပဲ''

သူ့အသံက စိတ်မကောင်းဖြစ်နေမှုန်း သိသာနေသည်။

''ကျွန်တော်တို့ ဒီပြဿနာကို ဘယ်လိုဖြေရှင်းကြရင် ကောင်းမလဲ မသိဘူး၊ မလင်းလစ်င်းပြန်မလာသေးဘူးလား''

''လင်းလင်းလား ... ရှင့်ကို အမ်းဖို့ စပေါ်ငွေ ချေးမလို့ ပုသိမ်ကို ထွက်သွားပြီ''

''ဖြစ်မှဖြစ်ရလေဗျာ ... ပြဿနာတွေကလဲ''

''ဒီမှာ ရှင်သေသေချာချာ နားထောင်''

''ဟုတ်ကဲ့ ပြောပါ မပန်သစ္စာ''

''မနက်ဖြန်ကျရင် ကျွန်မတိုက်နဲ့ခြံကို ကျွန်မပြန်လာမယ်၊ ကျွန်မနဲ့အတူ ကျွန်မရဲ့မောင်ဝမ်းကွဲလေးတစ်ယောက်ကို ခေါ်လာခဲ့မယ်၊ ရှင်အလိုက်တသိဖယ်မပေးနိုင်ရင် အောက်ထပ်မှာပဲ နေခွင့်ပေးနိုင်မယ်''

''ဗျာ ... အောက်ထပ်မှာ ညှော်ခန်းနဲ့ မီးဖိုချောင်ပဲ ရှိတာ၊ ဘယ်လိုနေလို့ဖြစ်မှာလဲ''

''နားမလည်ဘူး၊ ရှင့်ပစ္စည်းတွေ အောက်ထပ်ကို မို ထားပါ ဒါပဲ''





''ခင်ဗျားကလဲ ရုပ်ရည်လေးသနားကမားနဲ့ အတော် မောက်မာတာပဲနော်''

''ရှင်ထင်ချင်သလို ထင်နိုင်တယ်၊ လိမ်လည်မှုနဲ့ အိမ် ပေါ်က ဆွဲမချတဲ့အတွက် ကျွန်မကို ကျေးဇူးတင်လိုက်ပါ ဒါပဲ''

စကားဆုံးသည်နှင့် သူမ ဖုန်းချလိုက်သည်။

□•□

## အခန်း (၄)

နောက်တစ်နေ့နံနက်တွင် သူမသည် မောင်ဝမ်းကွဲလေး တစ်ယောက်ကို ခေါ်ပြီး ပိုတောက်ဝါ (၃) လမ်းရှိ သူမပိုင် နှစ်ထပ်တိုက်လေးဆီသို့ ရောက်လာသည်။

သူမရောက်လာချိန်တွင် သူကထမင်းစားခန်းထဲတွင် နံနက်စာ ကော်ဖီနှင့်ပေါင်မုန့် စားသောက်လျက်ရှိ၏။

သူမတို့ မောင်နှမတိုက်ထဲ ဝင်လာတော့ သူက ပျာပျာ သလဲ ကြိုဆိုလိုက်သည်။

"ဩော် ... ရောက်လာကြပြီလား ... breakfast စားကြပါဦး"

ပန်သစ္စာက သူ့ကို မျက်နှာထားတင်းတင်းဖြင့် ကြည့်လိုက်ပြီး ခေါင်းခါယမ်းလိုက်သည်။

သူက မျက်နှာလို မျက်နှာရ အမူအရာဖြင့်

"ပေါင်မုန့် မီးကင် ထောပတ်သုတ်၊ ဘာဂါ၊ ဟော့ဒေါ့နှင့် half fried egg၊ ကော်ဖီ၊ မိုင်လို၊ အိုဗာတင်း ဘာသုံးဆောင်ချင်သလဲ အကုန်ရတယ်"

ကြီးကြီးကျယ်ကျယ် ပြောနေသည့် သူ့ကို အမြင်ကတ်သည့် အမူအရာဖြင့် သူမက ...

"လမ်းမှာ ဝယ်စားလာပြီးပြီ၊ ပဲနံပြားနဲ့ လက်ဖက်ရည် ထုပ် ပါဆယ်ဆွဲခိုင်းပြီး သောက်လာခဲ့တယ်"

"ဟုတ်လား ... ကျုပ်ကတော့ လမ်းဘေးဆိုင်တွေကအစားအစာမစားဘူး၊ သန့်သန့်ရှင်းရှင်း လတ်လတ်ဆတ်ဆတ် ကိုယ်တိုင်လုပ်ပြီးစားတာ"

"ဘူးယိုမနေနဲ့ ရှင်မနက်စာစားပြီးရင် ကျွန်မခိုင်းတာတွေလုပ်ပါ၊ ဒါပဲ"

သူက ဟော့ဒေါ့ကို ကမန်းကတန်းစားလိုက်ပြီး





ကော်ဖီတစ်ခွက်မော့ချလိုက်၏။

"စားပြီးပြီဗျာ၊ ကဲ ... ပြော၊ ဘာကူညီရမလဲ"

"ရှင့်ပစ္စည်းတွေ အောက်ထပ်ကို ပြောင်းထားပေးပါ"

သူမ စကားကြောင့် သူမျက်မှောင်ကုတ်သွားသည်၊ စိတ်ရှုပ်သွားသည့် အမူအရာဖြင့် ...

"အောက်ထပ်ကို ပြောင်းရမယ် ဟုတ်လား၊ အောက်ထပ်မှာ ခင်ဗျားမြင်တဲ့ အတိုင်းပဲ အခန်းတစ်ခန်းမှ မရှိဘူး၊ ထမင်းစားခန်းနဲ့ ဧည့်ခန်းက ဟာလာဟင်းလင်းကြီး ကျုပ်အဝတ်အစားတွေ ဘယ်လိုထားရမလဲ၊ ခက်တော့တာပဲ"

"အခုကော ရှင့်အဝတ်တွေ ဘယ်လိုထားသလဲ"

"နံရံကပ်ဗီရိုထဲမှာ ထည့်ထားတယ်"

"အဲဒီ ဗီရိုက ကျွန်မအတွက် သုံးရမယ်၊ ကျွန်မရဲ့ အဝတ်အစားတွေကို အဲဒီဗီရိုထဲ ထည့်ရမယ်၊ ဒီတော့ ရှင် အမြန်ဆုံး ဖယ်ပေးပါ"

"ဒီမှာ ... ခင်ဗျား ဒီလောက်ဗိုလ်မကျပါနဲ့၊ ကျုပ် အလကားနေတာ မဟုတ်ဘူး၊ ပိုက်ဆံပေးပြီးနေတာ"

"သူခိုးက လူဟစ်မနေနဲ့၊ ရှင်လုပ်ပုံက ဘုန်းကြီး အမူ

ရှာပတ်နေသလိုပဲ၊ ကျွန်မပြောတာ လက်မခံနိုင်ရင် အခု ဆင်းသွား''

''ကောင်းပါပြီဗျာ ... ခင်ဗျားက အိမ်ကြီးရှင် ဆိုတော့ လဲ အလျှော့ပေးရမှာပေါ့၊ ကျုပ်ပစ္စည်းတွေကို မျက်နှာချင်း ဆိုင် ဘုရားခန်းထဲ ရွှေ့ပြီး ထားလိုက်မယ်၊ ကျေနပ်ပြီလား''

''နိုး ... နိုး၊ မရဘူး၊ ကျွန်မက တိုက်အပေါ်ထပ် Master bedroom မှာနေမှာ၊ bath attached ဆိုတော့ ကျွန်မ အတွက် အဆင်ပြေတယ်၊ ရှင်က အောက်ထပ်က toilet ကို သုံးပေါ့''

''ကောင်းပါပြီ ... ကောင်းပါပြီ၊ toilet ကိစ္စကို ထားပါတော့၊ ကျုပ်ပစ္စည်းတွေ ဒီအောက်ထပ်မှာ ဖရိုဖရဲ ထားဖို့တော့ မဖြစ်နိုင်ဘူး၊ အပေါ်ထပ်မှာ အိပ်ခန်းသုံးခန်းပါ တာပဲ၊ တစ်ခန်းကိုတော့ ကျုပ်အတွက် နေခွင့်ပေး ပေါ့ဗျာ''

''ကျွန်မက အိမ်ပေါ်ထပ်မှာနေမှာ၊ ကျွန်မမောင်လေး က ကျွန်မရဲ့ဘေးခန်းမှာနေမယ်၊ ဒီတော့ ရှင်နဲ့နေ့တိုင်း မျက်နှာချင်းဆိုင်ပြီး ထွက်လိုက်ဝင်လိုက်လုပ်နေရမှာ လား ...''



''ခင်ဗျား ဒီလောက်တစ်ကိုယ်ကောင်းမဆန်နဲ့လေ၊ ကျုပ်က ခင်ဗျားကို စိတ်အနှောင့်အယှက် မပေးပါဘူး၊ ပြီးတော့ ခင်ဗျားမှာလဲ ခင်ဗျားရဲ့မောင်လေး ပါလာတာပဲ မဟုတ်လား''

''သူက ကလေးပဲ''

''ကလေးပဲ ဟုတ်လား၊ သူ့ဗလက ကျုပ်နဲ့တူတူ လောက်ရှိတယ်''

အသက်ဆယ့်ခုနစ်နှစ်သာ ရှိသေးသော်လည်း အရပ် မြင့်မား၍ ထွားကျိုင်းသော မောင်ဝမ်းကွဲလေး မိုးစည်ကို လှမ်းကြည့်၍ သူပြောလိုက်သည်။

''ကဲ ... အချိန်ဆွဲမနေနဲ့ ရှင့်ပစ္စည်းတွေ အောက်ထပ်ကိုရွှေ့''

''ကျုပ်ပစ္စည်းတွေ ခေါင်းရင်းဘက်က ဘုရားခန်းထဲ ရွှေ့လိုက်မယ်၊ ကျုပ်လဲ အဲဒီမှာ ပြောင်းနေမယ်၊ အိပ်ချိန် ကလွဲရင် ဟောဒီ ဧည့်ခန်းထဲမှာပဲ တစ်နေကုန်နေပါမယ်၊ ဒါ ကျုပ်အလိုက်လျောဆုံးပါပဲ၊ ဒီထက်ပိုပြီး မပြောနဲ့တော့''

''ဘုရားခန်းကို ရှင်က ရှင့်အတွက် သီးသန့်ယူလိုက်ရင် ကျွန်မက ဘယ်လိုလုပ်ပြီး ဘုရားရှိခိုးမလဲ''

"ဒါတော့ ခင်ဗျားတုတင်ခေါင်းရင်းမှာ ဘုရားစင်သေးသေးလေးတစ်ခုဝယ်ပြီး ထားလိုက်ပေါ့"

စကားဆုံးသည်နှင့် တိုက်အပေါ်ထပ်သို့ သူခြေလှမ်းကျဲကျဲဖြင့် တက်သွားသည်။

သူမ မကျေနပ်သော်လည်း ဒီထက်ပိုပြီး ပြောလို့ရမှာမဟုတ်ကြောင်းနားလည်နေမိသည်။

"မမ ..."

"ဘာလဲ မိုးစည်"

"ဒီလူကြည့်ရတာ ပြောတိုင်းဆိုတိုင်းရမယ့်ပုံစံမျိုးမဟုတ်ဘူး။ ဒီလိုလူမျိုးနဲ့ တစ်အိမ်တည်း ဘယ်လိုလုပ်ပြီးနေမလဲ"

မိုးစည် စိုးရိမ်ပူပန်သလို ပြောလိုက်၏။

"ဟဲ့ ... မနေလို့ ဖြစ်မလား ... ဒါက ငါ့အိမ်ပဲ၊ နေရမှာပေါ့"

လဆန်းဆို ကျွန်တော်က ကွန်ပြူတာသင်တန်းတက်ရမှာနော်၊ မမနဲ့ဒီလူနှစ်ယောက်တည်း ဘယ်လိုနေမလဲ"

သူမ နှာခေါင်းရှုံ့လိုက်ပြီး





"အမလေး ... ငါ နားလည်ပါတယ် မိုးစည်ရယ်၊ ငါကတစ်ယောက်တည်းနေပါ့မလား၊ ခဏကြာရင် မော်လမြိုင်ကို ဖုန်းဆက်ပြီး မေမေတို့ကို အကျိုးအကြောင်းပြောပြမယ်၊ ပြီးတော့ ဒေါ်ခွေးမတို့ သားအမိကို ငါ့ဆီအမြန်ဆုံး ပို့ပေးဖို့ ပြောလိုက်မယ်"

ဒေါ်ခွေးမ ဆိုသူမှာ သူမ၏ ငယ်မွေးခြံပေါက် အိမ်ဖော်အမျိုးသမီးကြီးဖြစ်သည်။

အသံစာစာနှင့် အလွန်စွာကျယ်ပြီး မဟုတ်မခံဆတ်ဆတ်ကြဲရယ်ပါ။

သူ့သမီး အေးမိစံကလည်း မအေတူသမီးဖြစ်ပြီးသွားခေါ်ခေါ်နှင့် အလွန်အသံက ကျယ်လောင်သည်။

ထိုသားအမိကိုသာခေါ်ပြီး သူ့ကို မနေနိုင် မထိုင်နိုင်လောက်အောင် စိတ်အနှောင့်အယှက်ပေးလိုက်ရလျှင် ထိုလူမကြာခင်ရက်အတွင်းမှာပင် ထွက်ပြေးသွားနိုင်သည်။

သူမတို့ စကားပြောနေစဉ် သူ အပေါ်ထပ်မှ ဆင်းလာသည်။

"ကဲ ကျုပ်ပစ္စည်းတွေ ရွှေပြီးပြီ"

ပန်သစ္စာက ဆူဆူဆောင့်ဆောင့် အမူအရာဖြင့် တိုက်အပေါ်ထပ်သို့ တက်သွားသည်။ သူမမောင်ဝမ်းကွဲဖြစ်သူ မိုးစည်ကလည်း သူမ နောက်မှ ထပ်ချပ်မကွာ လိုက်သွား၏။

သူမ Master bedroom ထဲ ဝင်လာခဲ့ပြီး အခန်းကို လှည့်ပတ်ကြည့်ရှုနေ၏။ ပြီးတော့ မိုးစည်ကို ပြောလိုက်သည်။

"မိုးစည် ရေချိုးခန်းနဲ့အိမ်သာကို သေသေချာချာ ဆေးပေးစမ်း"

သူမ စကားကြောင့် မိုးစည် နှာခေါင်းရှုံ့သွား၏။

"အို ... မမကလဲ အစီပွာယ်မရှိလိုက်တာဗျာ၊ ဟိုလူ သုံးသွားတဲ့ ရေချိုးခန်းနဲ့ အိမ်သာပဲ သူ့ကိုဆေးခိုင်းပေါ့"

"ဒါဖြင့် ဟိုလူ့ကို ခေါ်လိုက်စမ်း"

မိုးစည်က အောက်ထပ်သို့ ပြေးဆင်းသွားပြီး

"ဗျို့ ... ဟို အစ်ကို၊ ကျွန်တော့် အစ်မက ခဏလာပါဦးတဲ့၊ မြန်မြန်လေး တက်လာစမ်းပါဗျာ"





သူက အူကြောင်ကြောင်မျက်နှာဖြင့် ...

"ဘာတွေ ဒီလောက်အရေးကြီးနေလို့လဲ ဗျို့"

ဟု အော်ပြီး အပေါ်ထပ်သို့ပြေးတက်လာသည်။

သူမ မျက်နှာထား ခပ်တင်းတင်းဖြင့်ပင် ...

"ဒီမှာ ရှင်သုံးထားတဲ့ ရေချိုးခန်းနဲ့ အိမ်သာကို ပြောင်လက်သန့်စင်သွားအောင် ဆေးပေးစမ်းပါ"

သူမ စကားကိုကြားတော့ သူ တဟားဟားရယ်မောလိုက်၏။

"ဒီမှာ ... မိန်းကလေး ရေချိုးခန်းထဲလဲ ဝင်ကြည့်ပါဦး၊ ကျုပ်က ရေချိုးခန်းနဲ့ အိမ်သာကို နေ့စဉ်လုပ ဝေါက်ပြောင်နေအောင် အမြဲတမ်း ရှင်းထားတာ၊ ခင်ဗျား မကြည့်ရသေးဘူးထင်တယ်"

"ဟုတ်တယ် မကြည့်ရသေးဘူး"

"ရေမွှေး၊ ပေါင်ဒါ၊ ဆပ်ပြာမွှေးတွေ ပြည့်ပြည့်စုံစုံ ရှိနေပြီး ခင်ဗျားအတွက် ပန်းအိုးပါထားထားတယ်"

"ဘာ"

သူ့စကားကြောင့် သူမ ဒေါဖောင်းသွားမိ၏။

"ရေချိုးခန်းထဲက မှန်တင်ခုံပေါ်မှာ ခြံထွက်ဒေလီယာ ပန်းလေးတွေ ပန်းအိုးထိုးထားတာကို ပြောတာပါ၊ မယုံရင် ခင်ဗျား ဝင်ကြည့်လိုက်လေ"

သူမ မျက်စောင်းချိတ်လိုက်ပြီး ရေချိုးခန်းထဲ ဝင်ကြည့်လိုက်မိသည်။

အထက်တန်းစားဟိုတယ်လ်ကြီး တစ်ခုကဲ့သို့ သန့်ရှင်းပြောင်လက်တောက်ပနေသည့် ရေချိုးခန်းလေးကို ကြည့်ပြီး စိတ်တွင် အပြစ်မဆိုချင်တော့ပေ။

မဆိုးပါဘူး သူက ယောကျ်ားလေး တစ်ယောက်ဖြစ်ပေမယ့် သန့်သန့်ရှင်းရှင်း နေတတ်သားပဲ၊

သူမ ရေချိုးခန်းထဲမှ ထွက်လာခဲ့သည်။

"ကဲ ... ဘယ်လိုလဲ၊ သန့်ရှင်းတယ် မဟုတ်လား"

ရှင့်ကိုယ်ရှင် ဒီလောက်တောင် ချီးမွမ်းမနေနဲ့လေ"

"အိုကေ ... ဒါဆို ကျုပ်အောက်ထပ်ဆင်းတော့မယ်"

စကားဆုံးသည်နှင့် သူ အောက်ထပ်သို့ ပြေးဆင်းသွားသည်။





"Master bedroom နဲ့ ကပ်လျက်ခန်းမှာ နင့်ပစ္စည်းတွေ သွားထားစမ်းမိုးစည်၊ အဲဒီမှာ နင်နေရမယ်"

"ဟုတ်ကဲ့ မမ"

မိုးစည်က သူ့အဝတ်အိတ်နှင့် တီဗွီ ခပ်သေးသေး တစ်လုံးကို သူ့အခန်းထဲ သယ်ဆောင်သွားသည်။

သူမ အိပ်ခန်းကို ရှင်းလင်းနေမိသည်။

တစ်ခန်းလုံး ရှင်းလင်းတိုက်ချွတ်၍ မပြီးနိုင်လောက်အောင် အလုပ်ရှုပ်နေသည် မဟုတ်ပါလား ...

Master bedroom ကို ရှင်းလင်းတိုက်ချွတ်ပြီးသော အခါ သူမပစ္စည်းများကို နေသားတကျထားလိုက်သည်။

သည်လိုနှင့် နေ့လယ်အချိန်သို့ ရောက်လာခဲ့သည်။

"နေ့လယ်စာ စားကြမယ်ဗျို့၊ ခင်ဗျားတို့ နှစ်ယောက်အတွက် ကျွန်တော်ထည့်ချက်ထားတယ်"

သူမ အောက်ထပ်သို့ ဆင်းလာချိန်တွင် သူက ထမင်းပွဲပြင်နေရင်း ခေါ်လိုက်ခြင်းပါ။

"ဟာ ... မွှေးနေတာပဲ၊ ငါးဆုပ်ဟင်းနံ့ရတယ်၊ အုန်းထမင်းနဲ့ ငါးဆုပ်ဟင်းလား ဦးလေး"

"ဟုတ်တယ်ကွ၊ ပုစွန်ငါးဆုပ်ကို အုန်းနို့နဲ့ချက်ထား

တယ်''

''ဗိုက်ဆာနေတာနဲ့ အတော်ပဲ ဦးလေးရေ''

''ကဲ ... တစ်ခါတည်း ဝင်စားကြပါ၊ ကျွန်တော် ထမင်းပွဲပြင်ပြီးပြီ'' သူက ရင်းနှီးဖော်ရွေစွာ ဖိတ်ခေါ်လိုက်သည်။

သို့သော် သူမက မိုးစည်ကို တားဆီးလိုက်၏။

''ဟဲ့ ... ရွှေပဒေသာဆိုင်မှာ ခေါက်ဆွဲကြော် သွားဝယ်စားကြရအောင်၊ လာ ... လိုက်ခဲ့''

မိုးစည်လက်တစ်ဖက်ကို ဆွဲ၍ ခေါ်လိုက်သည်။

မိုးစည်က ငါးဆုပ်အုန်းနို့ချက်ဟင်းကို လှမ်းကြည့် သွားရည်ကျနေသည်။ ထို့ကြောင့် ...

''မမကလဲဗျာ ... ဒီမှာ ဟင်းတွေဒီလောက်ကောင်း တာ ဒီမှာပဲ စားပါလား ...''

''ဘယ်ဖြစ်မလဲ ...၊ လာ ... လိုက်ခဲ့ ဆိုင်မှာပဲ သွားစားမယ်''

သူက စိတ်မကောင်းဖြစ်သွားသည့် မျက်နှာဖြင့် ...

''ဒီမှာပဲ စားကြပါဗျာ ... ကျွန်တော်အားလုံးအတွက် အပင်ပန်းခံပြီး ချက်ထားပြီးပါပြီ ...''





''ရှင်နဲ့ ကျွန်မဘာဆိုင်လို့ အပင်ပန်းခံပြီး ချက်ထားရ တာလဲ၊ ကျေးဇူးတင်ရမယ့် အလုပ်တွေ မလုပ်ပါနဲ့''

''ဟောဗျာ ... လူတစ်ယောက်ရဲ့စေတနာကို စော်ကားနေပြန်ပြီ''

''စော်ကားတာ မဟုတ်ဘူး၊ မစားချင်လို့ မစားတာ၊

စကားဆုံးသည်နှင့် သူမထွက်သွားသောကြောင့် မိုးစည်လဲ မစားဝံ့တော့ဘဲ၊ သူမနောက်မှ အပြေးတစ်ပိုင်း ဖြင့် လိုက်သွားလေသည်။

❒◆❒

# အခန်း (၅)

ထိုနေ့ညတွင် ပန်သစ္စာသည် စောစာပင် အိပ်ယာဝင်ခဲ့၏။

အိပ်ခန်းထဲရောက်တော့ ဘုရားဝတ်ပြုပြီး ဂုဏ်တော်ပုတီးစိပ်နေမိသည်။

သူမ ပုတီးစိပ်နေစဉ် ကျယ်လောင်သော ဘုရားရှိခိုးသံကြောင့် ပုတီးစိပ်ရာတွင် အာရုံမဝင်တော့ဘဲ စိတ်ညစ်နေမိ၏။

ဟင် ... ဘုရားရှိခိုးတာကလဲ ကြာလိုက်တာ ...”

ဂုဏ်တော်ပေါင်းစုံ၊သုတ်ပေါင်းစုံရွတ်နေလိုက်တာ ... ပြီးကို မပြီးနိုင်ဘူး ... မေတ္တာပို့၊ နတ်ပို့၊ အမျှဝေတောက လဲအကြာကြီး ...

"ဒူ ... ဝေ ... ဝေ"

ကျယ်လောင်သော ကြေးစည်သံကြောင့် သူမလန့်သွားမိ၏။

... အမလေးတော်၊ ဒီလူကလဲ ဥပသကာ လူကြီးကျနေတာပဲ၊ဒီလိုသာ နေ့စဉ်နေ့တိုင်း ကျယ်ကျယ်လောင်လောင်ဘုရားရှိခိုးနေရင် ပုတီးဘယ်လိုစိပ်ရပါ့၊ ငါကလဲ အဓိဋ္ဌာန်ပုတီးနဲ့ဆိုတော့ ခက်တာပဲ ... ဒီလူ အိပ်မှပဲ ပုတီးစိပ်တော့မယ် ...

သူမ နဖူးပေါ်လက်တင်ရင်း တွေးတောစဉ်းစားနေမိသည်။

အမှန်က သူမ ရန်ကုန်သို့ ရောက်လာခဲ့ခြင်းမှာ တေးစီးရီးတစ်ခုအတွက် ပရိဂျူဆာလုပ်ရန်ဖြစ်သည်။

မထင်မရှား ဂီတဝါသနာရှင်လေးတစ်ယောက်အား မြေတောင်မြှောက်ပေးရန် ရည်ရွယ်ပြီး စီးရီးထုတ်ပေးရန်





သူမ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ထိုအဆိုတော်ကလေးမှာ ဘော်လရောင်ဖြစ်သည်။

ဘော်လရောင်သည် သူမနှင့် မမျှော်လင့်ဘဲ ဆုံတွေ့ခဲ့ကြပြီး ဘော်လရောင်၏အသံကို သူမက နှစ်ခြိုက်စွဲလမ်းခဲ့သည်။

ငွေကြေးမပြေလည်လှသည့် ဘော်လရောင် တစ်ယောက် ဂီတနယ်တွင် မီးခဲပြာဖုံးဖြစ်နေရရှာသည့် အကြောင်းကို သူမနားလည်ခဲ့ရသည်။

ထို့ကြောင့် သူမအတွက် အမွေခွဲပေးထားသည့် ငွေကြေးဖြင့် ပရိဂျူဆာလုပ်ရန် ရန်ကုန်သို့ ရောက်လာခဲ့ရခြင်းပါ။

ထိုစဉ် တယ်လီဖုန်းသံ မြည်လာသည်။

"တူ ... တူ ... တူ"

သူမ ဖုန်းခွက်ကို ကမန်းကတန်းကောက်ကိုင်လိုက်မိသည်။

... တော်ပါသေးရဲ့၊ ဖုန်းက အိပ်ခန်းထဲမှာ တစ်လုံးရှိနေပေလို့

"ဟယ်လို"

"မပန်သစ္စာ ရှိပါသလား ခင်ဗျာ"

"ဟုတ်ကဲ့ ... ကျွန်မ ပန်သစ္စာပါ"

"မမပန် ရန်ကုန်ရောက်နေပြီပေါ့နော်"

သူ့ အသံက သာယာချိုအေးပြီး တက်ကြွရွှင်လန်းနေလေသည်။

"ဟုတ်တယ်၊ တို့ ရန်ကုန်ရောက်နေပြီ"

"အခု ဖုန်းဆက်နေတာ ဘယ်သူလဲ မမသိတယ် မဟုတ်လား"

"သိတာပေါ့ကွ၊ မင်းအသံခွေးချီသွားတောင် မှတ်မိတယ်"

"အို ... မမကလဲ၊ ကျွန်တော့်အသံ အကောင်းစားလေးကို ခွေးမချီနိုင်ဘူး၊ မေခလာ နတ်သမီး မစမှာပါ"

သူက အရွှန်းဖောက်လိုက်သည်။

"ဘော်လရောင် ... မင်းသီချင်းတွေ ကျက်ဖြစ်ရဲ့လား"

"အားလုံးတစ်ပုဒ်မကျန် ကျက်ပြီးပြီ မမ၊ ကိုနေတို့အဖွဲ့နဲ့လည်း သီချင်းတိုက်ကြည့်ပြီးပြီ၊ သီချင်းသွင်းဖို့ကိစ္စ





အတွက် မမကို တမင်စောင့်နေတာ"

"ဟုတ်လား ... အခု တို့ရောက်လာပြီလေ"

"ဒီကနေ့ပဲ ရောက်တာလား မမ"

"မဟုတ်ဘူး ... မနေ့ကတည်းက ရောက်တာ"

"မမကလဲဗျာ ဘာလို့မပြောတာလဲ"

"တို့ ဒီမှာ ပြဿနာတက်နေလို့"

"ပြဿနာ ဟုတ်လား၊ ဘာပြဿနာလဲ မမ၊ ကျွန်တော် ဘာကူညီရမလဲ"

"တို့ ပြဿနာကို အေးအေးဆေးဆေးမှ ပြောပြတော့မယ်"

"တော်သေးတာပေါ့၊ မမဖုန်းနံပါတ်ပေးထားပေလို့၊ နို့မဟုတ်ရင် မမရန်ကုန်ရောက်နေတဲ့ အကြောင်း ကျွန်တော် သိမှာ မဟုတ်ဘူး"

"ဒါပဲနော် ဘော်လရောင်"

"မမကလဲ ဘော်လရောင်ဆိုတဲ့ နာမည်ကြီးက ပေရှည်လွန်းပါတယ်၊ ခပ်တိုတိုပြောင်းပြီးခေါ်ဗျာ"

သူမ ခပ်တိုးတိုးရယ်လိုက်မိသည်။

"ကဲ ... ဒါဖြင့် ပြောလေ၊ မင်းနာမည်သုံးလုံးထဲက ဘယ်ဟာကို ခေါ်ရမလဲ၊ ဘော်လား လှလား ရောင်လား"

"ဘော်ဆိုရင် ရပါပြီ မမရဲ့"

"ကောင်းပြီ ဘော်"

"မမ address ပြောလေ၊ နက်ဖြန်ခါ မမဆီကို ကျွန်တော်လာခဲ့မယ်"

သူမလိပ်စာကို ပြောပြလိုက်၏။ သူက သူမလိပ်စာကို သေချာမှတ်နေ၏။

"ဂွဒ်နိုက် ... မမ"

"အိုရာစုမိ (မင်္ဂလာညချမ်းပါ) ... ဘော်"

သူမ ဖုန်းချလိုက်သည်။ သူမမျက်နှာပေါ်တွင် အပြုံးပန်းများဖြင့် ဖြာဝေနေသည် မဟုတ်ပါလား ...

□•□





# အခန်း (၆)

နောက်တစ်နေ့နံနက်စောစောပင် သူမအိပ်ရာမှနိုးလာခဲ့သည်။

သူမ မျက်နှာသစ်ပြီး သပ်ရပ်စွာ ဝတ်စားပြင်ဆင်နေမိ၏။

ပြီးတော့ မိုးစည်အခန်းတံခါးကို ထုရှ်၍ နိုးလိုက်သည်။

"မိုးစည် ... မနိုးသေးဘူးလားဟေ့"

"ဝါး ... နိုးပါပြီ မမ"

"နိုးရင် မြန်မြန်ထ၊ လက်ဖက်ရည်သွားသောက်ရ

အောင်''

''ဟုတ်ကဲ့ ... မမ''

သူမ အောက်ထပ်သို့ ဆင်းလာခဲ့သည်။

အောက်ထပ်ရောက်တော့ သူ့ကို လက်ဖက်ရည်စားပွဲတွင် ထိုင်နေတာ တွေ့လိုက်ရ၏။

''မောနင်း ... မပန်သစ္စာ''

ဟန်ဘာဂါတစ်ခုကို စိတ်ပါလက်ပါစားနေရာမှ သူနှုတ်ဆက်လိုက်၏။

သူမက သူ့ကို ပြုံးရုံသာပြုံးပြပြီး ညှော်ခန်းထဲရှိဆိုဖာတစ်လုံးပေါ်တွင်သွားထိုင်လိုက်သည်။

ရွှေပဒေသာဆိုင်တွင် နံနက်စာစားသောက်ပြီးနောက် City Mart ဝင်ကာ ကော်ဖီမစ်စ်၊ နို့ဆီနှင့် မုန့်အချို့ဝယ်ရန် စိတ်ကူးနေမိသည်။

ဆယ့်ငါးမိနစ်ခန့်ကြာတော့ မိုးစည်အိမ်ပေါ်မှ ဆင်းလာသည်။

''ညီလေး ... လာကွာ လက်ဖက်ရည်သောက်ရအောင်''





''ကိစ္စမရှိပါဘူး ဦးလေး၊ ကျွန်တော့် မမနဲ့အတူ ဆိုင်မှာပဲ သွားသောက်တော့မယ်''

''မင်းကလဲကွာ၊ ငါ့ကို ဦးလေးလို့မခေါ်ပါနဲ့၊ ငါ့အသက်က အခုမှ သုံးဆယ်ပဲရှိသေးတယ်''

မိုးစည်က ဘာမှမပြောဘဲ ရယ်နေလေသည်။

''သွားကြစို့ မိုးစည်''

သူမ လက်ကိုင်အိတ်လေးကို ချိုင်းကြားညှပ်ပြီး မိုးစည်နှင့်အတူ တိုက်ကလေးထဲမှ ထွက်လာလေသည်။

သူမကို ငေးကြည့်ပြီး ရင်ခွင်ဦး ကျန်ရစ်ခဲ့၏။

သူမမျက်နှာက ခပ်ဝိုင်းဝိုင်းဖြစ်ပြီး မျက်ခုံးနှစ်တန်းက ပုံစံကျနပြီး ကွေးကွေးလေးလှနေသည်။ မျက်လုံးဝိုင်းဝိုင်း ရှည်လျားကော့ညွတ်သောမျက်တောင်များနှင့် နှာတံက လုံးဝန်းသည်။ နှုတ်ခမ်းနှစ်လွှာက ပါးလွှာသော်လည်း နီစွေး၍ လှပ သည်။ ဆံပင်နက်နက်များကို ခါးလယ်အထိ ရှည်လျားဖြောင့်စင်းစွာ ချထားသည်။

ကိုယ်နေဟန် ပြည့်ဖြိုးပြီး အချိုးအဆက်လှပ၏။

သူမအရပ်က ငါးပေ လေးလက်မခန့်သာ ရှိသော်

လည်း ခြောက်လက်မနီးပါးခန့်ရှိသော Block Heel ကြောင့် အရပ်အမောင်းက လွင့်နေသည်။

အနက်ရောင်ထဘီစကတ်၊ စိမ်းပြာရောင် ကိုယ်ကြပ် စပို့ရှပ်လက်ရှည်ကို ဝတ်ဆင်ထားပြီး ဟန်ပါပါ လျှောက်သွားပုံက သူ့ နှလုံးသားကို လှုပ်ခါသွားစေသည်။

◆ မိန်းကလေးအများကြီး မြင်ဖူးခဲ့ပါတယ်.. သူကလေးကို မြင်ရတာလောက် တစ်ခါမှ စိတ်မလှုပ်ရှားခဲ့ဖူးပါလား … သူလေးဟာ မှာနကြီးသလောက် ချစ်စရာကောင်းလိုက်တာ … သူလေးနဲ့သာ ဆုံစည်းခွင့်ရရင် ငါ့လောက်ကံကောင်းတဲ့လူ ရှိပါ့မလား …

သူ့အတွေးနှင့် သူပျော်ရွှင်ကြည်နူးနေမိသည်။

ထိုစဉ် တိုက်ရှေ့မှ ဘဲလ်သံကို ကြားလိုက်ရ၏။

သူ လက်ဖက်ရည်စားပွဲမှ ရပ်လိုက်ပြီး တိုက်ရှေ့သို့ ထွက်လာခဲ့၏။

ခြံတံခါးကို တွန်းဖွင့်ပြီး လူရွယ်တစ်ယောက် ဝင်လာသည်။





အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ ခန္ဓာကိုယ်အချိုးအစားက ကြည့်ကောင်းရုံသာ ပြည့်ဖြိုးမှုရှိပြီး ဆံပင်ကို ဆာမူရိုင်းပုံ ညှပ်ထားသည်။

သူ့မျက်နှာနှုတ်ခမ်းမွှေးရေးရေးနှင့် ဆွဲဆောင်မှုရှိ၍ ချောမောလှပသူဖြစ်သည်။

သူသည် နီညိုရင့်ရောင် နေကာမျက်မှန် ခပ်သေးသေးကို တပ်ထားပြီး Giordano စပို့ရှပ် နီ့နှစ်ရောင်နှင့် ဂျင်းဘောင်းဘီ အပြာနုရောင်ကို တွဲဖက်ဝတ်ဆင်ထားသည်။ ဝေါ့ကင်းရှူး အဖြူနှင့် အနက်ကြားကလေးကို စီးထား၏။

"ဟိုင်း … မမရှိသလား ဦးလေး"

ထိုလူရွယ်အမေးကြောင့် သူမျက်မှောင်ကုတ်သွားပြီး …

"ဘယ်က မမလဲကွ" ဟု ပြန်မေးလိုက်သည်။

"မမ ပန်သစ္စာကို မေးတာပါ"

"ရှိတယ်ကွ … အဲမရှိဘူး"

"ဟင် … ခုပဲရှိတယ်၊ ခုပဲ မရှိဘူးနဲ့ ဘယ်စကားနားထောင်ရမှာလဲ၊ ကျွန်တော်က မမတင်မဲ့ အဆိုတော်

ဘော်လရောင်ပါ''

အဆိုတော်လောင်းဆို၍ ခြေဆုံးခေါင်းဆုံးကြည့်နေမိသည်။

အတော်သွက်လက်ချက်ချာပြီး လူရည်လည်မယ့်ရုပ်မျိုးပါလား ... ဟု စိတ်ထဲမှာ မှတ်ချက်ချလိုက်မိ၏။

''အိမ်ထဲဝင်ထိုင်ပါဦး ညီလေး၊ ပန်းသစ္စာတို့ အပြင်ထွက်သွားတယ်၊ ခဏကြာရင် ပြန်လာကြမှာပါ''

သူ ဖိတ်ခေါ်လိုက်သောကြောင့် ဘော်လရောင်တိုက်ထဲဝင်လာခဲ့သည်။

''ထိုင် ညီလေး''

ဘော်လရောင်က ဆိုဖာတစ်လုံးပေါ်တွင် သူ့ကိုအကဲခတ်ကြည့်နေသည်။

ပြီးတော့ မေးသည်။

''ဒါနဲ့ ဦးက မမနဲ့ဘာတော်သလဲ၊ မပရဲ့ဦးလေးလား''

ဘော်လရောင်အမေးကြောင့် သူ့ရင်ထဲမှာ စူးခနဲခံစားလိုက်ရ၏။

''ဦးလေး မဟုတ်ပါဘူး၊ ကျုပ်မျက်နှာက ဒီလောက်





တောင် ရင့်နေလို့လား''

''အဟဲ ... ဟဲ ဆောရီးပဲနော် အစ်ကိုကြီး၊ ကျွန်တော်က မသိလို့ မေးတာပါ''

ဘော်လရောင်အမေးကို သူဘာမှ မဖြေ၊ သူဖြေဖြစ်ဖြစ်ရင်လျှင် သူမအပေါ် အထင်တသေးဖြစ်သွားနိုင်သည် မဟုတ်ပါလား ...

ထို့ကြောင့် ခပ်မဆိတ်ပင် နေလိုက်သည်။

ဘော်လရောင်က သူ့ကို စေ့စေ့စပ်စပ်အကဲခတ်နေမှန်း သူနားလည်ပါသည်။

ခဏကြာတော့ သူမတို့ မောင်နှမ ပြန်ရောက်လာကြသည်။

တိုက်ထဲဝင်လိုက်သည်နှင့် ဘော်လရောင်ကို တွေ့သွားပြီး

''ဟယ် ... မင်းရောက်နေပြီကိုး၊ မမက မင်းဒီလောက်စောစောရောက်လာမယ် မထင်မိလို့ပါ''

ဂရုတစိုက်ရှိလှသည့် သူမအမူအရာကို ငေးကြည့်ပြီး သူမကိုတစ်လှည့်၊ ဘော်လရောင်ကိုတစ်လှည့် သူအကဲခတ်

ပြီး ကြည့်နေမိ၏။

"မိုးစည်ရေ ... သူက မမ ပရိုဂျူဆာလုပ်ပြီးတင်ပေးမယ့် အဆိုတော်အသစ်ကလေးပေါ့"

မိုးစည်က အလိုက်သင့်ပြုံးပြလိုက်စဉ်မှာပင် ဘော်လရောင်က ထိုင်ရာမှ ထရပ်လိုက်ပြီး ...

"ကိုယ်က ဘော်လရောင်ပါ၊ မမအတွက် အောင်မြင်မှုပန်းတွေ လှမ်းဆွတ်ပေးဖို့ အသင့်ရှိနေပြီလေ"

ခပ်ကြွားကြွားပြောလိုက်သည့် ဘော်လရောင်ပုံစံကို ကြည့်ပြီး သူကြိတ်ပြီး နှာခေါင်းရှုံ့လိုက်မိ၏။

ဒီကောင်လေးကြည့်ရတာ ပန်သစ္စာအပေါ်မှာ လိမ်ညာလှည့်ဖျားပြီး သူ့အောင်မြင်မှုအတွက် အခွင့်အရေးယူသွားမယ့် ပုံစံမျိုးပါလား ...

သူ စိတ်မကောင်းစွာ တွေးလိုက်မိပြီး သက်ပြင်းရှိုက်လိုက်မိ၏။

"ဒီကနေ့ စတူဒီယိုကို မမ လိုက်ခဲ့ပါလား"

"ကောင်းသားပဲဘော်၊ ဒါပေမယ့် မမမောင်လေးကို ခေါ်သွားမယ်နော်၊ အပြန်အဖော်ရအောင်ပေါ့"





"ရပါတယ် မမ"

"ကဲ ... ဒါဖြင့် ခဏထိုင်ဦး မမဝယ်လာတဲ့ ပစ္စည်းလေးတွေ သိမ်းလိုက်ဦးမယ်"

သူမ ဝယ်လာသည့် ပစ္စည်းအချို့ကို အပေါ်ထပ်သို့ သယ်ဆောင်သွားရန် ဟန်ပြင်လိုက်စဉ်မှာပင် သူက မိုးစည်ကို လှမ်းပြောလိုက်သည်။

"မင်းတို့ ဝယ်လာတဲ့ ပစ္စည်းတွေ ဌါရေခဲသေတ္တာထဲကိုပဲ ထည့်ကြပါကွာ၊ ယိုပုလင်းနဲ့ မုန့်တွေအပြင်မှာထားရင် ကြာကြာဘယ်ခံပါ့မလဲ"

"ရှင့်အပူ မပါဘူး၊ အပေါ်ထပ်ကိုပဲ တင်လိုက်မယ်"

ဟု သူမ ဘုပြောလိုက်သောကြောင့် သူ့မျက်နှာ ကွက်ခနဲ ပျက်သွားရ၏။

စိတ်ဆိုးသွားသည့် အမူအရာဖြင့် သူမအပေါ်ထပ်သို့ တက်သွားတော့၏။

ဘောင်လရောင်စူးရှပြောင်လက်သော မျက်ဝန်းများဖြင့် သူတို့ အားလုံးကို အကဲခတ်ကြည့်နေ၏။

မိနစ်နှစ်ဆယ်ခန့်ကြာတော့ လှပသော အဂတ်အစား

များကို ဝတ်ပြီး သူမ ပြန်ဆင်းလာ၏။

"ဟာ ... မမသီပ်လှတာပဲ"

ဘော်လရောင်ချီးမွမ်းလိုက်သောကြောင့် သူမရယ်မော လိုက်သည်။

ပြီးတော့ သူမတို့ သုံးယောက်တိုက်ကလေးထဲမှ ထွက်သွားကြသည်။

သူတစ်ယောက်တည်း ရင်ထဲမှာ ဘာလိုလိုဖြင့် ဒေးဒိုင် စွာ ကျန်ရစ်ခဲ့လေသည်။

□◆□



# အပိုင်း နှစ်

# အခန်း (၁)

နောက်တစ်နေ့ နေ့လယ်တွင် ဒေါ်ချွေးမနှင့် အေးမိစံ တို့ သားအမိ မော်လမြိုင်မှ ရောက်လာကြသည်။

သူတို့ သားအမိ တိုက်ထဲဝင်လာတာနှင့် အသံတွေ စီစီညံသွားလေသည်။

*"အမလေး လာရတာဝေးလိုက်တာတော်၊ ပန်ပန်သာ လာမကြိုရင် ဒီကိုရောက်အောင်လာဖို့ မလွယ်ဘူးထင်တယ်၊ ဒါပေမယ့် တိုက်ကလေးထဲရောက်တော့ ရင်ကိုအေးသွားတာပဲ၊ သပ်သပ်ရပ်ရပ်နဲ့အတော်လှတဲ့အိမ်ပဲ"*

ဒေါ်ချွေးမစကားကို သမီးဖြစ်သူ အေးမိစံက

"အို ... မေမေကလဲ၊ ဒီတိုက်က ကျဉ်းကျဉ်းလေးပါ၊ လှူသုံးယောက်နေရင် ပြည့်သွားမှာ၊ မော်လမြိုင်က မမလေးတို့ တိုက်ကြီးရဲ့ မီးဖိုချောင်လောက်ပဲ ရှိတယ်"

ဟု အလိုက်ကန်းဆိုး မသိစွာ ပြောလိုက်သည်။

"ဟဲ့ ... သမီးရဲ့၊ စကားကိုလဲ ကြည့်ပြောမှပေါ့၊ အလိုက်ကန်းဆိုးမသိတဲ့ စကားမျိုးမပြောရဘူး"

ကောင်မလေးကကျောပေါ်ပြေကျနေသည့် ဆံပင်တွေကို လက်နှစ်ဖက်ဖြင့်စု၍ သိမ်းလိုက်ပြီး နှစ်ပတ်လျှိုထုံးလိုက်သည်။

မျက်လုံးဝိုင်းဝိုင်းပြူးပြူး နှာခေါင်းအနည်းငယ်ပွပြီး နှုတ်ခမ်းတွေက ထူသည်။ ကိုယ်လုံးကိုယ်ပေါက်ပြည့်ဖြိုးပြီး ခါးတုတ်၍ ဗိုက်ပူကာတင်ကသေးသည်။

စကားသံက စွာကျယ်စွာကျယ်နှင့် အော်ဟစ်ရယ်မောတတ်သော အေးမိစံက သူ့မိခင်ဒေါ်ခွေးမနှင့် အတူ ရန်ကုန်သို့ပါလာခဲ့၏။

"ကဲ ... အဒေါ်တို့ ပစ္စည်းတွေ ဘယ်မှာထားရမှာလဲ ... ပန်ပန်"





ဟု ဒေါ်ခွေးမက မေးလိုက်သည်ကို သမီးဖြစ်သူအေးမိစံက

"သားအမိနှစ်ယောက်ပစ္စည်းတွေက တိုက်အပေါ်ထပ်က မနည်းဘူးနော်"

ဟု ခပ်စွာစွာအသံဖြင့် ပြောလိုက်သည်။

"အဒေါ်တို့ရဲ့ ပစ္စည်းတွေကို တိုက်အပေါ်ထပ်က အလယ်ခန်းမှာ ထားကြပါ၊ မိုးစည် ... နင်နေတဲ့အခန်းကို သူတို့နေဖို့ သွားပြလိုက်စမ်း"

ပန်ပန်ပြောလိုက်သောကြောင့် မိုးစည်က ဒေါ်ခွေးမတို့သားအမိကို တိုက်အပေါ်ထပ်သို့ ခေါ်ဆောင်လာခဲ့သည်။

တိုက်အပေါ်ထပ်ရောက်တော့ သူ့အခန်းထဲမှ ထွက်လာသည့် သူ့ကို တွေ့သွားကြပြီး ...

"ဩော် ... မင်းလားကွယ့် ... ဘုမသိဘမသိ စပေါ်တင်ပြီး အိမ်ပေါ်တက်နေတယ်ဆိုတာ၊ အံ့ရောကွယ်"

အဘွားကြီး ချီးကျူးထောပနာပြုလိုက်သောကြောင့် သူ့မျက်နှာမထားတတ်လောက်အောင် ဖြစ်သွားရသည်။

"ဒီမှာ ... ဦးလေး၊ အိမ်ပိုင်ရှင်ရောက်လာတာတောင်

ဦးလေးက ဆင်းမသွားသေးဘူးဆိုတော့ တစ်မျိုးကြီးပဲနော်"

ရောက်ရောက်ချင်း ဆောက်နှင့်ထွင်းဆိုသလို လှမ်း၍ ့နဲ့လိုက်ကြသောကြောင့် သူအနေခက်သွားရသည်။

"ဒီကိစ္စအိမ်ရှင်ဖြစ်တဲ့ မပန်သစ္စာပဲ ပြောခွင့်ရှိပါတယ်၊ င်များတို့ ပြောဖို့မလိုဘူး"

သူ ခပ်တင်းတင်းပြောလိုက်မိသည်။

ဒေါ်ခွေးမက သူ့ကို ကြည့်ပြီး နှုတ်ဆိတ်သွားသော် ည်း အေးမိစံက ခပ်မဲ့မဲ့ အမူအရာဖြင့် ...

"ဒါတော့ ရှင်အလိုက်ကန်းဆိုးမသိလို့ ကျွန်မတို့ ပြောတာပါ၊ ရှင်ရှုပ်တဲ့ဇာတ်ရှင်မရှင်းနိုင်ဘဲ မျက်နှာပြောင် င်နေတာ အံ့သြပါရဲ့"

သူက ဘာမှပြန်မပြောဘဲ အောက်ထပ်သို့ ဆင်းလာခဲ့

သို့သော် သူ့ရင်ထဲမှာတော့ ...

အင်မတန်လှျာစောင်းထက်ပြီး အောက်တန်းကျတဲ့ တွေပါလား ... သတိထားနေမှ ...

ဟု တွေးနေမိသည်။





သူ နေ့လယ်စာစားရန် ထမင်းစားပွဲပြင်နေစဉ် ပန်သစ္စာက သူ့အနီးရောက်လာပြီး ...

"ဒီမှာ ကိုဟိုဒင်း" ဟု ခေါ်လိုက်သည်။

"ကျုပ် နာမည် ... ဟိုဒင်းမဟုတ်ဘူး ရင်ခွင်ဦး"

"ရှင်နာမည်ကလဲ တင်စီးလိုက်တာ၊ စီးစီးပိုးပိုးနိုင် လိုက်တဲ့ ရှင့်နာမည်ကို မခေါ်နိုင်ဘူး"

"ခင်ဗျား ယဉ်ကျေးမှု နားမလည်ဘူးလား။ နားလည် ရင် ကျုပ်နာမည်ကိုပဲ ခေါ်ပါဗျာ"

"ကဲ ဒါဖြင့် ခေါ်မယ်၊ ကိုရင်လား ကိုခွင်လား ကိုဦး လား ... ပြော"

"နာမည်သုံးလုံးထဲက ခင်ဗျားကြိုက်တာ တစ်လုံး ခေါ်"

"ဒါဖြင့် ကိုခွင်လို့ခေါ်မယ်"

"ကဲပြော ... မပန်ပန်၊ ဘာပြောမလို့လဲ"

"ကျွန်မအဖော်တွေမော်လမြိုင်ကရောက်လာကြ ပြီရှင့်"

"မြင်တယ်"

"ရှင့် မီးဖိုချောင်ပစ္စည်းတွေ တစ်နေရာတည်းမှာရွှေ့ပြီး ထားလိုက်ပါ၊ ဒီကနေ့ကစပြီး ကျွန်မတို့ ထမင်းဟင်းချက်စားမယ်"

"မီးဖိုးခန်းက အကျယ်ကြီးပါဗျာ၊ ဒီလောက်ထိပြောနေဖို့ မလိုပါဘူး။ ကဲ ကျွန်တော်နေ့လယ်စာ စားလိုက်ဦးမယ်"

ဒေါ်ခွေးမတို့ သားအမိ အပေါ်ထပ်မှ ပြန်ဆင်းလာကြသည်။

"ကဲ ...ခရီးရောက်မဆိုက် ဘာချက်ကျွေးရမလဲပြော၊ ငါးသလောက်ဥတွေတော့ လမ်းက ဝယ်ခဲ့တယ်"

"ဒါဖြင့် ငါးသလောက်ဥပဲ ကြော်လိုက်ပေါ့ အဒေါ်၊ မိုးစည် City Mart မှာ သခွားသီးနည်းနည်းသွားဝယ်စမ်း၊ သံပုရာသီးလည်းဝယ်ခဲ့၊ သခွားသီးလက်သုပ်သုပ်ပြီး ငါးသလောက်ဥကြော်လေးနဲ့ လွေးလိုက်ရရင် ဆွေမျိုးမေ့သွားမှာပဲ"

သူမအပြောကြောင့် သူ သွားရည်ကျသွားမိ၏။

သူက နေ့စဉ် ကြက်ဥချောင်း၊ ကြက်သားလုံး၊ ပုစွန်လုံး အစရှိသည့် အဆင်သင့် ပြုလုပ်ထားသော Ready Made





အစားအသောက်များကို City Mart မှ ဝယ်ယူ၍ စားသောက်နေသူ ဖြစ်သောကြောင့် ယခုလို ဖွယ်ဖွယ်ရာရာ စားစရာလေးတွေအကြောင်း ကြားလိုက်ရတော့ စားချင်သောက်ချင်စိတ်များ တဖွားဖွား ပေါ်ပေါက်နေမိ၏။

သို့သော် သူမအနေနှင့် သူ့ကို ကျွေးမှာ မဟုတ်တာ သေချာသည်။

နေ့လယ်စာကို သူ့ဘာသာ ပျင်းရိငြီးငွေ့စွာ စားသောက်နေစဉ် ဒေါ်ခွေးမတို့ သားအမိက ငါးသလောက်ဥကြော်ခြင်း၊ သခွားသီးသုပ်ခြင်းတို့ကို ပြုလုပ်နေကြသည်။

"ပန်ပန်ရေ ... ကြာဇံဟင်းခါးလေး တစ်ခွက်ချက်ပေးချင်လိုက်တာဟယ်၊ ဒါပေမယ့် ဘာပစ္စည်းမှလဲ မရှိပါလား ..."

"အို ... ရှုပ်ပါတယ်၊ ဒီမှာတွေ့တဲ့ ကြာဇံတွေပဲယူပြီး ဟင်းချိုချက်လိုက်မယ်လေ"

ဒေါ်ခွေးမတို့ သားအမိ တစ်ယောက်တစ်ပေါက်အော်နေတာကို ပန်ပန်က မကြားသော်လည်း ကိုဦးက ကြားလေသည်။

သူနေ့လယ်စာ စားပြီးပြီမို့ ညှော်ခန်းထဲထိုင်ပြီး သတင်းစာဖတ်နေ၏။

မိုးစည်က သူ့အနီးမှာလာထိုင်ပြီး

"အစ်ကိုကြီးက အလုပ်မသွားဘူးလား" ဟု မေးလိုက်သည်။

"မသွားဘူးကွ"

"အစ်ကိုကြီးက ဘာအလုပ်လုပ်သလဲ"

"ကိုယ်က Publisher တစ်ယောက်ပဲ နာမည်ကြီးစာရေးဆရာသုံးယောက် ကိုယ့်လက်ထဲမှာရှိတယ်"

"ဩော် ... ဟုတ်လား အစ်ကို့ စာအုပ်တိုက်က ဘယ်မှာလဲ"

"မြို့ထဲမှာ"

"ဒါဖြင့်ရင် စာအုပ်တိုက်မှာ ဘာလို့မနေတာလဲ"

"မင်းကလဲ အမေးအမြန်းထူလိုက်တာ၊ ပနေချင်လို့ပေါ့ကွာ"

သူ့ မျက်နှာသုန်မှုန်သွားသောကြောင့် မိုးစည်ဘာမှဆက်ပမေးဝံ့တော့ပေ။





ထိုနေ့ နေ့လယ်စာကို သူဝယ်ယူထားသည့် ထပင်းဝိုင်းလှလှကြီးပေါ်တွင် မြိန်ရှက်စွာ စားသောက်နေကြသည်။

စကားသံတွေက ကြွက်ကြွက်ညံနေတော့၏။

အလွန်စကားများ၍ အသံကျယ်သော ဒေါ်ခွေးမတို့သားအမိ ရောက်လာသည့်အတွက် သူစိတ်ပျက်နေပုံကာ အမှန်ပင်။

ထိုနေ့ ညနေမှာပင် မိုးစည် ပြန်သွားတော့၏။

## အခန်း (၂)

နောက်တစ်နေ့ နံနက်သူမနက်စာပြင်ဆင်နေစဉ် တိုက်ကလေးရှေ့တွင် Hilux ကားကြီးတစ်စီး ထိုးရပ်သွား၏။

"မမရေ ... မမ"

ကားပေါ်မှ ဘုတ်ခနဲခုန်ဆင်းပြီး ခေါ်လိုက်သောအသံ ကျယ်ကျယ်ကြောင့် သူ တိုက်ရှေ့သို့ လှမ်းကြည့်လိုက်သည်။

"မမရွှေ ..."

ခြံတံခါးသံပန်းနားတွင် ရပ်လျက်အော်ခေါ်နေသည့် ဘော်လရောင်ကို တွေ့လိုက်ရသည်မဟုတ်ပါလား ...

ဘော်လရောင်နှင့်အတူ ရွှယ်တူကောင်လေး သုံးယောက်ခန့် ကားပေါ်မှ ခုန်ဆင်းလိုက်ကြပြီး ...

"မမရေ ... မမ" ဟု သံပြိုင်အောင်ခေါ်လိုက်ကြသောကြောင့် သူမျက်မှောင်ကြုတ်သွားလေသည်။

"ဟင် ... ဘယ်လိုဟာတွေပါလိမ့်၊ ဆူဆူညံညံနဲ့"

သူမသိချင်ရောင်ယောင်ပြီး ခြံတံခါးမဖွင့်ပေးဘဲ ရပ်နေစဉ် အိမ်ပေါ်ထပ်မှ ခပ်သွက်သွက်ဆင်းလာသော ပန်သစ္စာကို တွေ့လိုက်ရသည်။

"ဟင် ... ဘော်တို့ပါလား၊ လာပြီ ... ဘော်"

သူမအသံကို မြင့်၍ လှမ်းပြောလိုက်ပြီး အူကြောင်ကြောင် အမူအရာဖြင့် ရပ်ကြည့်နေသောသူ့ကို လှမ်းကြည့်လိုက်၏။ ပြီးတော့ ပြောသည်။

"ရှင်ကလဲ အိမ်ရှေ့မှာ ဘော်တို့ခေါ်နေတာ မကြားချင်ယောင်ဆောင်နေလား၊ ခြံတံခါးလေးဘာလေးတောင် ဖွင့်ပေးဖော်မရဘူး၊ ကျွန်မက အပေါ်ထပ်မှာ ရေချိုးနေလို့ သူတို့ခေါ်သံကို ချက်ချင်းမကြားတာ"





သူမစကားကြောင့် သူ့မျက်နှာ တင်းသွားပြီး ...

"ခင်ဗျား မိတ်ဆွေတွေပဲ၊ ကျုပ်ကတံခါးဖွင့်ပေးရဦးမှာလား"

ဟု ဘုပြောလိုက်သည်။

သူမက သူ့ကို ဂရုမစိုက်ဟန်ဖြင့်

"အေးမိစံရေ ... ဆင်းလာခဲ့ပါဦးဟေ့"

"လာပါပြီ မမ"

အိမ်ပေါ်ထပ်တွင် သနပ်ခါးသွေးနေရာမှ အေးမိစံ ပြေးဆင်းလာ၏။

"ခြံတံခါးသွားဖွင့်ပေးစမ်း"

"ဟုတ်ကဲ့ မမ"

အေးမိစံခြံတံခါးသွားပြေးဖွင့်ပေးသည်။

ဘော်လရောင်နှင့် လူရွယ်လေးသုံးယောက် တိုက်ကလေးထဲသို့ ဝင်လာကြ လေသည်။

"မောနင်း ... မမ"

"မောနင်း ... ဘော်၊ ဩော် ... မင်းသူငယ်ချင်းတွေ

ပါ ပါလာကြသလား"

"ဟုတ်ကဲ့ မမ၊ ဒါကျွန်တော်တို့ band က လူတွေလေ"

"သြော် ..."

သူမတို့ စကားပြောနေတာကို ကြည့်ပြီး ထမင်းစားပွဲတွင် မနက်စာစားရင်း သူ မသိမသာနှာခေါင်းရှုံ့နေမိ၏။

"မနေ့ကအထိ ခြောက်ပုဒ်သွင်းပြီးသွားပြီ မမ၊ ကျွန်တော့်စီးရီးခွေလေး တစ်ဝက်ပြီးသွားပြီ မမရဲ့၊ မမဝမ်းမသာဘူးလား"

"ဝမ်းသာပါတယ်ကွယ်၊ ဆိုရတာကော ဘယ်လိုလဲ မင်းအဆင်ပြေတယ် မဟုတ်လား"

"အိုကေပဲ မမ၊ ဒါပေမယ့် မမသာ အနားမှာရှိရင် ကျွန်တော့်ပိုပြီး Mood ဝင်မှာ ကျန်တဲ့ခြောက်ပုဒ်သွင်းရင် မမလိုက်ခဲ့ပေးရမယ်နော်"

"မမအားတဲ့ရက်နဲ့ ကြုံရင်လိုက်ခဲ့ပေးမှာပေါ့"

"လာမယ့် စနေကို Studio မှာ date ယူထားတယ်၊





မမလိုက်ခဲ့ပေးပါဗျာ၊ ဒါမှ ကျွန်တော်သံစဉ်တွေက ပိုလှမှာ"

ဘော်လရောင် ခပ်ချွဲချွဲပြောနေသောကြောင့် ပန်သစ္စာပြုံးနေမိ၏။

ထမင်းစားခန်းနှင့် ဧည့်ခန်းခြားထားသော ရိုးကော့စ်ကြားမှ သူမတို့ကို သူ မသိမသာလှမ်းကြည့်နေမိသည် မဟုတ်ပါလား ...

"ဒီနေ့ မမဆီကို လာတာ ကျွန်တော်တို့ ဒီမှာ သီချင်းတိုက်ကြမလို့ ကျန်တဲ့ ခြောက်ပုဒ်ကို ကျွန်တော် ကောင်းကောင်းမရသေးဘူး၊ သိပ်မကြေသေးဘူးဗျ၊ မမလဲနားထောင်ပေးပါနော်၊ ကျွန်တော်လိုတာလေးပြပေးပေါ့"

"ကောင်းပြီ ... ဘော်"

"ဒါဆို ကျွန်တော်တို့ instrument တွေ သွားယူလိုက်မယ်" မမ ခွင့်ပြုမယ် မဟုတ်လား"

"အိုကေ"

သူမ ခွင့်ပြုချက်ရသည်နှင့် ဘော်လရောင်ဝမ်းသာပျော်ရွှင်သွားသည်။

ပြီးတော့ တေးဂီတ ပစ္စည်းတွေ ကားပေါ်မှ သွားယူရန် သူတို့အုပ်စု တိုက်ကလေးထဲမှ ထွက်သွားကြသည်။

ခဏကြာတော့ Drum တွေ၊ ဂစ်တာတွေ၊ အော်ဂင်တွေ ပိုက်ကာ သူတို့အုပ်စု တိုက်ကလေးထဲ ပြန်ဝင်လာကြတာကို တွေ့လိုက်ရသောကြောင့် ကိုဦးမျက်လုံးပြူးသွားလေသည်။

*"ဟင် ... ဒါတွေ ဘယ်မှာထားကြမှာပါလိမ့်"*

ဒေါင်ဒေါင်ဒင်ဒင်နဲ့ သောင်းကျန်းကြတော့မယ် ထင်ပါရဲ့ ...

သူ စိုးထိတ်နေစဉ်မှာပင် ဘော်လရောင်က သူမကို လှမ်းပြောလိုက်သည်။

*"မမ ... ဒီဆိုဖာခုံတွေ ဘေးကပ်ထားလိုက်မယ်နော်၊ ကျွန်တော်တို့ ပစ္စည်းတွေ ဒီမှာ ခဏထားချင်လို့"*

*"ကောင်းသလိုသာ ကြည့်ထားလိုက်ပါ"*

သူမ စကားကြောင့် သူ ဒေါဖောင်းသွားမိသည်။

သူ လုလုပပ ပြုပြင်ထားခဲ့သည့် ဧည့်ခန်းအလှကို ဖျက်စီးပစ်ကြတော့မည် မဟုတ်ပါလား ...





ထမင်းစားခန်းထဲမှ သူထွက်လာခဲ့ပြီး ဧည့်ခန်းဝတွင် ရပ်၍ ဆိုဖာခုံတွေ ရွှေ့နေကြသော သူတို့ကို ရပ်ကြည့်နေမိသည်။

သူမက သူ့ကို မြင်သွားပြီး "ဘာလဲ" ဟု မေးသည်။

*"ဘာလုပ်ကြမလို့လဲ ... ကျုပ်ဆိုဖာတွေကို"*

*"သူတို့ပစ္စည်းတွေ ဒီမှာခဏထားမလို့၊ ဒီနေ့ ဒီမှာ သူတို့ သီချင်းတိုက်ကြမယ်၊ ရှင့်ဆိုဖာတွေ သီချင်းတိုက်ပြီးရင် ပြန်ထားပေးမှာပါ"*

သူ ဘာမှမပြောလိုတော့သောကြောင့် ဧည့်ခန်းထဲမှ လှည့်ထွက်လာခဲ့သည်။

*"ကဲ ... Ready ပဲ မမ၊ စလိုက်ကြမယ်နော်"*

သူ့ အခန်းရှိရာ အပေါ်ထပ်သို့ တက်ရန်ဟန်ပြင်လိုက်စဉ် ဘော်လရောင်အသံကို ကြားလိုက်ရသည်။

မကြာခင်မှာပင် ဒရမ်သံ ခပ်ပြင်းပြင်းနှင့် Heavy Rock တီးလုံးသံစဉ်တစ်ခုကို သူ ကြားလိုက်ရ၏။

ဘော်လရောင်က Sound box နှင့် တပ်ဆင်ထားသော

mic ကို ကိုင်ပြီး စတင်၍ ဟစ်တော့သည်။

*"ဟေး ... ငါ့အချစ်တွေ မီးလျှံများကိုဖြတ်မယ် ... ဟေး ... အို ..."*

ဘော်လရောင်အသံကျယ်ကျယ်ကြောင့် သူ ထိတ်လန့်သွားသည်။

အပေါ်ထပ်ရှိ သူ့အခန်းထဲရောက်တော့ စိတ်တည်ငြိမ်စေရန် မဂ္ဂဇင်းတစ်အုပ် ဖတ်နေမိသည်။

သို့သော် စာအုပ်ထဲ စိတ်မဝင်စား။

ဒုန်းဒုန်းဒိုင်းဒိုင်းနှင့် ဆူညံပွက်လောရိုက်နေသော အသံများက သူ့နှလုံးကို ဆူပွက်နေစေသည် မဟုတ်ပါလား ...

သူနားထောင်ရင်း ဒေါသတွေ တလိပ်လိပ်တက်လာသည်။

သီချင်းတစ်ပုဒ်ပြီးသွားတော့ သူမလက်ခုပ်တီးသံကို ကြားလိုက်ရ၏။

*"သိပ်ကောင်းတာပဲ ဘော်၊ မင်းရဲ့ Vocal စွမ်းအားက အများကြီး တိုးတက်လာတာပဲ"*





သူမ ဘော်လရောင်ကို ချီးမွမ်းလိုက်သောကြောင့် သူ၏ နှုတ်ခမ်းကို မဲ့ပစ်လိုက်သည်။

သူ့ကောင်လေးရဲ့ အာခြစ်ပြီးအော်သံကိုများ ချီးမွမ်းနေလိုက်တာ ... ငါ့နားထဲမှာတော့ ဆူပွက်နေတာပဲ ...

သူ စိတ်ညစ်ညစ်ဖြင့် နားပိတ်ထားလိုက်သည်။

နောက်သီချင်းတစ်ပုဒ်ကို စတင်တီးခတ်နေတာ ကြားနေရ၏။ သူတို့က သီချင်းတစ်ပုဒ်ပြီးတစ်ပုဒ် တီးခတ်သီဆို နေကြသောကြောင့် သူနားတော်တော်ငြီးနေမိ၏။

ဆယ့်နှစ်နာရီကျော်သည်အထိ ထမင်းဆင်းမစားဖြစ်တော့ပေ။ နှစ်နာရီခွဲသည်အထိ သူတို့ သီဆို၍ မပြီးကြသေးသောကြောင့် သူ အောက်ထပ်သို့ ထမင်းစားရန် ဆင်းလာခဲ့သည်။

ဗိုက်ထဲတွင် တဂွီဂွီမြည်ကာ ဆာလောင်မွတ်သိပ်လှပြီဖြစ်သည်။

သူမတို့ကတော့ စားသောက်ပြီးကြပြီထင်သည်။

ဗိုက်ဆာတာကို အောင့်အီးရင်း အပေါ်ထပ်တွင် သူ့ခဏအိပ်ပျော်သွားစဉ်က သူမတို့ ထမင်းစားပြီးသွားတာ ဖြစ်ရမည်။

ရေခဲသေတ္တာကို ဖွင့်ပြီး ညကကြော်ထားသည့် ကြက်အူချောင်းကြော်ကို ယူမည်ပြုလိုက်စဉ် ကြက်အူချောင်းကြော်ပန်းကန်ကို မတွေ့ရသောကြောင့် သူအံ့သြသွားမိ၏။

ဟင် ... ကြက်အူချောင်းကြော်တွေ ဘယ်ရောက်သွားပါလိမ့် ...

မီးဖိုချောင်ထဲရှိ ဒေါ်ခွေးမရှိရာလျှောက်လာခဲ့ပြီး သူမေးလိုက်သည်။

"အဒေါ် ရေခဲသေတ္တာထဲက ကျွန်တော်ကြော်ထားတဲ့ ကြက်အူချောင်းကြော်တွေ ဘယ်ရောက်သွားပြီလဲ"

"ဘယ်သိပါ့မလဲကွယ့်"

"မသိလို့ဘယ်ရမလဲ ... ကျွန်တော်အခုထမင်းစားမလို့"

"အို ... မင်းကလဲ စွပ်စွပ်စွဲစွဲ၊ မင်းရဲ့ဟင်းကို ဘယ်





သူကယူစားမှာလဲ"

ဒေါ်ခွေးမက စိတ်တိုတိုဖြင့် ပြန်အော်သည်။

"ဒါဖြင့် ကျွန်တော့်ဟင်းတွေက သူ့ဘာသာပျောက်သွားသလား၊ တစ်ယောက်ယောက်ယူစားလိုက်လို့ပေါ့"

"ဟုတ်တာပေါ့ ... သိပ်ဟုတ်"

သူ့စကားကို ထောက်ခံသလိုပြောရင်း မီးဖိုချောင်ထဲဝင်လာသော အေးမိစံကို တွေ့လိုက်ရ၏။

အေးမိစံက ခုနတုန်းက သီချင်းတိုက်နေသည့်နားတွင်ထိုင်ပြီး ဣန္ဒြေပျက်လောက်အောင် ပျော်ရွှင်ရယ်မောနေ၏။

"ရှင့် ကြက်အူချောင်းကြော်တွေကို ကျွန်မစားပစ်လိုက်တာ၊ ဗိုက်သိပ်ဆာလို့"

"ဘာ ... မင်းစားလိုက်တာ ဟုတ်လား"

"ဟုတ်တယ်၊ ဗိုက်ဆာတာနဲ့ ရေခဲသေတ္တာဖွင့်ကြည့်လိုက်တော့ ကြက်အူချောင်းကြော်ရယ်၊ မှိုကြော်ရယ်တွေ့တာနဲ့ ယူစားလိုက်တာ၊ ရှင်က အချက်အပြုတ်ကောင်းသားပဲ"

"ငါက နေဖို့ ညစာစားဖို့ချက်ထားတာ ... နင်စား

ပစ်ဖို့ မဟုတ်ဘူး''

''သိဘူးလေ ... ရှင်က အားလုံးအတွက် ချက်ထား တယ်ဆိုပြီး ရက်ရက်ရောရောနဲ့ အမြဲတမ်း ဖိတ်ခေါ်နေတော့ ကျွန်မလဲ ဗိုက်ဆာတာနဲ့ ယူစားလိုက်တာပေါ့''

''ဟာ ... တောက်''

သူ စိတ်တိုစွာဖြင့် မီးဖိုခန်းထဲမှ ထွက်လာခဲ့သည်။

သူမက ဆိုဖာခုံတွင် ထိုင်ပြီး သီချင်းဆိုတာ ကြည့်နေ ဆဲပင်။ သူပိုက်ဆံအိတ်ကို ယူလိုက်ပြီး ရွှေပဒေသာတွင် နေ့လယ်စာ သွားစားရန် ထွက်လာခဲ့မိသည်။

□◆□





## အခန်း (၃)

နောက်တစ်နေ့ည။

အောက်ထပ်ဧည့်ခန်းထဲတွင် သူတစ်ယောက်တည်း ထိုင်ပြီး အင်္ဂလိပ်မဂ္ဂဇင်းတစ်ပုဒ်ကို စိတ်ဝင်တစားဖတ်နေစဉ် တယ်လီဖုန်းသံ မြည်လာသည်။

''တူ ... တူ ... တူ''

ဖုန်းခွက်ကို ကောက်ကိုင်လိုက်ပြီး နားမှာ ကပ်လိုက်၏။

''ဟယ်လို ... မမလား''

ဘော်လရောင်၏ အသံကို ကြားလိုက်ရသောကြောင့်

သူ စိတ်တိုသွားမိ၏။

ထိုစဉ် အပေါ်ထပ်မှ သူမ၏အသံကို ကြားရ၏။

"အောက်ထပ်က ဖုန်းချလိုက်ပါ၊ ကျွန်မဖုန်းပြောမယ်"

သူမအသံကြောင့် သူဖုန်းချလိုက်သည်။

"ကဲ ... ပြော ... ဘော်၊ ဟိုလူ ဖုန်းချသွားပြီ"

"မမ ... အဲဒီမျက်နှာထားဆိုဆိုးနဲ့ လူကြီးက ဘယ်သူလဲဟင် ... မမဆီ ကျွန်တော်လာလည်တိုင်း ကျွန်တော့်ကို မကြည့်မလင်ကြည့်တတ်တယ်"

"အဲဒီလူလား ... ပြောရမှာတောင်စိတ်ရှုပ်ပါတယ် ကွယ်၊ မမ် မော်လမြိုင်မှာနေတုန်း ဒီတိုက်ကလေးကို မမ သူငယ်ချင်းတစ်ယောက်ဆီမှာ ခဏအပ်ထားခဲ့တယ်၊ အဲဒီ သူငယ်ချင်းက အိမ်ရှ ယောင်ဆောင်ပြီး အဲဒီလူကို အငှား တင်ခဲ့တာပဲ၊ မမလည်း ပြန်လာရော မျက်နှာတွေပူပြီး သူ ရှောင်ပြေးသွားတယ်၊ အဲဒီလူဆီက စပေါ်ငွေချစ်သိန်းကို ပြန်မပေးနိုင်တော့ဘူးလေ၊ ဒါကြောင့် အဲဒီလူကလည်း စပေါ်ငွေပြန်မရတော့ ဒီတိုက်ပေါ်က ဆင်းမပေးနိုင်ဘူးတဲ့၊ ဘယ်လိုပဲ မောင်းထုတ် မောင်းထုတ် မသွားတော့ဘူး၊





နောက်ဆုံးမမလဲ မတတ်နိုင်တော့တာနဲ့ အဖော်တွေခေါ်ပြီး နေလိုက်ရတာပဲ"

သူပြောပြတာတွေ နားထောင်ရင်း ဘော်လရောင် ရင်ထဲရှုပ်ထွေးသွား၏။

"ဒီလူကလဲ ... သက်သက်ကတ်တာပါဗျာ၊ ကျွန်တော်ကတော့ မမကို စိတ်ပူတယ်ဗျာ၊ ဒီလူ့ပုံစံက ညစ်ကျယ်ကျယ်နဲ့ မမနဲ့အဆင်ပြေရဲ့လား"

"အဆင့်တော့ ဘယ်ပြေပါမလဲကွယ်၊ ဒီလိုပဲ သီးခံပြီး နေရတာပေါ့"

"ကျွန်တော် မမအတွက် စိတ်ပူတယ်ဗျာ"

"ဘာမှ ပူစရာမရှိပါဘူး ဘော်ရဲ့၊ ဒါနဲ့မင်းဖုန်းဆက်တဲ့ အကြောင်းကို ပြောပါဦး"

"ဟုတ်ကဲ့ ... တီးဝိုင်းခေါင်းဆောင်က စရုံတစ်ဝက် တောင်းနေလို့ပါ၊ စီးရီး(စ်)က တစ်ဝက်သွင်းပြီးသွားပြီဆိုတော့ သူလဲလိုချင်မှာပေါ့"

"ဪ ... ဟုတ်သားပဲ၊ မင်းကလဲပြောရောပေါ့ ကွယ်၊ မင်းပြောပြမှာ မမက သတိရမှာပေါ့"

"ကျွန်တော်လဲ မမကိုအားနာလို့ပါ၊ ကျွန်တော့်အတွက် မမက အစစအရာရာ ကူညီနေတယ်ဆိုတော့ ..."

"ဘယ်ဟုတ်ပါ့မလဲ ... ဒီစရိတ်တွေက မမပေးရမှာပဲလေ၊ မင်းရဲ့ စီးရီး(စ်) နဲ့ ပတ်သက်သမျှ ကုန်ကျစရိတ်အားလုံး မမတာဝန်ယူမှာပေါ့၊ အားနာစရာမှ မဟုတ်တာ"

"ကျေးဇူးတင်ပါတယ် မမ၊ ကျွန်တော့်အပေါ် မမလောက် ကောင်းတဲ့သူမျိုး နောက်ထပ်ရှာတွေ့နိုင်မယ်မထင်ဘူးဗျာ၊ ကျွန်တော် တကယ်ကျေးဇူးတင်တယ်"

ဘော်လရောင် စကားကြောင့် သူမရယ်လိုက်သည်။

"ဒီလောက်လဲ ကျေးဇူးတင်မနေပါနဲ့ဘော်ရယ်၊ တော်ကြာနာမည်ကြီးလာမှ မမဆိုတာ ဘယ်သူလဲလို့ မေ့နေပါဦးမယ်"

"မမကို ကျွန်တော်ဘယ်တော့မှ မမေ့ဘူး၊ မမက ကျွန်တော့်ရဲ့ ကျေးဇူးရှင် မမ၊ ထာဝရ ဦးနှောက်ထဲမှာရော၊ နှလုံးသားထဲမှာပါ မှတ်ထားမှာပါဗျာ"

"စရံငွေကို မင်းဘယ်နေ့လာယူမလဲ ဘော်"





"မနက်ဖြန်ပဲ လာယူချင်တယ် မမ"

"ကောင်းပြီလေ ... မနက်ဖြန် မနက်စောစော F.M.I ကို မင်းလာခဲ့ပေါ့၊ တို့စောင့်နေမယ်၊ ဒါပဲနော် ... အိုကေ"

စကားဆုံးသည်နှင့် သူမ ဖုန်းချလိုက်သည်။

ကိုဦးရင်ထဲမှာ လှုပ်ရှားပြီး ဆောက်တည်ရာမရ ဖြစ်နေမိသည်။

သူ့ အသက်သုံးဆယ်ရှိနေပြီ။

ဒီအရွယ်အထိ သူ စိတ်ဝင်စားခဲ့ဖူးသည့် မိန်းကလေး မရှိခဲ့ဖူးပါ။

သူမနှင့် တွေ့ရမှ မြင်မြင်ချင်း စိတ်ဝင်စားခဲ့မိရုံမက အသည်းစွဲအောင် ချစ်နေခဲ့မိသည် မဟုတ်ပါလား ...

ကောင်လေးက ငယ်ငယ်ချောချောနဲ့ ပန်သစ္စာကို အတော်ချွဲချွဲနွဲ့နွဲ့ ပြောတတ်တဲ့သူပဲ ...

မေတ္တာစစ်နဲ့ ချစ်တာဆိုတော်ပါသေးရဲ့ ... လိမ်လည်လှည့်ဖျားနေတဲ့သူသာဆိုရင် သူမအတွက် မတွေးဝံ့စရာပါလား ...

သူ ထိုသို့ တွေးနေစဉ် အိမ်အပေါ်ထပ်ရှိ ပန်သစ္စာ

ကလဲ ဘော်လရောင်အကြောင်း တစိမ့်စိမ့်တွေးပြီး ရင်ခုန်လှုပ်ရှားနေမိသည်။

သူမနှင့် ဘော်လရောင်တို့ စပြီး ဆုံခဲ့ကြသည့် နေ့ကို အမှတ်တရ ဖြစ်နေမိ၏။

□◆□



# အာပိုင်း သုံး

## အခန်း (၁)

ထိုနေ့က မိုးဖွဲဖွဲရွာနေ၏။ မိုးလယ်ကာလမို့ မြစ်ပြင်တွင် ရေများ ပြည့်လျှံလျက် မြစ်ရေများက သူမတို့ ခြံနောက်ဘက် အထိ တက်နေသည်။

သူမတို့ ခြံနှင့်တိုက်ကြီးသည် မော်လမြိုင်မြို့ ထားဝယ်စု အောက်ပိုင်းတွင် ဖြစ်ပြီး အိမ်အနောက်ဘက်တွင် သံလွင်မြစ်က တဝုန်းဝုန်း စီးဆင်းလျက်ရှိသည်။

အိမ်အနောက်ဘက် မြစ်ကမ်းစပ်တွင် လှေစီးသူအချို့ ရှိနေကြသည်။ ထူးထူးခြားခြား ဆူညံနေသောကြောင့် သူမ

ခြံအနောက်ဘက်ရှိ မြစ်ကမ်းစပ်သို့ လျှောက်လာခဲ့မိသည်။

"ဟော့ ... ပန်သစ္စာ၊ မြစ်ရေတွေတက်နေတယ်၊ ဘာသွားလုပ်မလို့လဲ"

"လှေစီးတဲ့ လူတွေကြည့်မလို့" ဟု ခြံချင်းကပ်လျက်မှ သူငယ်ချင်းနုနုကို ပြန်ပြောလိုက်သည်။

နုနုက သည်ဘက်ခြံသို့ ကူးလာခဲ့ပြီး သူမနှင့်အတူ မြစ်ကမ်းနဖူးရှိရာသို့ လိုက်လာခဲ့သည်။

"ဝါဆိုဝါခေါင်ရေဖောင်ဖောင်ဆိုတာ ဒီလိုမျိုးပေါ့၊ ပျော်စရာကြီးနော်"

ပန်သစ္စာသည် ဂျင်းဘောင်းဘီရှည်နှင့် စပို့ရှပ်အပြာစင်းတို့ကို တွဲဝတ်ထားပြီး စတိုင်လ်ဦးထုပ် ခပ်ပျော့ပျော့ကို ဆောင်းထားသည်။

ဟပ်(ဖ်)ရှူးအနက်ရောင်လေးဖြင့် သူမ ပုံစံလေးက တက်ကြွလန်းဆန်းလျက်ရှိသည်။

သူမတို့ ရပ်နေသည့် မြစ်ကမ်းနဖူးတွင် လှေလေးတစ်စီးကို တွေ့လိုက်ကြရပြီး လှေပေါ်တွင် လူရွယ်သုံးဦး လှော်ခတ်နေကြသည်။





"ကိုကိုအောင် သီချင်းဆိုဗျာ"

တစ်ယောက်က လှမ်းအော်ပြောလိုက်၏။

လှေပေါ်မှ ခပ်ဝဝလူက ခေါင်းခါယမ်းလိုက်ပြီး ပြန်အော်ပြောလိုက်သည်။

"ငါက အသံမကောင်းဘူး၊ မင်းအသံကမှ ကောင်းတာ ဘော်လရောင်၊ မင်းပဲ သီချင်းဆိုပါလား"

"ဟုတ်တယ် ဘော်လရောင် မင်းပဲဆိုလိုက်ပါ" ဟု ကျန်တစ်ယောက်က ပြောလိုက်သည်။

"ဒါဖြင့် မြန်မြန်ပြောဗျာ ... ဘာသီချင်းဆိုရမှာလဲ"

"ဆိုချင်တာဆိုဗျာ ... နားထောင်ရရင်ပြီးတာပဲ"

လှေအလယ်တွင် ထိုင်နေသည့် ခပ်ချောချောကောင်လေးက လှော်တက်ကို မြှောက်လိုက်ပြီး

"ကဲ ... စပြီဗျို့" ဟု အော်လိုက်၏။

ပြီးတော့ လှေလှော်ရင်း သီချင်းအော်ဆိုနေသည်။

သူ့ စကားလေးများ ကြမ်းတဲ့အခါ ကိုယ်နှလုံးသားလေး ဝမ်းနည်းသွား x x x x x တစ်ယောက်တည်း ကြိတ်ကြေကွဲလဲ အချစ်များသူ့ဆီမှာ .

တစ်ယောက်တစ်ခွန်းစကားများကြားတဲ့အခါ ကျွန်တော်ပဲ အရှုံးပေးလိုက်ရတာ နာကြည်းလို့ မခေါ်မပြောလဲ အချစ်များသူ့ဆီမှာ x x x x x

ဇော်ဝင်းထွဋ်၏ ''အချစ်များသူ့ဆီမှာ'' သီချင်းကို သီဆိုနေသည်။

သူ့အသံက အောင်မြင်ကြည်လင်ပြီး ဆွဲဆောင်မှုရှိလှသည်။

သီချင်းသံသည် အနောက်တောင် မုတ်သုန်လေနှင့်အတူ ပျံ့လွင့်လာ၏။

အသံရှင်ကို သူမ စိတ်ဝင်စားနေမိသည်။

''ဒီလူ အသံတော်တော်ကောင်းတာပဲ'' ဟု နုနုက ပြောလိုက်သည်။

''ဟုတ်တယ်နော်၊ သူ့အသံကောင်းတယ်''

''ဟော့ မင်းအသံက ကောင်းလို့ထင်တယ်၊ ဟိုမှာ ကောင်မလေးတွေကြည့်နေကြပြီ''

ကိုကိုအောင့် စကားကြောင့် ဘော်လရောင်က သူမတို့ကို လှမ်းကြည့်ပြီး သူမတို့အနီးသို့ လှေကို လှော်ခတ်လာ၍





သီချင်းကို ပြန်ကျော့၍ သူဆိုလိုက်သည်။

''ဟော ... ဟော ဟိုမှာ အရက်မူးသမားတွေ လာနေပြီ''

ပုလင်းခါးထိုးပြီး အရက်မူးနေသည့် အရက်သမား နှစ်ဦး သူမတို့ထံသို့ တည့်တည့်မတ်မတ်ဦးတည်ပြီး လာနေတာကိုတွေ့လိုက်ရသည်။

''ဒုက္ခပဲဟော့ ... ငါတို့ကို ရမ်းကားမလားမသိဘူး''

သူမတို့ ထင်သည့်အတိုင်းပင် ထိုလူရမ်းကား နှစ်ယောက်က သူမတို့ အနီးလျှောက်လာပြီး

''ဟိတ် ... မြစ်ကမ်းဘေးနားလာပြီး ဘာလုပ်နေကြတာလဲ၊ ရေထဲဆွဲနှစ်လိုက်ရမလား''

ဟု ရမ်းရမ်းကားကား မေးလိုက်သည်။

''ရေထဲဆင်းပြီး နှစ်ပါးသွား ကရအောင် လိုက်ခဲ့စမ်း''

ဟုတစ်ယောက်တစ်ပေါက် ရမ်းကားပြောဆိုလိုက်ကြသည်။

''ငမူးတွေနော်၊ လူဝါးမဝနဲ့''

နုနုဒေါသတကြီး ပြန်အော်လိုက်သည်။

“လူဝါးဝတော့ ဘာဖြစ်လဲကွ၊ အားနွဲ့တဲ့မိန်းမသားဆိုပြီးသနားနေလို့ ကန်းတက်မလာနဲ့၊ သေသွားမယ်”

ပြောပြောဆိုဆို နုနုမျက်နှာကို ရိုက်ရန် လက်တစ်ဖက်မြှောက်၍ ရွယ်လိုက်သောကြောင့် သူမတို့နှစ်ဦး မခံမရပ်နိုင်ဖြစ်ပြီး ပြေးထွက်ခဲ့ကြသည်။

“လုပ်ကြပါဦးဗျို့ ... ငမူးတွေရမ်းနေလို့”

အသံကျယ်ကျယ်ဖြင့် သူမတို့နှစ်ယောက် ပြိုင်တူ အော်လိုက်ကြသည်။

ဘော်လရောင်တို့ သုံးယောက်က လှမ်းကြည့်ပြီး လှေပေါ်မှ ဆင်းလိုက်ကြသည်။

လှော်တက်တစ်ယောက်တစ်ချောင်းကိုင်ပြီး ပြေးလာကြသော သူတို့အုပ်စုကို မြင်ရသောကြောင့် အရက်သမားနှစ်ယောက်သုတ်ခြေတင်ပြီး ပြေးသွားကြသည်။

“အစ်မတို့ ဘာဖြစ်သွားသေးလဲ”

ဘော်လရောင်က စိုးရိမ်ပူပန်သည့် အသံဖြင့် မေးလိုက်သည်။

သူ့ကို ပန်သစ္စာသေသေချာချာ ကြည့်နေမိသည်။





သူ့မျက်နှာက အနည်းငယ်သွယ်သည်။ မျက်ခုံးနက်နက်နှစ်တန်းက တောက်ပြောင်စူးရှသောမျက်လုံးများနှင့်လိုက် ဖက်လှ၏။ နှာတံချွန်ချွန်၊ နှုတ်ခမ်းတွေက အနည်းငယ်ထူ သော်လည်း ကြည့်ရမဆိုးပေ။ ဖြူသောအသား၊ မြင့်သော အရပ်အမောင်းများကြောင့် ခြုံ၍ပြောရလျှင် လူချောတစ် ယောက်ဟု ဆိုနိုင်သည်။

“တော်သေးတာပေါ့ ... ရှင်တို့ ကူညီလို့၊ နို့မဟုတ်ရင် မတွေးဝံ့ဘူး၊ ကျေးဇူးတင်ပါတယ်” ဟု နုနုက ပြောလိုက်သည်။

ဘော်လရောင်က ပန်သစ္စာကို စိတ်ဝင်တစားကြည့်နေ၏။

သူမကို မြင်မြင်ချင်းသဘောကျနေမှန်း သိသာပါသည်။

“မမတို့က ဘယ်မှာနေတာလဲ”

“အခုမြင်နေရတဲ့ ကျွန်မတို့အိမ်ပဲပေါ့”

“ဪ ... ခြံကြီးက အကျယ်ကြီးပါလား၊ ခြံအနောက်ဘက်ပိုင်းက မြစ်ကမ်းနံဖူးနဲ့ဆက်နေတယ်နော်”

''ဟုတ်တယ် ... ခြံက အရမ်းကျယ်တော့ မြစ်ကမ်းနံဘေးထိ ရောက်နေတယ်''

ဟု သူမပြောလိုက်သည်။

''ကျွန်တော်က တောင်ဝိုင်းကပါ၊ ဒီကနေ့မှ သူငယ်ချင်းတွေနဲ့ မြို့ထဲလိုက်လာပြီး သံလွင်မြစ်ကမ်းစပ်မှာ လျှောက်လည်ရင်း လေ့စီးဖြစ်တာလေ''

သူက တရင်းတနှီး ပြောပြနေလေသည်။

နုနုက သူ့ကို ငေးကြည့်နေရာမှ ...

''ရှင်က အသံအတော်ကောင်းတာပဲ''

ဟု ပြောလိုက်သည်။

''ကျွန်တော်က ဂီတရူးလေးပါ၊ အလွန်အလွန် အဆိုတော်ဖြစ်ချင်ပြီး ခုချိန်ထိ ကျွန်တော့်ကို စီးရီး(စ်) ထုတ်ပေးမယ့်သူ မရှိလို့ အဆိုတော်တစ်ယောက် ဖြစ်ခွင့်မရသေးပါဘူး''

သူ့စကားကြောင့် သူမတို့နှစ်ဦး ရယ်မောလိုက်မိကြသည်။

''သူ့အသံကောင်းသလား မမေးနဲ့၊ သူငယ်ချင်းတွေ





ရဲ့မွေးနေ့ပွဲတို့၊ မင်္ဂလာဆောင်တို့မှာ သူက သီဆိုဖျော်ဖြေနေကျပဲ''

''ဟုတ်လား ဒါဖြင့် ကျွန်မမွေးနေ့ပွဲရောက်ရင်ဖိတ်ပြီး ဆိုခိုင်းဦးမှ ... ဘယ်နှယ့်လဲ လာဆိုပေးနိုင်မလားဟင်''

ဟု မေးလိုက်သည်။

''ရပါတယ် ... မမ၊ မမရဲ့ မွေးနေ့က ဘယ်တော့လဲ၊ မမ မွေးနေ့ရောက်ရင် ကျွန်တော့်ကို ခေါ်လိုက်ပါ၊ ကျွန်တော်ဖုန်းနံပါတ်ပေးခဲ့မယ်''

ပျာပျာသလဲ အမူအရာဖြင့်ပြောနေသည့် သူ့ကို ကြည့်ပြီး ကရုဏာ ဖြစ်သွားမိသည်။

သူက သူ့ဖုန်းနံပါတ်ကို ရေးပြီးသူမကို ပေးလိုက်၏။

ဂီတနှင့် ပတ်သက်လာလျှင် ဤမျှ ရူးသွပ်သူရယ်ပါ။

''ကျွန်တော့်နာမည် ဘော်လရောင်ပါ၊ အသက်နှစ်ဆယ့်သုံးနှစ်ပဲ ရှိသေးတယ်၊ ရန်ကုန်တက္ကသိုလ်ကနေ Physics နဲ့ ဘွဲ့ရပြီးသားပါ၊ မမရဲ့နာမည်ကိုလဲ ပြောပါဦး''

''တို့ နာမည်က ပန်သစ္စာ၊ မော်လမြိုင်တက္ကသိုလ်မှာ E-Major နဲ့ ကျောင်းပြီးထားတယ်၊ လောလောဆယ်တော့

ကုမ္ပဏီတစ်ခုခုမှာ ဝင်ပြီး အလုပ်လုပ်ဖို့စဉ်းစားနေတုန်းပဲ''

''အခုလို သိကျွမ်းခင်မင်ခွင့်ရတာ ဝမ်းသာပါတယ် မမ''

''တို့ကို ပြန်ခွင့်ပြုပါဦး''

''ဟုတ်ကဲ့ မမ''

သူမနှင့် နုနုတို့နှစ်ယောက် နှုတ်ဆက်ပြီး ထွက်လာခဲ့ကြသည်။

□◆□





## အခန်း (၂)

ဘော်လရောင်တို့ ကျွဲကောခြံသည် တောင်ဝိုင်းတွင် ရှိသည်။

သူ့မိဘတွေက ကျွဲကောပင်များစိုက်၍ အသက်မွေးဝမ်းကျောင်းပြုကြသူများ ဖြစ်သည်။

သူတို့ခြံနံဘေးတွင် စမ်းချောင်းတစ်ခုရှိပြီး နာဂဝံသ စမ်းချောင်းနှင့် ဆက်လျက်ရှိ၏။

ပန်သစွာသည် တောင်ဝိုင်းရှိ ဆရာမတစ်ယောက်ထံ အလည်လာပြီး အပြန်တွင် ဘော်လရောင်တို့ ကျွဲကောခြံအနီး

၌ သူမ၏ ပတ်ပလစ်ကာကားလေး ပျက်သွားသည်။

ကားစက် အကြိမ်ကြိမ်နှိုးသော်လည်း မရသောကြောင့် အကူအညီတောင်းရန် ကွဲကောခြံ ခြံစည်းရိုးဝသို့ ရောက်လာသည်။

ထိုစဉ် မိုးက ဂုန်းခနဲရွာချလိုက်၏။

ကားရှိရာသို့ ပြန်ပြေးရန် မဖြစ်နိုင်တော့ဘဲ ဝါးရုံပင်အောက်တွင် မိုးခိုရန် သွားရပ်လိုက်မိ၏။

"ဟင် ... မမ"

ခြံထိပ်စမ်းချောင်းအနီးတွင် ရပ်နေသည့် ဘော်လရောင်က သူမကို မြင်သွားသည်။

သူက အံ့သြ မယုံနိုင်ဖြစ်သွားသည့် အမူအရာဖြင့်

"ဟင် မမပါလား။ ဒါကျွန်တော်တို့ခြံမှန်း ဘယ်လိုလုပ်သိသလဲ"

"မင်းတို့ ခြံမှန်းမသိပါဘူး။ ဆရာမတစ်ယောက်ဆီ အလည်လာရင်း ကားပျက်လို့ ဒီနေရာမှာ ရပ်နေမိတာပါ"

"ဒါဖြင့် မမကားက ဘယ်မှာလဲ"

"ဟိုနားမှာ ကျန်ခဲ့တယ်၊ မင်းကြည့်တတ်ရင်





လိုက်ကြည့်ပေးပါလား"

"ဟုတ်ကဲ့ လိုက်ကြည့်ပေးပါမယ်၊ မိုးတွေရွာနေတယ် မမ၊ ခဏမိုးခိုပါဦးလား၊ ခြံထဲမှာ ကျူထရံကာ အိမ်လေးတစ်လုံးရှိတယ်လေ၊ အဲ့ဒီမှာ မိုးခိုမလား"

သူ့စကားကြောင့် သူမခေါင်းခါယမ်းလိုက်သည်။

"အို ... ကိစ္စမရှိပါဘူး၊ မိုးရွာတာများအစမ်းလုပ်လို့၊ ဒီ ဝါးရုံပင် အောက်မှာပဲ မိုးခိုတော့မယ်"

သူက သူမ မလိုက်ချင်မှန်းသိ၍ အတင်းအကြပ် မခေါ်တော့ပါ။

"ဒါဖြင့် ကျွန်တော်ထီးသွားယူလိုက်ဦးမယ်၊ မမ ဒီမှာ ခဏစောင့်ပါ"

ပြောပြောဆိုဆို ထီးယူရန် ပြေးထွက်သွားသည်။

ခဏကြာတော့ ဖဲထီးအနက်ရောင်တစ်လက်ကို ဖွင့်ဆောင်းလျက် သူပြန်ရောက်လာသည်။

"မမရော့ ... ဒီထီးဆောင်းထားပါ"

သူက ထီးမိုးပေးပြီး ပြောလိုက်သည်။

"ကျေးဇူးပဲ ... ကားရှိတဲ့ဆီ သွားကြရအောင်"

"မိုးလေတွေသိပ်ပြင်းတာပဲ၊ မိုးစဲမှ သွားပါလား မမ"

သူ တားဆီးလိုက်သော်လည်း သူမက နားမထောင်ဘဲ ကားရှိရာသို့ လျှောက်လာခဲ့သည်။

ထိုစဉ် ပေတစ်ရာလမ်းပေါ်မှ ရေအိုင်တစ်အိုင်ကို ကားကြီးတစ်စီးက ဖြတ်မောင်းသွားသောကြောင့် ရေတွေ ဖြန်းခနဲ စင်လာ၏။

သူက ထိုရေများသူမကို မစင်အောင် ထီးဖြင့် ကာလိုက်သည်။

ကားအနီးရောက်တော့ ကားရှေ့ဖုံးကို ဖွင့်ပြီး ကြည့်လိုက်၏။

ကားစက်နှိုးကြည့်သော်လည်း မရ၊ ထို့ကြောင့် လက်လျှော့လိုက်ရသည်။

"မမရဲ့ကားကို ဝပ်ရှော့ပို့မှ ထင်တယ်၊ ကျွန်တော်လဲ မပြင်တတ်ဘူး၊ စိတ်မရှိနဲ့နော် မမ"

သူမအတော်စိတ်ပျက်အားငယ်သွားမိသည်။

"မိုးထဲလေထဲမှာ မမဘယ်လိုလုပ်ရမလဲဟင်"

"မိုးစဲတဲ့အထိ ခဏစောင့်နေပေါ့ မမ၊ ပြီးတော့





ကားတစ်စီးရှာပြီး မမကားကို ဆွဲရမှာပဲ၊ ဟိုဘက်ခြံက ကိုနောင်နောင်ဆီမှာ Hilux တစ်စီးရှိတယ်၊ အဲဒါသွားယူပြီး ဆွဲဖို့ ကျွန်တော်ပြောကြည့်မယ်"

"ကားရှေ့ခန်းမှာ ဝင်ထိုင်ကြရအောင်"

သူမ ပြောလိုက်ပြီး ကားတံခါးကို ဆွဲဖွင့်၍ ဝင်ထိုင်လိုက်သည်။

သူက သူမနံဘေးတွင် ဝင်ထိုင်လိုက်သည်။

"မင်းက ကျွဲကောခြံထဲမှာ နေတာလား"

"ဟုတ်တယ်မမ"

"ခြံစိုက်သလား"

"ဟုတ်ကဲ့၊ ကျောင်းပြီးတော့ ခြံအလုပ်ပဲ လုပ်နေတယ်၊ ကျောင်းတက်တုန်းကတော့ အဆိုတော်ဖြစ်ဖို့ နီးစပ်မလားဆိုပြီး ရန်ကုန်ကဗ္ဗာသိုလ်မှာ သွားတက်ခဲ့တယ်၊ ကျောင်းပြီးမှ ဒီကို ပြန်လာခဲ့တာပါ"

"မင်းမိဘတွေကကော တောင်ငိုင်းမှာပဲလား"

"မိဘတွေက မြို့သစ်ထဲမှာပါ၊ သူ့ဒွေးရပ်ကွက်က ခြံနဲ့တိုက်မှာ နေကြတယ်"

"ဒါဖြင့် မင်းတို့က သူဌေးတွေပေါ့"

"မဟုတ်ပါဘူး၊ ကျွန်တော့်ဖေဖေက အငြိမ်းစား ကျောင်းအုပ်ဆရာကြီးပါ၊ မေမေ့ဘက်က ရတဲ့ အမွေနဲ့ အဲဒီမှာ တိုက်သေးသေးတစ်လုံး ဆောက်ပြီး နေခဲ့ကြတာ ကျွန်တော့်တစ်သက်ရှိတော့မယ်"

"ကျွဲကောခြံအလုပ်ကို မင်းပဲ ဦးဆောင်နေသလား"

"ဟုတ်ပါတယ်မမ၊ ကျွန်တော့် ဦးလေးတစ်ယောက်နဲ့ အလုပ်သမားတွေလဲ ရှိတယ်"

စကားပြောနေရင်း မိုးစဲသွားသည်။

မိုးစဲသွားသောအခါ သူက ဟိုဘက်ခြံမှ ဟိုင်းလပ်ကားကို သွားငှားပြီး သူမကားကို Hilux ကားဖြင့်ဆွဲ၍ မော်လမြိုင်မြို့ထဲရှိ ဝပ်ရှော့ တစ်ခုတွင် အပ်ပေးခဲ့သည်။

ပြီးတော့ သူမအိမ်အထိ Hilux ကားဖြင့် ပို့ပေးခဲ့၏။

"ကျေးဇူးပဲနော်၊ အိမ်ထဲဝင်ပါဦးလား"

"မဝင်တော့ဘူး မမ၊ ကြုံမှပဲ အလည်လာတော့မယ်၊ သူများကား ငှားလာတော့ ကြာကြာအချိန်ဖြုန်းလို့မကောင်းဘူး၊ ကဲ ... ကျွန်တော်ပြန်တော့မယ်၊ ခွင့်ပြုပါဦး"





နှုတ်ဆက်ပြီး သူပြန်သွားသည်။

သည်အချိန်မှ စပြီး သူ့အပေါ်တွင် အမှတ်ထင်ထင်ရှိနေခဲ့မိသည်. မဟုတ်ပါလား ...

ကူညီတတ်သည့် သူ့စိတ်သဘောလေးကို ချီးကျူးနေမိသလို သူ့ကိုလည်း ထူးထူးခြားခြား သံယောဇဉ်ရှိခဲ့မိသည်။

□◆□

# အခန်း (၃)

နောက်တစ်နေ့ နေ့လယ်တွင် သူမ ကားအပ်ခဲ့သည့် ဝပ်ရှော့သို့ သူမ တစ်ယောက်တည်း ထွက်လာခဲ့၏။

ဝင်းရှေ့ရောက်တော့ သူမ အံ့ဩသွားရသည်။ ဝပ်ရှော့တွင် သူ့ကိုတွေ့လိုက်ရသောကြောင့် ပါ။

"ဟင် ... မင်းရောက်နေတာကိုး"

"ဟုတ်တယ်မမ၊ မမလာမယ်ဆိုတာ သိလို့ ကျွန်တော်တမင်လာစောင့်နေတာပါ၊ မမကားက ကာဘရိုက်တာ ပျက်သွားတယ်"

"ဒါဖြင့် အခုယူလို့ရပ်ါမလား"

"ကားက ပြင်လို့ ပြီးနေပါပြီ"

သူမကားရှိရာသို့ လျှောက်သွားပြီး ဝပ်ရှော့ ဆရာကို မေးလိုက်သည်။

"ကားက အိုကေသွားပြီလား"

"အိုကေ .. အခု ယူသွားလို့ရပြီ"

သူမ ကားပေါ်တက်ပြီး စက်နှိုးကြည့်လိုက်သည်။

ကားကို ဝပ်ရှော့ထဲမှ မောင်းထွက်လာပြီး ရှေ့တွင် ရပ်လိုက်သည်။ ပြီးတော့ကားပေါ်မှ ဆင်းပြီး ငွေရှင်းလိုက်သည်။

"မမ"

"ဩော် ... မင်းကို တောင်ပိုင်းပြန်ပို့ပေးရမလား"

"ဟုတ်ကဲ့ ... မမကို ကျွန်တော်ကျွဲကောခြံထဲ အလည်ခေါ်မလို့၊ ပြီးတော့ မမအပြန်မှာ ကျွဲကောသီး လက်ဆောင်ပေးချင်လို့ပါ"

သူမ မငြင်းဖြစ်တော့ဘဲ သံသယကင်းကင်းဖြင့်ပင် သူ့ကို ကားပေါ်တက်စေသည်။





တောင်ပိုင်းရှိ သူ့ကျွဲကောခြံထဲသို့ ကားလေးချိုးကွေ့ဝင်လာပြီး ရပ်လိုက်သည်။

"ကျွဲကောသီးတွေ လိုက်ကြည့်ပါလား မမ"

ပန်သစ္စာက သူ့အပေါ် သံသယကင်းကင်းဖြင့်ပင် ကျွဲကောခြံထဲ လျှောက်ကြည့်နေလေသည်။

ဝုန်းခနဲ ဟောင်လိုက်သောခွေးကြောင့် သူမလန့်ဖျတ်သွားပြီး သူ့လက်မောင်းကို ဖက်တွယ်လိုက်မိသည်။

"ဟေ့ကောင် ... အောင်လုံး၊ လာမရှုပ်နဲ့ သွားစမ်း"

သူမောင်းထုတ်လိုက်သောကြောင့် အောင်လုံးခပ်ဝေးဝေးသို့ - ပြေးထွက်သွားသည်။

"မမ ... မမ အတော်လန့်သွားသလား"

"မမက ခွေးအရမ်းကြောက်တတ်တယ်ကွယ့်၊ မင်းခြံထဲမှာ ခွေးရှိမှန်းသိရင် လိုက်မလာပါဘူး၊ ကားပေါ်မှာပဲ သွားထိုင်နေတော့မယ်ကွယ်"

"ကျွန်တော့်စမ်းချောင်းလေးထဲမှာ လောင်းလှေသေးသေးတစ်စီးရှိတယ် မမရဲ့၊ အဲဒါလေး ပြချင်လို့ပါ"

"ဘာလုပ်ရမှာလဲကွယ်"

"မမလေ့စီးချင်ရင် စီးလို့ ရတာပေါ့"

"ဝါသနာ မပါဘူး"

သူမ သုန်သုန်မှုန်မှုန်အမူအရာဖြင့် ပြောလိုက်သော ကြောင့် သူ့ဘာမှ ဆက်မပြောကော့ဘဲ ကားရှိရာသို့ လိုက်ပို့ပေးသည်။

"ခဏနေဦးနော် မမ၊ ကျွန်တော် ကျွဲကောသီးသွားရှူးဦးမယ်"

စကားဆုံးသည်နှင့် သူလှည့်ထွက်သွားသည်။

သူပြန်လာတော့ ကျွဲကောသီးသုံးလုံးထည့်ထားသည့် ဝါးခြင်းတစ်ခုကို ညာလက်မှ ဆွဲလာပြီး ဂစ်တာကို ဘယ်လက်မှ ကိုင်လာ၏။

"ဒီမှာ မမအတွက် ကျွဲကောသီး[illegible] ကား နောက်ခန်းထဲ ထည့်လိုက်မယ်နော်"

သူက ကျွဲကောသီးခြင်းကို ကားနောက်ခန်းထဲထည့်ပြီး ပြောလိုက်သည်။

"ဂစ်တာက ဘာလုပ်တာလဲ"

"မမကို သီချင်းဆိုပြမလို့"





"အို .... တို့က အခုပဲ ပြန်တော့မှာ"

"မပြန်ပါနဲ့ဦး မမရယ်၊ ကျွန်တော်သီချင်းဆိုတာလေး တစ်ပုဒ်လောက် နားထောင်သွားပါဦး၊ မမက ကားပေါ်မှာ ဒီအတိုင်းထိုင်နေ၊ ကျွန်တော်က ဒီသစ်မြစ်ကြီးပေါ် ထိုင်ပြီး ဂစ်တာတီးရင်း သီချင်းဆိုပြမယ်"

သူက သစ်မြစ်ပေါ်တွင် ထိုင်ချလိုက်ပြီး ဂစ်တာတီး၍ "သီချင်းရှင်ကို ကြင်နာပါ" ဆိုသည့် သီချင်းကို ဆိုနေသည်။

သူမ ခွေးကြောက်သဖြင့် ကားပေါ်မှ မဆင်းဝံ့တော့ဘဲ၊ ကားပေါ်မှာပင်ထိုင်၍ သူသီချင်းဆိုတာကို နားထောင်နေမိသည်။

သီချင်းဆုံးသွားတော့ [illegible]၏။

"မင်း သီချင်းဆိုတာ သိပ်ကောင်းတာပဲ၊ မင်းသာ အဆိုတော်ဖြစ်ရင် နာမည်ကြီးဦးမယ်"

"ကျွန်တော်သီချင်းဆိုတာ ဒီလောက်ချီးမွမ်းနေမှ မမပဲ ကျွန်တော်ရဲ့စီးရီး(စ်) ကိုထုတ်ပေးလိုက်ပါလား"

"ငါ့မှာ ဒီလောက်ပိုက်ဆံမရှိဘူး၊ ဒါပေမယ့်

မင်းကြီးစားရင် တစ်နေ့တော့ ဖြစ်လာရမှာပါ”

သူမ အားပေးလိုက်သည်။

ထိုနေ့က သူ သီချင်းဆိုပြတာကို အချိန်ကုန်ခံ၍ နားထောင်နေပြီးမှ နှုတ်ဆက်၍ ပြန်လာခဲ့သည်။

အိမ်ပြန်ရောက်သည်အထိ သူမနားထဲတွင် သူ့သီချင်းသံများက ရစ်ဝဲနေပြီး သူ့ကို အဆိုတော်တစ်ယောက် ဖြစ်စေလိုသည့် စေတနာများ သူမရင်မှာ ပြည့်လျှံနေမိသည်။

□◆□





## အခန်း (၄)

ပန်သစ္စာ၏ မွေးနေ့။

မွေးနေ့ပွဲကို သူမတို့၏ ခြံကျယ်ကြီးထဲမှာပင် ကျင်းပခဲ့ကြသည်။

မွေးနေ့ပွဲညတွင် တစ်ခြံလုံး မီးရောင်စုံတွေ ထိန်လင်းနေသည်။

သူမ၏ မွေးနေ့ပွဲသို့ သူမ၏ မိတ်ဆွေသူငယ်ချင်းများ စုံစုံလင်လင် ရောက်ရှိနေကြသည်။ ထို့ပြင် သူမ မိဘများ၏ မိတ်ဆွေများလည်း ရောက်လာကြသည်။

ပန်သစ္စာ နတ်သမီးလေးတစ်ပါးလို လှပနေ၏။

သူမခေါင်းတွင် သရဖူလေးတစ်ခု ဆောင်းထားသည်။ သရဖူက မီးရောင်အောက်တွင် တဖျပ်ဖျပ်လက်နေ၏။

ရွှေချည်ထိုးအပြာရင့် maxi ကို ဝတ်ထားသော ကြောင့် သူမခန္ဓာကိုယ် အချိုးအစားနှင့် လိုက်ဖက်လှသည်။

ညှိသည့်များအကြားတွင် သူမ ညှိခံနေစဉ် ဘော်လရောင် မွေးနေ့ပွဲသို့ ရောက်လာသည်။

သူ့ လက်ထဲတွင် သူမကို လက်ဆောင်ပေးရန် နာရီဘူးလေးတစ်ခုကို ကိုင်ထားသည်။

ခြံထဲရောက်တော့ သူမကို လှမ်းကြည့်လိုက်မိသည်။

အို ... မမ သိပ်လှနေပါလား ...

[illegible]

မွေးနေ့ညှိခံပွဲလာ ပရိသတ်အားလုံး၏ မျက်စိများက သူမထံမှာ စူးစိုက်နေကြသည်။

သူမခြံဝသို့ လှည့်တဆန့်ဆန့် မျှော်နေသည်။

သူမ မျှော်နေတာက သူမ မွေးနေ့တွင် သီချင်းလာဆိုမည့် ဘော်လရောင်ပင် ဖြစ်သည်။





သူ လှမ်းကြည့်ပြီး...

မမ ငါ့ကို မျှော်နေတာ ဖြစ်ရမယ် ...

သူမအနီးသို့ သူ ခပ်သွက်သွက် လျှောက်လာခဲ့သည်။

"မမ"

"ဘော်လရောင်"

နှစ်ယောက်လုံး ဝမ်းသာရွှင်မြူးသွားကြသည်။

မွေးနေ့ပွဲတွင် ဒံပေါက်ကျွေးသဖြင့် သူမက ဒံပေါက်စားရန် သူ့ကို စားပွဲတစ်ခုမှာ နေရာချပေးသည်။

"ကျွန်တော် သီချင်းဆိုပြီးမှ စားမယ် မမ"

"အို ... ဟုတ်ပါရဲ့၊ မမငှားထားတဲ့ တီးဝိုင်းက မင်းကို စောင့်မျှော်နေကြတယ်"

သူ့ကို တီးဝိုင်းရှိရာသို့ ခေါ်ဆောင်လာခဲ့သည်။

ပြီးတော့ တီးဝိုင်းခေါင်းဆောင်နှင့် မိတ်ဆက်ပေးလိုက်သည်။

"သူက ပန့် မွေးနေ့မှာ သီချင်းလာဆိုပေးတဲ့ အဆိုတော် ဘော်လရောင်ပဲ"

"အိုကေ ... ဖါဖြင့် စလိုက်ကြရအောင်"

သူက သီချင်းဆိုရန် မိုက်ကို လှမ်းယူလိုက်ပြီး ...

"ဒီကနေ့ မပန်သစ္စာရဲ့ ဘတ်သ်ဒေးမှာ သီချင်းလက်ဆောင် ပေးခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်" ဟု ပြောလိုက်ပြီး ဇော်ဝင်းထွဋ်၏ 'အချစ်များသူ့ဆီမှာ' သီချင်းဖြင့် သီဆိုဖျော်ဖြေလိုက်သည်။

သူ့သီချင်းသံကို အားလုံးက စိတ်ဝင်တစားနားထောင်ကြသည်။

"အသံသိပ်ကောင်းတယ်ဗျို့၊ စီးရီးသွင်းပါလား"

ဟု အော်ဟစ်ပြီး ချီးကျူးလိုက်ကြသည်။

"ဟုတ်တယ်ဗျို့ ... နောက်တစ်ပုဒ်ဆိုပါဦး"

သူက Ronan Keating ၏ Life is a rollercoaster သီချင်းကို သီဆိုလိုက်သည်။

သူ့သီချင်းသံကြောင့် ပရိသတ်အားလုံး ပျော်ရွှင်မြူးကြွသွားကြ၏။

ပန်သစ္စာက သူ့ကို ငေးကြည့်နေမိသည်။

သူက စတိုင်လ်ဘောင်းဘီနီနှစ်ရောင်ကို တီရှပ်လက်တိုအဖြူရောင်ပေါ် ကုတ်အင်္ကျီရွှေရောင်ထပ်၍ ဝတ်ဆင်





ထား၏။

"ပန်သစ္စာ ... မင်းအဆိုတော်က အပျော်တမ်းပဲသိလား။ အသံသိပ်ကောင်းတာပဲနော်၊ မမထားတို့နဲ့လည်း မိတ်ဆက်ပေးပါဦး"

အပျိုကြီးမမထား သီချင်းဆိုနေသည့် သူ့ကို စိတ်ဝင်တစားကြည့်ပြီး ပြောလိုက်သည်။

"ဟုတ်တယ် ... ဟုတ်တယ်၊ သူ့သီချင်းဆိုတာ အရမ်းနားထောင်လို့ ကောင်းတာပဲ၊ သူနဲ့ မိတ်ဆက်ပေးဦးမယ်နော် ဒါပဲ"

ငုဝါကလည်း ထောက်ခံလိုက်သည်။

အပျိုကြီးမမထားက ...

"အင်း ဒီကောင်လေးကို စီးရီး(စ်) ထုတ်ရရင် ကျိန်းသေပေါက်အလုပ်ဖြစ်မှာပဲ"

ဟု ပြောလိုက်သည်။

သီချင်းဆိုပြီးသောအခါ သူက Stage ပေါ်မှ ဆင်းလာခဲ့ပြီး ပန်သစ္စာအနီးသို့ ရောက်လာသည်။

"ကျေးဇူးပဲ ဘော်လရောင်၊ မမရဲ့မွေးနေ့မှာ အခုလို

သီချင်းလာဆိုပေးတဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်''

ပန်သစ္စာပြောလိုက်ခြင်းပါ။

''မမအတွက် လက်ဆောင်ပါ''

သူက သီချင်းဆိုရန်စိတ်စောနေသောကြောင့် အခုမှ ပင် မွေးနေ့လက်ဆောင်နာရီဘူးလေးကို ပေးရန် သတိရမိသည်။

ပန်သစ္စာက သူလှမ်းပေးသည့်နာရီကို ယူလိုက်ပြီး ...

''ကျေးဇူးပဲ ... ကဲ ထိုင်ပါဦး၊ ဒံပေါက်စားရအောင်''

ဟု ပြောလိုက်သည်။

စားပွဲတစ်လုံးရှေ့တွင် သူထိုင်လိုက်၏။

မမထားတို့ အုပ်စုက တစ်ဘက်စားပွဲမှသူ့အနီးသို့ ရွှေ့ပြီးထိုင်လိုက်ကြသည်။

''မမထား ... သူက အဆိုတော် ဝေဘော်လရောင်၊ ကျွန်မရဲ့ မိတ်ဆွေပေါ့၊ တောင်ဝိုင်းမှာနေတယ်၊ သူကတော့ မမရဲ့မိတ်ဆွေ မေထားသွယ်တဲ့၊ မော်လမြိုင်ဈေးကြီးထဲမှာ ရွှေဆိုင်ဖွင့်ထားတယ်လေ၊ ဟိုဘက်မှာ ထိုင်နေတဲ့သူကတော့ မမထားရဲ့ ညီမဝမ်းကွဲ ငုဝါ''





သူမက မမထားတို့နှင့် မိတ်ဆက်ပေးလိုက်သည်။

''တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ''

သူက ယဉ်ကျေးစွာ နှုတ်ဆက်လိုက်၏။

မမထားက သူ့ကို ခပ်ပြုံးပြုံးစိုက်ကြည့်နေရာမှ ...

''မောင်လေးက တကယ်အသံကောင်းတဲ့ သူပဲကွယ်၊ မောင်လေးကိုသာ စီးရီး(စ်) ထုတ်မယ့် ပရိုဂျူဆာလုပ်ရင် အလုပ်ဖြစ်မှာ သေချာတယ်''

ဟု မမျိုသိပ်နိုင်စွာ ပြောလိုက်သည်။

သူက ဝမ်းသာရွှင်မြူးနေသည့် အမူအရာဖြင့် ...

''ခုချိန်ထိတော့ ကျွန်တော့်ကို စီးရီးထုတ်ပေးမယ့်သူ တစ်ယောက်မှ မတွေ့သေးပါဘူးခင်ဗျာ''

ဟု ပြန်ပြောသည်။

''မင်းရဲ့ မမပန်သစ္စာက သူဌေးပဲ၊ သူ့ကို ထုတ်ခိုင်းလိုက်ပေါ့ကွယ်၊ သူ ထုတ်ပေးလို့ အလုပ်ဖြစ်ရင် မမဆီကူးလာခဲ့၊ မမကဆက်ထုတ်ပေးမှာပေါ့''

မမထားစကားကြောင့် သူရယ်မောနေသလို ပန်သစ္စာလည်း ရယ်မောနေမိသည်။

"ကဲ ... ဒံပေါက်သုံးဆောင်လိုက်ပါဦး ဘော်လရောင်"

သူက ဘော်လရောင်ကို ဒံပေါက်ဖြင့် ညှော်ခံလိုက်သည်။

သူမ၏ မွေးနေ့ပွဲတွင် ဧည့်သည်များက တစ်စစ ပြန်သွားကြသည်။

ဧည့်သည်များ ကုန်သလောက်ရှိမှပင် သူက ပြန်ရန် နှုတ်ဆက်လိုက်သည်။

"ကျွန်တော့်ကို ခွင့်ပြုပါဦး မမ"

"ကောင်းပြီ"

"မနက်ဖြန်ရရင် မမတို့ခြံအနောက်ဘက်က မြစ်ကမ်းနဖူးမှာ သီချင်းဆိုဖို့ ကျွန်တော်လာခဲ့ရမလား"

"လာခဲ့ပေါ့ ... မင်းသီချင်းဆိုတာကို နားထောင်ဖို့ ဝန်မလေးပါဘူးကွာ"

သူနှုတ်ဆက်ပြီး ပြန်သွားသည်။

သူ့ ဟွန်ဒါအဟောင်းလေးကို စီးပြီး ပြန်သွားခြင်းပါ။

□◆□

စိုးမိုးစာပေ

ဖ

# အပိုင်း လေး

## အခန်း (၁)

သူမ၏ မွေးနေ့ပွဲလေးအပြီး နောက်တစ်နေ့မှစ၍ သူမနှင့် ဘော်လရောင်တို့ ပိုပြီးရင်းနှီးသွားခဲ့ကြသည်။

သူမ၏ အိမ်အနောက်ဘက်မြစ်ကမ်းနံဖူးတွင် သူက မကြာခဏ သီချင်းလာဆိုတတ်သည်။

သည်လိုနှင့် သူ့ကို စီးရီး(စ်)ထုတ်ပေးရန် ဆုံးဖြတ်ချက်ချခဲ့မိသည် မဟုတ်ပါလား ...

တစ်နေ့ သူက စီးရီး(စ်)ကိစ္စအတွက် ပရိုဂျူဆာရှာရန် ရန်ကုန်သို့ သွားမည့်အကြောင်းကို လာရောက်နှုတ်ဆက်ခဲ့သည်။

"မမ ကျွန်တော်မနက်ဖြန် ရန်ကုန်သွားတော့မယ်၊ ကျွန်တော့်အစ်ကိုဝမ်းကွဲ တစ်ယောက်က ပရိုဂျူဆာရှာပေးမယ် ဖုန်းဆက်လာလို့ ကျွန်တော်သွားရမှာ"

သူတကယ်ထွက်သွားတော့မည်ဆိုတော့လည်း သူမ တကယ်စိတ်မကောင်း ဖြစ်နေမိသည်။

"ပရိုဂျူဆာက ရှာရဦးမှာလား"

"ရှာရဦးမယ်"

"ဒါဖြင့်လဲ ရန်ကုန်ရောက်ရင် မမဆီဖုန်းဆက်လိုက်နော်၊ အကျိုးအကြောင်းသိချင်တယ်"

"ဟုတ်ကဲ့ မမ"

"မင်းကို ထုတ်မယ့်ပရိုဂျူဆာရှတ်တရက် ရှာမတွေ့ဘူးဆိုရင် မမပဲထုတ်ပေးမယ်၊ မင်းစိတ်ချလက်ချနေပေတော့"

"ဟင် ... တကယ်ပြောတာလား မမ"

သူမစကားကြောင့်သူ့အံ့သြဝမ်းသာသွားသည်။

"တကယ်ပြောတာပါ ဘော်လရောင် မင်းရဲ့ အခက်အခဲကို စေတနာသန့်သန့်နဲ့ ကူညီဖြေရှင်းပေးဖို့ မမ စဉ်းစားထားတယ်"





သူမ မျက်နှာကို သူကအကဲခတ်ကြည့်နေရာမှ "ကျွန်တော်တော့ မေခလာနတ်သမီးနဲ့တွေ့ပြီဗျို့" ဟု ဝမ်းသာအားရ အော်ဟစ်လိုက်၏။

သည်လိုနှင့် သူ့စီးရီး(စ်)ထုတ်ရန်ကိစ္စအတွက် ရန်ကုန်သို့ ထွက်ခွာသွားလေသည်။

သုံးလလောက်ကြာတော့ သူမရန်ကုန်သို့ လိုက်လာခဲ့ခြင်းဖြစ်သည်။

သူ၏ စီးရီး(စ်)ကို သူမကိုယ်တိုင်ပရိုဂျူဆာလုပ်ရန် စီစဉ်ခဲ့ပြီးမှ ရန်ကုန်သို့လိုက်လာခဲ့ခြင်းရယ်ပါ။

ဘုရားရှိခိုးသံ ကျယ်ကျယ်လောင်လောင်ကြောင့် သူမ အတွေးမှ လန့်နိုးသွားရသည်။

ဒီလူကလဲ အသံကျယ်လိုက်တာ ... ဘုရားရှိခိုးတာပဲ လူကြားအောင် ဒီလောက်အော်ပြီး ရှိခိုးဖို့မလိုပါဘူး ...

သူမ စိတ်ပျက်စွာတွေးနေမိသည်။

ထိုစဉ် ...

"မမ ... မမ"

အေးမိစံ၏ ခေါ်သံကို ကြားလိုက်သည်။

အေးမိစံအသံကြောင့် သူမ တံခါးထဖွင့်လိုက်သည်။

"ဘာဖြစ်လို့လဲ ... အေးမိစံ"

"ဟိုလူပေါ့... ဘုရားရှိခိုးတာ အော်ပြီး ရှိခိုးနေတယ်၊ ကျွန်မအိပ်လို့မရဘူး မမရဲ့၊ ညဉ့်နက်မှာ ဘုရားရှိခိုးနေတယ်၊

အမှန်က သူအောက်ထပ်တွင် တမေ့တမောထိုင်နေပြီးမှ အိပ်ယာဝင်ရန် တက်လာခဲ့ပြီး ဘုရားရှိခိုးနေခြင်း ဖြစ်သည်။

"မမ ကျွန်မ သွားပြောလိုက်ရမလား"

"ဟဲ့ ... ဟဲ့ နေပါစေ၊ ဘုရားရှိခိုးတာကို သွားပြောလို့ ဘယ်ဖြစ်မလဲ၊ မပြောနဲ့" ဟု တားဆီးလိုက်ရသည်။

ထိုလူနှင့်ရက်ပေါင်းဘယ်လောက်ကြာအောင် တစ်အိမ်တည်းမှာ အတူနေရဦးမည်ဆိုတာ တွေးပြီး သူမစိတ်ပျက်နေမိသည်။

□◆□





## အခန်း (၂)

နောက်တစ်နေ့ နေ့လယ်တွင် ဘော်လရောင်ရောက်လာပြီး တီးဝိုင်းကြေးအတွက် ငွေအချို့ကို လာယူခဲ့သည်။

ဘော်လရောင်ရောက်လာချိန်တွင် ဧည့်ခန်းထဲ၌ ကိုဦးထိုင်နေသည်။

"ဟော ... ဘော်ရောက်လာပြီလား၊ ခဏထိုင်ဦးနော်၊ မမ ပိုက်ဆံသွားယူလိုက်ဦးမယ်"

"ဟုတ်ကဲ့ ... မမ"

ဘော်လရောင်က ဧည့်ခန်းထဲရှိ ဆိုဖာခုံတစ်လုံးတွင် ဝင်ထိုင်လိုက်ပြီး ကိုဦးကို ခပ်တည်တည်စိုက်ကြည့်လိုက်၏။

ခဏကြာတော့ ပန်သစ္စာတီးဝိုင်းကြေးအတွက်ပေးရန် ငွေအချို့ကိုယူပြီး အပေါ်ထပ်မှ ပြန်ဆင်းလာသည်။

"ရော့ . . . ဘော်၊ တီးဝိုင်းကြေးအတွက် စရံငွေ"

"ကျေးဇူးတင်ပါတယ် မမ၊ မမ ကျေးဇူးကို ပြန်ဆပ်နိုင်အောင် ကျွန်တော်ကြိုးစားနေပါတယ်"

"ကျေးဇူးပြန်ဆပ်ဖို့ မလိုပါဘူးဘော်ရယ်၊ ဘော်အောင်မြင်ဖို့သာ အဓိကပါ"

"ကျွန်တော်အောင်မြင်တဲ့အခါ ဘယ်ပရိုဂျူဆာဆီမှ မသွားဘဲ မမအနားမှာပဲ တစ်သက်လုံးထာဝရနေပါ့မယ်"

ကတိတွေစွတ်ပေးနေသည့် ဘော့်စကားကြောင့် သူမ ကျေနပ်နေမိသည်။

သူက ဘော့်ကိုလှမ်းကြည့်ပြီး အမြင်ကတ်နေမိသည်။

"ခင်ဗျားက ကြည့်လှချည်လား၊ ဘာဖြစ်လို့ ဒီလောက် စိုက်ကြည့်နေတာလဲ"

ဘော်မခံမရပ်နိုင်ဖြစ်ပြီး သူ့ကိုမေးလိုက်သည်။

သူက ဘော့်ထံမှ မျက်လုံးများကို လွှဲဖယ်မပစ်ဘဲ မခိုးမခန့်ရယ်လိုက်သည်။





"ဟုတ်သားပဲ ရှင်ကလဲ အကြည့်တွေရိုင်းလိုက်တာ၊ ရှင်နဲ့မဆိုင်တဲ့ ကိစ္စမှန်းသိလျက်နဲ့ စပ်စပ်စုစု နှိုင်လိုက်တာရှင်"

ပန်သစ္စာက ဝင်ပြီးရန်တွေ့လိုက်သောကြောင့် သူ အတော်ခံပြင်းသွားမိသည်။

"ခင်ဗျားတို့ကလဲ လူတစ်ယောက်ကိုအကြောင်းမဲ့ အပြစ် ရှာနေကြတာကိုး၊ ကျုပ်ဘာသာ ကျုပ်ထိုင်နေတာ ခင်ဗျားတို့ ကို ဘာလုပ်လို့လဲ"

"ရှင်ရှောင်နေဖို့ကောင်းတယ်"

"ကျုပ်ရှောင်ပေးရလောက်အောင် ခင်ဗျားတို့က ဘာတွေဖြစ်နေလို့လဲ"

"ဘာ"

သူမ ထောင်းခနဲဒေါပွသွားပြီး အော်လိုက်မိ၏။

"ဟော့လူ . . . ခင်ဗျားစကားကိုကြည့်ပြောစမ်းပါ၊ ကျုပ်တစ်ခုခု လုပ်မိလိမ့်မယ်နော်"

"ကိုယ်က အမှန်ကိုပြောနေတာပါကွ၊ မင်းတို့နှစ်ယောက်ရိုးရိုးသားသား စကားပြောနေတာကို ကိုယ်ရှောင်ပေး

ဖို့ လိုသလား''

သူမစကားနှင့် သူမမို့ ရုတ်တရက်ဘာပြန်ပြောရမှန်း မသိလောက်အောင် ဖြစ်နေမိသည်။

ဒီလူတော့လား နုတ်နုတ်စဉ်းလိုက်ချင်တယ်

စိတ်တော်တော်ကုန်စရာကောင်းတဲ့လူ ... သူမ မကျေမနပ် တွေးနေမိသည်။

''ဒီအိမ်ပေါ်မှာ ရှင်ရှိနေတာကိုက မလိုလားအပ်တဲ့ ကိစ္စရပ်ပဲ''

''ကျုပ်ကလဲ တစ်မိနစ်တောင် မနေချင်ဘူး၊ စပေါ် လက်လွှန်ထားလို့သာ နေနေရတာ၊ ခင်ဗျား သူငယ်ချင်းကို ခေါ်လိုက်ပါလား''

''ကောင်းပြီလေ ... ခေါ်လိုက်ပါ့မယ်၊ ဒါပေမယ့် သူပြန်မလာ သေးတာခက်တယ်''

ပုသိမ်ကိုထွက်သွားသည့် လင်းလင်းက ယနေ့အထိ ပြန်မလာသေးသောကြောင့် သူမပြောလိုက်သည်။

''ဒီမှာ ရှင်ဘာသာ ဘာမှမဆိုင်သလိုနေပါ၊ ညှော်ခန်း ထဲမှာ တစ်နေကုန်ထိုင်ပြီး မျက်လုံးဒေါက်ထောက်ကြည့်မနေ နဲ့''





သူဘာမှ မပြောတော့ဘဲ စိတ်တိုတိုဖြင့် ထလာခဲ့သည်။

''မမ ဒီလူကြီးက မလွယ်ဘူးနော်၊ ကျွန်တော်နဲ့မမကို စောင့်ကြည့်နေတယ်''

''မမလဲ အရမ်းစိတ်ညစ်နေတယ်ကွယ်''

''ဒီလူကြီး ကြည့်ရတာ မမကို စိတ်ဝင်စားနေသလို ပဲ''

''ဟယ် ... ဟုတ်ရဲ့လား၊ မမအထင်တော့ မမကို သူကြည့်မရတာပါ''

သူမ ရှက်စနိုးအမူအရာဖြင့် ပြောလိုက်မိသည်။

''ကဲ .. မမ၊ ကျွန်တော်သွားတော့မယ်၊ မမကော လိုက်ခဲ့မလား''

''မလိုက်တော့ဘူး''

''မမ''

သူက ထိုင်ရာမှ ထရပ်လိုက်ပြီး ပန်းသစ္စာလက်မောင်း တစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။ သူ့အပြုအမူကြောင့် သူမ အံ့ဩထိတ်လန့်သွားမိ၏။

''မမကိုချစ်တယ်၊ အခုမှ ချစ်တာမဟုတ်ဘူး၊ မမနဲ့

ပထမဦးဆုံး ဆုံခဲ့တဲ့နေ့ကစပြီး ချစ်ခဲ့မိတာပါ မမရယ်"

သူမ ရင်ခုန်လှုပ်ရှားပြီးမှင်သက်နေမိ၏။

"မမ ကျွန်တော့်ကို ချစ်သလား"

သူမ လက်မောင်းနုစ်ဖက်ကို ဆွဲခါလှုပ်ယမ်းလိုက်ပြီး သူမေးလိုက်သောကြောင့် ...

"အို ... ဘော်၊ မမကို ဒီလိုမလှုပ်နဲ့လေ မင်းငရဲကြီးမှာပေါ့"

"ငရဲကြီးရင် ငရဲလေးလာလိမ့်မယ်"

"ကဲ ... မင်းသွားစရာရှိတဲ့ဆီ သွားတော့ကွာ"

"မမက ချစ်တယ်ဆိုမှသွားမယ်"

"ဟိုလူ ဆင်းလာရင်မြင်သွားတော့မှာပဲ ဘော်ရယ်"

"မမကလဲ ဒီပုဂ္ဂိုလ်ကြီးကို ဂရုစိုက် မနေစမ်းပါနဲ့"

"ပတ်ဝန်းကျင်ဆိုတာ ဂရုမစိုက်လို့မရဘူးဘော်ရဲ့"

သူက စိတ်ပျက်လက်ပျက်ဖြစ်သွားပုံဖြင့် သူမလက်မောင်းနုစ်ဖက်ကို လွှတ်ပြီး ...

"မဖြစ်ဘူးဗျာ၊ စီးရီး(စ်)ထွက်ပြီးရင် မမနဲ့ကျွန်တော် မောင်လမြိုင်ကို အမြန်ဆုံးပြန်မှဖြစ်မယ်၊ ဒါမှ ဟိုရောက်ရင် လွတ်လွတ်လပ်လပ်ချစ်နိုင်မှာ"





"မင်းကို ဘယ်သူကချစ်တယ်လို့ ပြောဖူးသလဲ ဘော်၊ ကဲ သွားပါတော့ ဘော်ရယ်"

သူက မချိုမချဉ်ပြုံးရင်း ငွေထုပ်ကိုပိုက်၍ လှည့်ထွက်သွားသည်။

သူမရင်ထဲမှာ လှုပ်ရှားကြည်နူးပြီး ကျန်ရစ်ခဲ့သည်။

□•□

# အခန်း (၃)

သူမတို့သုံးဦး ထမင်းစားပွဲတွင်ထိုင်ပြီး နံနက်စာကော်ဖီနှင့် မုန့်စားသောက်နေကြစဉ် သူခြံထဲ ဆင်းသွားရာမှ ပြန်ဝင်လာ၏။

"ဩော် ... ပန်သစ္စာ မနက်စာစားပြီးရင် ခြံထဲခဏဆင်းပါလား"

"ဘာကိစ္စရှိလို့လဲ"

"အိမ်ခေါင်းရင်းမှာ ကျွန်တော်စိုက်ထားတဲ့ သဇင်ပန်းတွေ ပွင့်နေပြီလေ၊ သဇင်ပန်းကြည့်ဖို့ လိုက်ခဲ့ပါလား"

ခြံထဲတွင် ပန်းပင်အတော်များများနှင့် သဖင်တိုင်များကို သူစိုက်ပျိုးထားတာ မြင်တွေ့ရသည်။

သို့သော် တစ်ခါမျှ သေသေချာချာ သွားမကြည့်ခဲ့ဖူးပေ။

''လာလေ ... ပန်ပန်''

သူက တရင်းတနှီးခေါ်နေသောကြောင့် ဗန်သစ္စာအား နာနာဖြင့် သူ့နောက်မှ လိုက်လာခဲ့သည်။

ခြံထဲရောက်တော့ သူက သူ့သဖင်တိုင်တွေနားမှာ ရပ်လိုက်ပြီး

''ပန်ပန် သဇင်ပန်းပန်ဖို့ အဆင်သင့်ပဲ ကျွန်တော် စိုက်ထားခဲ့တာ''

ဟု ပြောလိုက်သည်။

သဇင်ခက်များကြီးမားပြီး လှပလွန်းသဖြင့် ပန်ဆင်လိုစိတ်များ တဖွားဖွား ဖြစ်ပေါ်နေမိသည်။

သူက သဇင်ခက်လှလှများကို ခူးယူလိုက်ပြီး ပန်သစ္စာလက်ထဲ လှမ်းပေးလိုက်သည်။

စုစုပေါင်း သဇင်ဆယ်ခက်ဖြစ်၏။





သူ လှမ်းပေးသောသဇင်ခက်များကို သူမလှမ်းယူလိုက်သည်။

''ကျေးဇူးတင်ပါတယ်''

''မလိုပါဘူးဗျာ၊ ပန်ပန့်အတွက် သေချာဂရုတစိုက်နဲ့ စိုက်ထားတဲ့ သဇင်ခက်တွေကို ပန်ပန်လက်ခံတာပဲ၊ ကျွန်တော် ကျေနပ်လှပါပြီ''

သူ ဝမ်းသာပျော်ရွှင်တေသည့် အမူအရာဖြင့် ပြောလိုက်၏

''ဒီပန်းတွေက ကျွန်မ မရောက်ခင်ကတည်းက စိုက်ထားတာ မဟုတ်လား''

''ဘာပဲဖြစ်ဖြစ် အခု ဒီပန်းတွေအားလုံး ပန်ပန့်အတွက် ဖြစ်သွားပါပြီ''

သူ့စကားကြောင့် ပန်ပန်အံ့ဩသွားပြီး ရင်ထဲမှာ တစ်မျိုးဖြစ်သွားမိသည်။

''ဘယ်လိုလဲ ပန်ပန်၊ ကိုယ်ပြောတာလွန်သွားသလား''

သူ့အမေးကို ပန်ပန်က ပြန်မဖြေဘဲ လှည့်ထွက်သွား

ရန် ခြေလှမ်းပြင်လိုက်သည်။

"မင်းကို ကိုယ်ချစ်တယ်၊ ကိုယ့်ကိုလက်ထပ်ခွင့်ပေးပါလား"

သူ့စကားအဆုံးမှာ သူ့ပါးကိုရိုက်ရန် ရွယ်လိုက်သည်။

သူက ရှောင်လိုက်ရင်း ...

"ဒေါသကြီးလှချည်လား မိန်းကလေး၊ လူတစ်ယောက်ရဲ့မေတ္တာကို မသိဘဲ စော်ကားလှချည်လား"

"ဘာမေတ္တာလဲ ... ရှင်က ကျွန်မကိုသူငယ်နှပ်စားလေးများထင်နေသလား၊ ကိုဖိုးကြွား"

"ကျုပ် ဘာကြွားလို့လဲ၊ အရှိကို အရှိအတိုင်းပြောတာပဲ"

"ရှင်နဲ့ကျွန်မတွေ့ကြတာမှ ရက်မကြာသေးဘူး၊ ဒီလိုစကားမျိုးပြောဝံ့တာအံ့ဩပါရဲ့"

"လူပျိုက အပျိုကိုကြိုက်တာ ဘာဖြစ်သလဲ၊ မဆန်းပါဘူး"

ရဲတင်းသော သူ့အမူအရာကြောင့် သူမ ထောင်းခနဲဒေါသဖြစ်သွားသည်။





"ရှင်ပါးကွဲသွားချင်သလား"

သူမ ဒေါသတကြီးရန်တွေ့လိုက်မိသည်။

သူက မခိုးမခန့်ရယ်မောလိုက်ပြီး

"ဟဲ ... ဟဲ မင်းက ဆယ့်သုံးလေးနှစ်မိန်းကလေးတွေ ပြောလေ့ပြောထရှိတဲ့ ကလေးကလားစကားမျိုးကို ပြောနေတယ်နော်"

"ဘာရှင့် ..."

"ကိုယ့်လိုလူကြီးလူကောင်းတစ်ယောက် ချစ်ရေးဆိုနေတဲ့ကိစ္စကို ယဉ်ယဉ်ကျေးကျေး တုံ့ပြန်သင့်တာပေါ့"

"ရှင်က ဘာမို့လို့လဲ"

"ကိုယ်က Publisher လေ၊ ဝင်ငွေအရမ်းဖြောင့်တဲ့ Publisher တစ်ယောက်ပေါ့၊ ပြီးတော့စီးပွားရေးဘွဲ့ရပြီးသား လူပျိုလူလွတ်တစ်ယောက်"

"ရှင့်ဘာသာ ဘာဖြစ်ဖြစ် ရှင့်ကို မြင်မြင်ချင်း ကျွန်မ မုန်းတယ်"

"စဉ်းစားပါဦးလေ ... ဒီလောက်အလျင်စလို မဆုံးဖြတ်ပါနဲ့" ဘဝအဖော်မွန်ရွေးချယ်ရာမှာ အချစ်ကို ဦးစား

ပေးဖို့ထက် ဘ၀လုံခြုံသာယာရေးကို ပိုပြီး စဉ်းစားသင့်ပါတယ်''

သူ့စကားကြောင့် သူမဒေါသပိုဖြစ်သွားမိသည်။

''ရှင်က ကျွန်မကို ဆရာလုပ်နေတာပေါ့လေ၊ အဲဒီစကားတွေ တော်မှာသွားပြော၊ ကျွန်မနားမထောင်နိုင်တော့ဘူး၊ အရိပ်နေနေ အခက်ချိုးချိုးမလုပ်ချင်စမ်းပါနဲ့''

စကားဆုံးသည်နှင့် သူမချာခနဲလှည့်ထွက်ခဲ့မိသည်။

ဒေါသစိတ်ကြောင့် တစ်ကိုယ်လုံးတဆတ်ဆတ်တုန်ယင် နေပြီး သူ့ကိုချက်ချင်းမောင်းထုတ်လိုစိတ်များ ရင်ထဲမှာ ပြည့်လျှံနေမိသည် မဟုတ်ပါလား ...

❑◆❑





## အခန်း (၄)

သူမအိမ်ပေါ်မှာနေပြီး သူမအား ချစ်ရေးဆိုခဲ့သည့် သူ့ကို ဒေါသဖြစ်၍ မဆုံးနိုင်ပါ။

ဒီလူတော်တော်လူ၀ါး၀တာပဲ ... ငါ့ကို ဘယ်လိုအစားများထင်နေသလဲ မသိဘူး ...

တွေးလေ ဒေါသဖြစ်ရလေရယ်ပါ။

လင်းလင်းကလည်း ပုသိမ်မှပြန်ရောက်မလာသောကြောင့် ဒီလူ့ကို အိမ်ပေါ်မှဘယ်လိုပင်မောင်းချသော်လည်း အိမ်ပေါ်မှ ဆင်းလိမ့်မည် မဟုတ်ပေ။

သည့်လိုနှင့် တစ်လခန့်ကြာခဲ့သည်။

ဘော်လရောင်၏ စီးရီး(စ်) ထွက်ရန် သိပ်မလိုတော့ပေ။ သီချင်းတွေကလည်း အားလုံးသွင်းပြီးနေပြီ ဖြစ်၏။

ထိုရက်များအတွင်း ဘော်လရောင်သည် နေ့စဉ်ညနေတိုင်း သူမထံသို့ လာရောက်တွေ့ဆုံလေ့ရှိသည်။

သည်ကနေ့လည်း ဘော်လရောင် ရောက်လာသည်နှင့် သူမအား အပြင်မှာ ညနေစာစားရန် ခေါ်၍ သူနှင့်အတူ လိုက်လာခဲ့မိသည်။

ညနေစာစားပြီးဂေါက်ကွင်းဘက် ဆိုင်ကယ်လျှောက်စီးကြသည်။

သူမ ရင်တလှပ်လှပ်ခုန်နေမိ၏။

ဂေါက်ကွင်းရောက်တော့ Honda ကို တစ်နေရာမှာရပ်ထားပြီး ဘော်လရောင်က သူမပခုံးကို ဖွဖွဖက်ထားလိုက်သည်။

"မမ ကျွန်တော့်ကို ချစ်တယ်နော်"

"မင်း ဘယ်လိုထင်လို့လဲဘော်"

"ကျွန်တော့်ကို မမချစ်တယ်လို့ထင်တယ် မမ"





"မင်းကိုယ်မင်း အထင်ကြီးမနေနဲ့ ဖော်ကိုဝါမချစ်ဘူး"

"မယုံဘူး မမ၊ မယုံဘူး၊ ကျွန်တော့်ကို မမချစ်မှာပါ"

"မမရဲ့သန့်စင်တဲ့စေတနာကို စော်ကားနေတာလား"

သူမ အမေးကြောင့် သူ ဝမ်းနည်းထိခိုက်သွားသည်။

"မမ ... မမရဲ့ သန့်စင်တဲ့စေတနာကို ကျွန်တော်မစော်ကားစုံပါဘူး၊ ဒါပေမယ့် မမကို ကျွန်တော်ချစ်တဲ့အချစ်ကိုတော့ မမျိုသိပ်နိုင်ဘူး မမရယ်၊ ကျွန်တော့်ကို ခွင့်လွှတ်ပါနော်"

သူမ မျက်နှာတင်းမာနေသောကြောင့် ဘော်က သူမရှေ့တွင် ဒူးထောက်ထိုင်ချလိုက်ပြီး သူမမျက်နှာကို မော့ကြည့်လိုက်သည်။

"ကျွန်တော်အရှုံးပေးပါတယ် မမ"

"ဘယ်လို ဖြစ်နေတာလဲဘော်၊ ထရပ်စမ်းပါ၊ လူတွေမြင်ရင် ရယ်စရာဖြစ်နေတော့မှာပဲ"

"ကျွန်တော်စီးရီး(စ်)ထွက်တဲ့နေ့ အမျိုးသားဇာတ်ရုံမှာလုပ်မယ့် ကိုအောင်တို့ ရှိုးမှာ ကျွန်တော်ကို လာဆိုဖို့ခေါ်ထားတယ် မမ၊ စီဒိုးနားမှာ လုပ်မယ့် ကိုဝင်းတို့ပွဲကလဲ အတူ

ဖျော်ဖြေပေးဖို့ ပြောထားကြတယ်''

သူထိုင်ရာမှ ထရပ်ရင်းပြောလိုက်သည်။

''ဟုတ်လား ... ကောင်းတာပေါ့ကွယ်''

''ကျွန်တော့် ရှိုးတွေကို မမလိုက်ခဲ့ရမယ်နော်၊ ဒါပဲ''

''မင်းဘာသာ လွတ်လွတ်လပ်လပ်သွားပေါ့ကွယ်''

''မရဘူး မမ၊ လိုက်ကိုလိုက်ခဲ့ရမယ်''

''ဒါဖြင့်လဲ စီဒီနားမှာ ဖျော်ဖြေတဲ့ပွဲနေ့ကျရင် မမလိုက်ခဲ့မယ်''

''အို ... ပျော်လိုက်တာ မမရယ်''

''ကဲ ... ပြန်ကြပါစို့ဘော်''

''မပြန်သေးဘူး မမ''

သူ့စကားကြောင့် ပန်သစ္စာမျက်မှောင်ကုတ်လိုက်မိသည်။

''ကျွန်တော့်ကို ချစ်တယ်လို့ပြောမှပြန်ရမယ် ဒါပဲ၊ နို့မဟုတ်ရင် ဆိုင်ကယ်ရပ်ပြီး နောက်နေ့အထိစောင့်နေမှာ''

ဘော်ကအချွဲကောင်း။ အပြောကောင်းလေးမို့ သူမ





ဟန်ဆောင်နိုင်စွမ်းမရှိတော့ဘဲ တစ်ခါတည်းပစ်ကျသွားတော့၏။

''မေးနေစရာလိုသေးလား ဘော်ရယ်၊ ကျွဲကောဖြနား မှာ မင်းနဲ့ပြန်တွေ့ခဲ့ရပြီး မိုးရွာထဲမှာထီးဆောင်းပေးခဲ့တဲ့ နေ့ကတည်းက မင်းအပေါ်မှာ အမှတ်ထင်ထင်ရှိနေခဲ့တယ် ဆိုတာ မင်းမရိပ်မိဘူးလား ... ဘော်ရယ်''

''ကျွန်တော်သိပ်သိတာပေါ့၊ ကျွန်တော့်ဗိုက်ထဲမှာ ကွန်ပြူတာလေးရှိတယ်လေ''

သူ့စကားကြောင့် သူမတခစ်ခစ်ရယ်မောနေမိသည်။

''ဘော် ... ဘော် မင်းဟာ တကယ်အပြောကောင်းတဲ့သူပဲ၊ နောက်တောသာ မေ့မသွားနဲ့''

''ဘယ်တော့မှ မမေ့ဘူးမမ၊ မမကို ကျွန်တော်အမြဲချစ်မှာယ်''

''ပြန်မယ်လေဘော်၊ ဆိုင်ကယ်ပေါ်တက်ပြီး စက်နှိုးတော့ကွာ''

သူမပြောလိုက်သောကြောင့် ဘော်က ဆိုင်ကယ်ပေါ်တက်ပြီး စက်နှိုးလိုက်၏။

ဘော့ဆိုင်ကယ်နောက်မှာ သူမ ထိုင်လိုက်သည်။

"ကဲ ... မောင်းပြီနော် မမ"

"အိုကေ"

ဘော့ဆိုင်ကယ်နောက်မှ ဘော့ခါးကို ဖက်ပြီးသူမ ပါလာတော့၏။

□◆□





# အခန်း (၅)

ဘော်လရောင်၏စီးရီး(စ်)ခွေထွက်သည့်အခါ မျှော်လင့်တာထက်ပိုပြီး အောင်မြင်မှုရခဲ့လေသည်။

စီးရီး(စ်)ခွေထွက်ပြီး တစ်ပတ်ခန့်အကြာတွင် ...

စီဒိုးနားဟိုတယ်၌ ဖျော်ဖြေခွင့်ရခဲ့သည်။

ထိုနေ့က သူမသည် ဘော်နှင့်အတူ စီဒိုနားဟိုတယ်သို့ လိုက်ပါခဲ့ပြီး ဘော်တို့ရှိုးကို ကြည့်ခဲ့သည်။

အထူးဧည့်သည်များကြည့်ရှုသည့် နေရာတွင် သူမကိုထားခဲ့ပြီး ဘော်သီချင်းဆိုရန် ထွက်သွားသည်။

ခဏကြာတော့ Stage ပေါ် ဘော်ရောက်သွားပြီး

မီးဆလိုက်များက ဘော့်ကို ထိုးထားသည်။

ဘော်က ချိုသာစွာပြုံးလိုက်ရင်း ပရိသတ်ကို နှုတ်ဆက်လိုက်သည်။

"မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေခင်ဗျာ၊ သာယာတဲ့ ဒီညချမ်းလေးမှာ ပရိတ်သတ်ကြီးကို ကျွန်တော့်ရဲ့ ပထမဦးဆုံး စီးရီး(စ်)ထဲက 'မောင့်ရဲ့မ' ဆိုတဲ့ သီချင်းလေးနဲ့ စတင်သီဆိုဖျော်ဖြေပေးပါရစေခင်ဗျာ"

ဘော့်စကားသံအဆုံးမှာ 'မောင့်ရဲ့မ' တေးသီချင်း Intro ကို စတင်တီးခတ်လိုက်ကြသည်။

Alternative သံစဉ်ဖွဲ့စည်းမှုလှလှဖြင့် 'မောင့်ရဲ့မ' သံစဉ်လေးက ထွက်ပေါ်လာသည်။

သူ့အသံကို အောင်မြင်ကြည်လင်စွာ ကြားလိုက်ရသည်။

ပရိသတ်အားလုံး သူ့ကို အံ့ဩနှစ်ခြိုက်သွားကြသည် မဟုတ်ပါလား ...

သူက တီရှပ်နို့နှစ်ရောင်ပေါ် အညိုရောင်ကုတ်အကျီနှင့် ဘောင်းဘီရှည်တို့ကို တွဲဝတ်ထားပြီး ရှူးဖိနပ်အညိုရင့်ကိုစီးထားသည်။





သူ့စတိုင်လ်က အများနှင့်မတူ တမူထူးခြားနေလေသည်။

သီချင်းဆိုနေသည့်ဘော့်အား မိန်းကလေးအချို့ပန်းကုံးများ စွပ်ကြသည်။

ဘော့် အောင်မြင်မှုက ထင်ထားတာထက်ပိုနေသည် မဟုတ်ပါလား ...

ကြော်ငြာအားကောင်းတာကလည်းပါသည်။

ဘာပဲဖြစ်ဖြစ် သူ့အောင်မြင်မှုအတွက် သူမ ဂုဏ်ယူနေမိသည်။

ဘော်တို့ရှိုးအပြီး ပြန်လာချိန်တွင် ဘော်ကသူမအား မေးသည်။

"မမ ကျွန်တော်သီချင်းဆိုတာ ဘယ်လိုနေသလဲဟင်"

"အောင်မြင်ပါတယ် ... ဘော့်ပရိသတ်တွေက အခုကတည်းက အတော်ခိုင်မာနေပြီပဲ၊ ဘော့်အောင်မြင်မှုအတွက် ဝမ်းသာပါတယ် ဘော်"

"မမကို ကျေးဇူးသိပ်တင်တယ်"

"မလိုပါဘူးကွယ် ... မင်းအောင်မြင်ဖို့သာ အဓိကပါ"

"ကျွန်တော့်ဘဝရဲ့ အရှင်သခင်ဟာ မမပါပဲ"

တိုက်ကလေးရှေ့ရောက်တော့ ညဆယ်နှစ်နာရီခွဲနေပေပြီ

"သွားတော့မယ်နော် ... ဘော်"

သူမ နှုတ်ဆက်ပြီး ခြံတံခါးဖွင့်၍ ဝင်လာခဲ့သည်။

တိုက်ရှေ့ရောက်တော့ ဘဲလ်တီးလိုက်၏။

ဘော်ကမသွားသေးဘဲ ဆိုင်ကယ်ကိုရပ်၍ သူမကို စောင့်ကြည့်နေသည်။

သူမအတော်ကြာကြာဘဲလ်တီးနေပြီးမှ တိုက်အောက်ထပ်တွင် မီးများလင်းထိန်သွားသည်။

တံခါးလာဖွင့်သူကို မြင်လိုက်ရတော့ ဘော်အံ့ဩသွားပြီးတော့ သဝန်တိုငြူစူသွားသည်။

တံခါးလာဖွင့်သူက ဒေါ်ခွေးမတို့သားအမိမဟုတ်ဘဲ သူဖြစ်နေသောကြောင့်ပင်။

သူက တံခါးဖွင့်ပေးပြီး သူမကို မျက်နှာထားဖြင့် စိုက်ကြည့်နေသည်။ ပြီးတော့ပြောသည်။

"ဒါမိန်းကလေးတစ်ယောက်အိမ်ပြန်ချိန်လား၊ သန်းခေါင်ကျော်နေပြီ ဘယ်တွေလျှောက်သွားနေလို့ ဒီလောက်နောက်ကျရတာလဲ"





သူမ ထောင်းခနဲဒေါသဖြစ်သွားမိပြီး ...

"ဒီမှာ ရှင်ကဘာကိစ္စတံခါးလာဖွင့်ရတာလဲ၊ ကျွန်မကို ဒေါ်ခွေးမတို့ သားအမိလာဖွင့်ပေးမှာပေါ့" ဟု ရန်တွေ့လိုက်သည်။

"မင်းအတော်ခက်ပါလား၊ သူတို့မနိုးကြလို့ ကျုပ်လာဖွင့်ပေးတာကို ကျေးဇူးတင်ဖို့ကောင်းပါတယ်"

"မတင်နိုင်ဘူး"

သူမ အိမ်ထဲဝင်လာခဲ့ပြီး ဖိနပ်စင်ပေါ် ဖိနပ်ကို တင်လိုက်သည်။

ထိုအချိန်မှပင် ဘော်ကဆိုင်ကယ်မောင်းပြီး ထွက်ခွာသွား၏။

"ပန်ပန်"

"ဘာတုံး"

"မင်းကို ကိုယ်တကယ်နှမြောတယ်"

"ရှင့်စကားတွေက ကျွန်မကို အထင်သေးလှချည်လား"

"ကိုယ်အထင်သေးလို့ပြောနေတာ မဟုတ်ဘူး၊ ဒီကနေ့ မင်းပြန်လာတဲ့အချိန်ဟာ မိန်းကလေးတစ်ယောက်

အတွက် နောက်ကျလွန်းလို့ ပြောနေရတာပါ''

''ရှင်ပြောစရာမလိုဘူး''

''မင်းဟာ ကျုပ်သိပ်ချစ်နေမိတဲ့ မိန်းကလေးပဲ ပြီးတော့ မင်းကို ကိုယ်လက်ထပ်ဖို့ရည်ရွယ်ထားတယ်''

သူ့အသံက လေးနက်တည်ငြိမ်နေသည်။ သို့သော် သူမ သဘောမကျနိုင်ပါ။

''အံမယ် ရာရာစစ လျှာအရိုးမရှိတိုင်း လျှောက်ပြောမနေနဲ့၊ နေစရာအိမ်မရှိလို့ ဒီအိမ်မှာလာခိုကပ်နေရတဲ့ သူကများ''

''မင်းကိုယ့်ကို အဲဒီလောက်ထိ အထင်မသေးပါနဲ့၊ လင်းတလောက်တော့ ငှက်တိုင်းလှုပါတယ်ကွာ''

''ရှင်နေဖို့ တိုက်တစ်လုံး ရှင်ဝယ်နိုင်အောင်ကြိုးစားပြီးမှ ကျွန်မကို ပရိုပို့စ်လုပ်ဖို့ စိတ်ကူးထားပါ ဦးကိုဦး''

သူ့နာမည်အပြည့်အစုံကို မခေါ်ချင်သောကြောင့် ခပ်တိုတိုပင်ခေါ်လိုက်သည်။

''မင်းက ကိုယ့်ကို ငွေမရှိတဲ့လူတစ်ယောက်အနေနဲ့ အထင်သေးနေပုံရတယ်၊ တစ်နေ့ကိုယ့်အကြောင်းနား ...ါ''





''နားမလည်ချင်ဘူးရှင် ... ရှုပ်လိုက်တာ''

''အခုတော့လဲ မင်းအထင်သေးနေဦးမှာပေါ့''

''ဟုတ်တယ်၊ ရှင်ထင်တဲ့အတိုင်းပဲ''

''ဟိုကောင်လေးကိုတော့ မင်းအထင်ကြီးနေတယ် မဟုတ်လား''

''အထင်ကြီးတယ် ... သူက ကျွန်မချစ်သူပဲ''

သူမ ဖွင့်ဟလိုက်သောကြောင့် သူခေါင်းနပန်းကြီးသွားပြီး ဆောက်တည်ရာမရနိုင်တော့သလို ဖြစ်သွားမိသည်။

သူမက လှေကားထစ်တွေပေါ် တစ်ထစ်ချင်းနင်း၍ ပြေးတက်သွားတော့၏။

□◆□

# အခန်း (၆)

သူ့စီးရီး(စ်)က ထင်တာထက် ပိုပြီးပေါက်သွားသည်။

အရင်းစရိတ်များကျေရုံသာမက အမြတ်အစွန်းပင် ကျန်လေသည်။

"မမကျေးဇူးကြောင့် ကျွန်တော်အရမ်းအောင်မြင်ခဲ့တာပဲ မမ၊ မမကို ကျွန်တော်ဘယ်လိုကျေးဇူးဆပ်ရမှန်းတောင် နားမလည်တော့ဘူး"

ဘော်က ကျေးဇူးတင်မဆုံးဖြစ်နေသည်။

"မမကို ကျေးဇူးတင်ရင်နောက်တစ်ခွေမှာ ဒီထက်အောင်မြင်လာအောင် ကြိုးစားဦးပေါ့ကွယ်၊ နောက်တစ်ခွေကိုလည်း မမပဲဆက်ပြီး ထုတ်ပေးဖို့ကြိုးစားမယ်လေ"

"တကယ်နော် မမ"

သည်လိုနှင့် ဘော်နှင့်သူမတို့နှစ်ဦး တွယ်တာမှု သံယောဇဉ်တွေ ပိုလာခဲ့ရသည်။

"ဘော်"

"ဗျာ ... ချစ်မမ"

"မမဆီနေ့တိုင်းလာမနေနဲ့၊ မင်းအောင်မြင်မှုအတွက် ကြိုးစားစမ်းပါ၊ နောက်စီးရီး(စ်)ခွေအတွက် သီချင်းတွေကျက်ဦးလေ၊ ဒါမှ ကြိုးစားရကြိုးနပ်မှာပေါ့"

"ကျွန်တော်ကြိုးစားနေပါတယ် မမ၊ မမကို တစ်နေ့မမြင်ရရင် မနေနိုင်လောက်အောင် လွမ်းရတဲ့သူမို့ မမကို လာမတွေ့ဘဲ မနေနိုင်ဘူး"

"ဘော်က စကားတတ်တော့ မမဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး ဘော်ရယ်"

"မမဆီ ဘော် အမြဲလာမှာပဲ၊ မမ မတားဆီးရဘူး"

သည်လိုနှင့် ဘော်ဒုတိယစီးရီး(စ်) အတွက် ဆက်လက်လုံးပန်းရပြန်သည်။

ဘော်နှင့်သူမ အပြင်သွားတာများလာရပြန်၏။

Burger buster ဆိုင်လေးသို့ သွားရောက်၍ ဘာဂါစားရင်း ကော်ဖီသောက်ရင်း အချိန်ဖြုန်းလေ့ရှိကြသည်။





တစ်နေ့သူမတို့နှစ်ယောက် ထိုဆိုင်ကလေးထဲသို့ ဝင်လာစဉ် တစ်ယောက်တည်းထိုင်ပြီး ကော်ဖီသောက်နေသည့် ကိုဦးနှင့် ဆုံတွေ့လိုက်ရသည်။

သူမနှင့်ဘော်တို့ ဝင်လာတာကို လှမ်းမြင်တော့ သူက ပြုံးပြလိုက်သည်။

ပြီးတော့ နှုတ်ဆက်လိုက်၏။

"ပန်ပန်တို့ကော်ဖီလာသောက်ကြတာလား"

ဟန်မပျက်နှုတ်ဆက်လိုက်သော်လည်း သူ့ရင်ထဲမှာ သဝန်တိုမှု စိတ်မချမ်းနိုင်မှုများ ပြည့်လျှံနေမိသည်။

ပန်သစ္စာက သူ့ကို ပြုံးရုံသာ ပြုံးပြလိုက်ပြီး ဘာမှ တုံ့ပြန်မပြောပေ။

သို့သော် သူ့ကိုမြင်ပြီး စိတ်တိုသွားသူက ဘော်လရောင်ဖြစ်သည်။ ဘော်လရောင်က သူ့ကို မျက်နှာထားဆိုးဆိုးဖြင့် ကြည့်လိုက်ပြီး သူမနှင့် စားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

"မမ ဟိုလူက ဘာလုပ်နေတာလဲ"

"ကော်ဖီသောက်နေတာလေ ... ဘော်မြင်သားနဲ့"

"သူက မမကို ပန်ပန်လို့ ခေါ်ရသလား"

"အဲဒါဘာဖြစ်လဲ ဘော်ရဲ့"

"ပိုင်စိုးပိုင်နင်း နိုင်လိုက်တာဗျာ၊ မမကို ဒီလိုမခေါ်ဖို့ မမ တားမြစ်ထားဖို့ကောင်းတယ်"

"ဒါတော့ ဘယ်တတ်နိုင်မလဲဘော်ရယ်၊ သူ့ပါးစပ်နဲ့ သူခေါ်တာပဲ"

"မခေါ်ရဘူး"

"ဝုန်း"

ဘော်စိတ်ဆိုးသွားပြီးစားပွဲကိုတစ်ချက်ထုလိုက်သောကြောင့် သူမ လန့်ဖျတ်သွားသည်။

"တော်ပါသေးရဲ့ ... ဆိုင်ထဲမှာ လူရှင်းနေပေလို့ ..."

သို့သော် ကိုဦးက ဘော့်အပြုအမူကို မြင်ဖြစ်အောင် မြင်သွားသည်။

"ဘယ်လိုဖြစ်နေတာလဲ ဘော်၊ ဟိုမှာ ကြည့်နေပြီ၊ ရှက်စရာကြီး"

သူမ ခပ်တိုးတိုးပြောလိုက်သည်။

"ကြည့်ပါစေ ... ဒီလူကို ကျွန်တော်ဆွဲထိုးချင်တာ"

"သူ့ဖာသာ ကော်ဖီသောက်နေတာပဲ ဘော်ရဲ့၊ ဘော့်





ကို ဘာလုပ်လို့လဲ"

"မမက ဒီလူဘက်က နာနေတာလား"

"မင်း ဘာတွေပြောနေတာလဲ ဘော်၊ တော်ပြီ ... မမ မစားချင်တော့ဘူး"

ဘာဂါပန်းကန်ကို မကြည့်ချင်တော့သလို သူမ စိတ်ဆိုးသွားသည်။ ဘော်က မကျေမနပ်မျက်နှာဖြင့်ပင် ...

"ဒီလူက ဘာကြောင့် ကျွန်တော်တို့ရှေ့ရောက်နေရတာလဲ မမရဲ့၊ ဒီဆိုင်ကို ကျွန်တော်တို့လာနေကျဆိုတာ ဒီလူ သိနေသလား"

"အမှတ်တမဲ့ ဆုံကြတာဖြစ်မှာပေါ့၊ ဘာဖြစ်လို့ ဒီလောက် စိတ်ဝင်တစား ဖြစ်နေရတာလဲ ဘော်"

ဘော့်မျက်နှာက မထင်မှတ်နိုင်လောက်အောင် ပြောင်းလဲသွားသည်။

"ကျွန်တော့်ရင်ထဲမှာ သံသယတွေအများကြီးပဲ မမ"

သူမ အံ့ဩနားမလည်နိုင်သည့် မျက်ဝန်းများဖြင့် ဘော့်မျက်နှာကို ကြည့်လိုက်မိသည်။

ပြီးတော့ မေးသည်။

"သံသယ ဟုတ်လား၊ ဘာသံသယလဲ"

"အဲဒီလူနဲ့ မမ၊ အိုမပြောချင်ဘူးဗျာ"

"ဟင် ... ပြောရက်လှချည်လား ဘော်ရယ်၊ ဒီလူနဲ့ မမ နှစ်ယောက်တည်းနေတာမှ မဟုတ်တာ၊ ရိုးရိုးသားသား မို့သာ ဒေါ်ခွေးမတို့ သားအမိကို ခေါ်ထားတာပေါ့၊ ဒီလောက် တောင် ဦးနှောက်မရှိဘူးလား"

သူမ အသံက တင်းမာနေသည်။

ဘော့ကိုလည်း တော်တော်စိတ်ဆိုးနေမိ၏။

"ကျွန်တော်က စိတ်မချနိုင်လို့ ပြောမိတာပါ မမ၊ ဒီလူ့ကို မမဆက်ပြီး လက်ခံထားရင်တော့ သူနဲ့ကျွန်တော် တစ်နေ့မှာ ပြဿနာဖြစ်သွားနိုင်တယ်"

"ကဲ ... ဘော်နေခဲ့တော့၊ မမပြန်တော့မယ်"

သူမ ဘာဂါမစားဖြစ်တော့ဘဲ ထိုင်ရာမှ ထရပ်လိုက် ပြီး ဆိုင်ထဲမှ ထွက်လာခဲ့သည်။

"မမ ... မမ"

ဘော်က သူမနောက်မှ ပြေးလိုက်ခဲ့၏။

ကိုဦးထိုင်ကြည့်နေရာမှ မျက်လုံးဝိုင်းသွားပြီး သူပါ ဆိုင်ထဲမှ ထွက်လာခဲ့သည်။

Burger Buster ဆိုင်လေးဘေးတွင် ဘော်က သူမလက်





ကိုဆွဲခေါ်နေသည်။

"မမ တစ်ယောက်တည်းမပြန်ရဘူး၊ ကျွန်တော်ကိုယ် တိုင် လိုက်ပို့ပေးမယ်"

"ငါ့ဘာသာ ပြန်ပါရစေ ဘော်၊ မင်းဆိုင်ကယ်နောက် က ငါမလိုက်တော့ဘူး"

သူမဒေါသစိတ်များ၊ ခံပြင်းစိတ်များကြောင့် အသံတွေ အက်ကွဲနေသည်။

"မရဘူး မမ၊ ကျွန်တော့်ဆိုင်ကယ်နဲ့ပဲ လိုက်ခဲ့ရမယ်"

ဘော်က သူမလက်ကို အတင်းအကြပ်ဆွဲခေါ်နေ၏။

ကိုဦး ရပ်ကြည့်နေရာမှ သူတို့နှစ်ဦးနားရောက်လာ သည်။

"ဟေ့ကောင် ... သူ မလိုက်ချင်တာကို မင်းက ဘာဖြစ်လို့ အတင်းအကြပ်ခေါ်နေရတာလဲ"

သူ့ကိုမြင်တော့ ပိုပြီးဒေါသဖောင်းသွားသည်။

"ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ၊ ခင်ဗျားလမ်း ခင်ဗျား သွားပါ"

မျက်နှာထားတင်းတင်းဖြင့် ပြောလိုက်သည်။

"ငါ့မှာ ဝတ္တရားရှိလို့ပြောနေတာ"

"ဘာဝတ္တရားလဲ"

"သူက ငါ့ရဲ့အိမ်ရှင် သူ့ကို စောင့်ရှောက်ဖို့ ဝတ္တရား ရှိတယ်ဆိုတာ မင်းနားမလည်ဘူးလား"

"ကြီးကျယ်လိုက်တာဗျာ၊ မမကကျွန်တော့်ချစ်သူ၊ ခင်ဗျားဝင်မရှုပ်နဲ့"

သူက ဘော်နှင့်ဖက်ပြိုင်မပြောတော့ဘဲ သူမဘက် လှည့်၍ ....

"ကဲ ... ပန်ပန် ကိုယ့်ကားနဲ့ ပြန်လိုက်ခဲ့ဖို့ ကိုယ် တောင်းပန်ချင်တယ်"

ဟု ပြောလိုက်သည်။

"ခင်ဗျားအတော်မိုက်မဲတဲ့လူပဲ ... တောက်"

"ခွပ်"

ဘော်စိတ်ဆိုးဖြင့် သူ့မျက်နှာကို ဆွဲထိုးလိုက်သော ကြောင့် သူမှင်သက်နေမိရာမှ နောက်သို့ လန်သွားသည်။

သူ ပြန်ထိုးရန် ဟန်ပြင်လိုက်စဉ်မှာပင် သူမက သူနှင့် ဘော့်အကြားမှာ ဝင်ရပ်လိုက်သည်။

"ဘော် ... မင်းအတော်ရိုင်းပါလား၊ ဒီလောက် ရိုင်းတဲ့မင်းကို မမအံ့သြနေမိတယ်"





"ဒီလူကြီး လာကျောလို့ထိုးလိုက်တာပဲ မမရဲ့၊ ကျွန်တော်လွန်သလား"

ဘော် စိတ်ဆိုးမာန်ဆိုးဖြင့် ပြန်ပြောလိုက်သည်။

"မင်းကို မမစိတ်ပျက်တယ် ဘော်၊ မင်းနေရစ်ခဲ့တော့ မမပြန်မယ် ...၊ လာ ... ကိုဦး ပြန်ကြစို့"

ကိုဦးကားပေါ်သို့ သူမလိုက်သွားသောကြောင့် ဘော် ဆွေ့ဆွေ့ခုန်ပြီး ကျန်ရစ်ခဲ့သည်။

□◆□

# အခန်း (၇)

တကယ်တော့ ကိုဦးကားဖြင့် လိုက်ချင်၍မဟုတ်။ ဘော့ကို စိတ်ဆိုးပြီး တမင်အရွဲ့တိုက်၍ လိုက်ခဲ့မိခြင်းပါ။

သူမနှင့် ကိုဦးအပေါ် သံသယဖြစ်နေသည့် ဘော့ကိုလည်း နာကြည်းမုန်းတီးနေမိသည်။

သူမအပေါ် ဤမျှ အထင်တသေး မပြောဆိုသင့်ဟုထင်သည်။

ဘော့ ဘဝတိုးတက်ရေးအတွက် ဘော့ စီးရီး(စ်)ကိစ္စတစ်ခုတည်းဖြင့် ရန်ကုန်သို့လာရောက်ခဲ့ခြင်း ဖြစ်သည်

မဟုတ်ပါလား။

သို့သော် ဘော်က နည်းနည်းမျှ ငဲ့ကွက်ခြင်း၊ ထောက်ထားခြင်းမရှိဘဲ ကိုဦးနှင့် သံသယဝင်စွပ်စွဲခဲ့သည်။

ဘော့်စကားသံများကို ပြန်လည်ကြားယောင်မိပြီး ရင်ထဲမှာ ထိခိုက်နာကျင်နေမိ၏။

အိမ်ပြန်ရောက်တော့ ထမင်းပင်မစားတော့ဘဲ သူမ အခန်းထဲဝင်လာခဲ့သည်။

ဘော့်အတွက်ဆိုရင် ငွေကြေးကို ရက်ရက်ရောရော သုံးစွဲခဲ့တာ ဘော်အသိဆုံးပါ။

ဘော့်အတွက် စပို့ရှပ်၊ တီရှပ်၊ ကုတ်အကျႌ၊ စတိုင်လ်ဘောင်းဘီ အမျိုးမျိုး၊ ရှူးဖိနပ်အမျိုးမျိုးတို့အပြင် အကောင်းစား သိန်းကျော်တန်နာရီကိုပင် ဆင်ပေးခဲ့သည်။

ဘော်ခေါ်သည့် ရှိုးများသို့ လိုက်သွားခဲ့ရတာကလည်း အချိန်တွေကုန်မှန်းမသိ ကုန်ခဲ့ရသည်။

သူမ ကိုယ်ရေးကိုယ်တာ ဘာတစ်ခုမှ မလုပ်ခဲ့ရဘဲ ခြောက်လနီးပါး အချိန်တွေ တရွေ့ရွေ့ဖြုန်းတီးခဲ့မိ၏။

မမနားလည်ပါတယ် ဘော်ရယ် ...





အတောင်စုံတော့လဲ ငှက်ကလေးက အဝေးကို ပြေးချင်ပြီပေါ့ ...

သူမ စာကြည့်စားပွဲပေါ် ထောင်ထားသည့် ဘော့်ဓာတ်ပုံလေးကို လှမ်းကြည့်နေမိရာမှ စားပွဲပေါ်မှောက်ချလိုက်သည်။

သူမ စိတ်ကြီးသလို မာနလည်းကြီးသည်။

ဘော်သည် သူမဘဝတွင် ပထမဦးဆုံးချစ်ခဲ့ရသည့် ချစ်သူပင် ဖြစ်ခဲ့သည်။

ဘော့်အတွက်လဲ တတ်နိုင်သမျှ စေတနာထား၍ မြေတောင်မြှောက်ပေးခဲ့ပြီးပြီ။

သူမဘက်မှ ဘော့်ကို စွန့်လွှတ်ရန်ဝန်မလေးတော့ပေ။

သူမ ဂုဏ်သိက္ခာနှင့် ဣန္ဒြေကို ထိပါးပြီး ပြောဆိုလာလျှင်တော့ ဘော့်ကိုလည်း သည်းခံနိုင်မည်မဟုတ်။

သူမ ညည့်နက်ချိန်အထိ အိပ်မပျော်နိုင်ဘဲ ဖြစ်နေမိသည်။

သည်ကနေ့ထူးထူးခြားခြားပင် သူ၏ဘုရားရှိခိုးသံကျယ်ကျယ်ကို မကြားရသောကြောင့် အံ့သြနေမိသည်။

ဘော်ထိုးလိုက်သည့် ပါးတစ်ဖက်ရောင်ကိုင်းပြီး သူ အတော်နာကျင်နေလိမ့်မည်ထင်သည်။

ဘာဖြစ်လို့များ Burger Buster ဆိုင်ထဲမှာ သူနှင့် ဆုံတွေ့ခဲ့ရပါလိမ့် ...

သူနဲ့သာ မဆုံတွေ့ခဲ့လျှင် အခြေအနေတွေက ဒီလိုဖြစ်လာချင်မှ ဖြစ်လာပေလိမ့်မည်။

သူမတစ်ယောက်တည်းတွေးပြီး ဝမ်းနည်းထိနိုက်မိသည် မဟုတ်ပါလား ...

□◆□





## အခန်း (၈)

ဘော်လရောင်သည် ဖုန်းခွက်ကိုကိုင်လိုက်ချလိုက်ဖြင့် ဖုန်းဆက်ရန် သူ့ကိုယ်သူအကြိမ်ကြိမ်ကြိုးစားနေမိသော်လည်း နောက်ဆုံးတော့ ဖုန်းမဆက်ဖြစ်တော့ဘဲ ဖုန်းကိုချထားလိုက်သည်။

"ဘယ်လိုဖြစ်နေတာလဲကွ ဘော်လရောင်"

သူငယ်ချင်း ခင်မောင်နိုင်က မေးလိုက်သည်။

"ဟုတ်တယ်ကွ ငါ့မမဆီ ဖုန်းဆက်မလို့အကြိမ်ကြိမ် ကြိုးစားနေတာ ဒါပေမယ့် မဆက်ဖြစ်ဘူး"

"မင်းဘာတွေဖြစ်နေတာလဲဘော်"

"မင်းကိုကြည့်ရတာ ခွေးအကြီးလှည်းနင်းထားသလိုပဲ"

သူငယ်ချင်းများက သူ့ကို တစ်ယောက်တစ်ပေါက် မေးနေကြသည်။

သူငယ်ချင်းလေးယောက်စုနေသော အခန်းမှီ အမြဲလိုလိုစည်ကားဆူညံနေတတ်သော်လည်း ဘော့်အမူအရာကြောင့် ယနေ့ တိတ်ဆိတ်ငြိမ်သက်နေကြသည်။

ဘော်က မျက်နှာသုန်သုန်မှုန်မှုန်ဖြင့် ဆိုဖာဟောင်းတစ်လုံးပေါ်မှာ ခွေပြီးအိပ်နေသည်။

"ပြောစမ်း ဘော် မင်းမမနဲ့ဘာဖြစ်လာတာလဲ"

အေးဟန်အမေးကို ဘော်မဖြေဘဲမနေနိုင်ပါ။

သူ့ ရင်ထဲမှ ခံစားချက်ကို သူငယ်ချင်းများအား ရင်ဖွင့်ချင့်နေမိသည်။

"ငါနဲ့မမ ပြဿနာတက်လာကြလို့ကွ"

"ဟုတ်လား ... ဘာပြဿနာလဲ"

"မင်းတို့ကို ပြောပြဖူးတယ်လေ၊ ဟိုလူကြီးနဲ့ မမကို ငါစိတ်မချဘူးဆိုတဲ့ အကြောင်းပေါ့"





"ရှင်းစမ်းပါဦး ဘော်ရာ"

"ဒီလိုကွ ... ဒီနေ့ Burger Buster ထဲကို ငါနဲ့ မမ ဝင်လာတော့ အဲဒီလူဆိုင်ထဲမှာ ထိုင်နေတာ တွေ့လိုက်ရတယ်၊ သူက မမကို ပန်ပန်လို့ခေါ်ပြီးနှုတ်ဆက်တယ်၊ ငါလဲ သဝန်ကြောင်ပြီး မမကို ဒီလူအကြောင်းမေးရာကအစ ပြဿနာ တက်ခဲ့ကြတာပဲ"

သူက သုံးဦးဖလှယ် ပြဿနာဖြစ်ခဲ့ကြပုံကို သူငယ်ချင်းများအား ပြောပြနေသည်။

"ဟင် ... မင်းမမက အဲဒီလူနဲ့လိုက်သွားတယ် ဟုတ်လား။ မင်းဂုဏ်သိက္ခာတော့ ကောက်မရအောင် ကျဆင်းသွားတာပဲ"

"ဟုတ်တယ်ကွာ ... မင်းနေရာကကြည့်ရင် အရမ်းရှုံးနိမ့်သွားတာပဲ၊ ဒါကြောင့် မင်းဒီလောက်တုန်လှုပ်ခြောက်ခြားနေတာကိုး ... သနားတယ်ကွာ"

သူငယ်ချင်းတွေ သူ့ဘက်မှ မခံမရပ်နိုင်ဖြစ်ပြီး ပြောလိုက်ကြသည်။

"လောလောဆယ် မမက ဟိုလူ့ကိုသနားပြီး သူ့ကား

နဲ့ ပြန်လိုက်သွားပုံရတယ်ကွ၊ ငါဘာလုပ်ရမလဲ မသိဘူး''

သူဝေခွဲမရသည့် အမူအရာဖြင့် ပြောလိုက်သည်။

''မင်းရဲ့ မမကို တောင်းပန်လိုက်ပေါ့''

တစ်ယောက်ကပြောသည်။

ကျန်တစ်ယောက်က ...

''ဟာ မတောင်းပန်နဲ့ကွ ပိုပြီးရောင့်တက်သွားမယ်၊ အဘွားကြီးကို ခေါက်ထားစမ်းပါကွာ''

ဟုပြောလိုက်၏။

''ဘယ်သူ့ကို ပြောတာလဲကွ အဘွားကြီးဆိုတာ''

''မင်းမမကို ပြောတာပေါ့''

''ဟာ မမက အခုမှ အသက်နှစ်ဆယ့်ခြောက်နှစ်ကျော်ကျော်ပဲ ရှိသေးတာ၊ အဘွားကြီးလို့မခေါ်ပါနဲ့''

သူ့စကားကြောင့် အားလုံးဝိုင်းရယ်လိုက်ကြ၏။

''မင်းကို တစ်ဖက်သက်လိုက်နေတဲ့ စနိုးတို့အရွယ် ကောင်မလေးတွေနဲ့ ယှဉ်ရင်မင်းမမက အဘွားကြီးဖြစ်နေပြီပေါ့ကွာ၊ စနိုးတို့လို အပျိုသင်စလေးတွေကမှ နုပျိုလန်းဆန်းတဲ့အရွယ်လေးတွေ မဟုတ်ဘူးလား''





သူငယ်ချင်းများစကားကြောင့် သူတွေဝေနေမိသည်။

စနိုးဆိုသည့် မိန်းကလေးက သူရန်ကုန်ရောက်လာပြီးနောက် သူ့စီးရီး(စ်)ကြော်ငြာများ မဂ္ဂဇင်းတွင် ပါလာကတည်းက သူ့ထံ ဆက်သွယ်ခဲ့သည်။

စနိုးက အသက်ဆယ့်ရှစ်နှစ်ခန့်သာ ရှိသေးသော်လည်း သူမ၏ ကိုယ်ပိုင်ကားကို သူမကိုယ်မောင်းလေ့ရှိသည်။

သူရှိနေသည့် နေရာကို မကြာခဏရှာ၍ အဖော်မိန်းကလေးအချို့ကို ခေါ်ပြီးရောက်လာတတ်သည်။

သူ့အတွက် ချောကလက်နှင့်အချိုရည်ဘူးများ မပြတ်လက်ဆောင်ပေးတတ်ပြီး ရေမွှေးဘူးလှလှများကိုလည်း လက်ဆောင်ပေးတတ်သူရယ်ပါ။

''စိတ်ကူးမလွဲနဲ့ ကိုယ့်လူ ... စနိုးကမှ မင်းကိုတကယ်ချစ်တာကွ၊ ပြီးတော့ တစ်ဦးတည်းသောသမီး သူဌေးမလေးနော်၊ စနိုးနားမှာ မင်းသဝန်တိုပြုစုစရာ ဘာကောင်မှ မရှိဘူး''

သူငယ်ချင်းများက တစ်ယောက်တစ်ပေါက်နားသွင်းကောင်းသောကြောင့် စနိုးဘက်သို့ စိတ်ယိုင်လာမိသည်။

စန်းမျက်နှာကို မြင်ယောင်နေမိပြီး စန်းအသံကို ကြားယောင်နေမိသည်။

◆ *"စန်းလေ ... ကိုကို့ဝေါလ်ရှိ(တ်)ကို မွှေ့ယာပေါ်ခင်းပြီး အိပ်တာသိလား ... ကိုကို့သီချင်းတွေကို စန်းက ဒီလောက်တောင်ကြိုက်တာ ... ကိုကိုရဲ့"*

စန်း၏ ပုံရိပ်လေးကို နှလုံးသားထဲ ဝင်လာအောင် ကြိုးစားရင်း မမကို ရက်အတော်ကြာမေ့ပျောက်ရန် ဖွတ်မိုတ်ပြီး ကြိုးစားနေမိသည်။

□◆□





## အခန်း (၉)

နောက်တစ်နေ့နံနက်တွင် ဘော်ရောက်ဆာနိုးဖြင့် သူမမျှော်နေမိသည်။

မိုးလင်းကတည်းက သူမ အပြင်မသွားဘဲ ဧည့်ခန်းထဲဆင်းလိုက်၊ အပေါ်ထပ်တက်သွားလိုက်ဖြင့် ဂနာမငြိမ်ဖြစ်နေသည့်သူမကို ကြည့်ပြီး ရင်ခွင်ဦး စိတ်မကောင်းဖြစ်နေမိသည်။

မနေ့ညနေက ဟိုကောင်လေးထိုးလိုက်သည့် သူ့ဒဏ်ရာက အနည်းငယ်ဖူးရောင်နေသည်။ သူပြန်ထိုးရန် ချိန်ရွယ်

လိုက်ပြီးမှ သူမကြားထဲမှာဝင်ရပ်လိုက်သောကြောင့် မထိုးလိုက်ရဘဲ သက်သက်အစော်ကားခံရသလို ဖြစ်ခဲ့ရသည်။

သို့သော် ထိုကိစ္စကြောင့် သူ့ကားဖြင့် သူမပါလာခဲ့ရသည်ကိုတော့ ကြိတ်ပြီး ဝမ်းသာနေမိ၏။

သူမ တစ်နေ့လုံး တမျှော်မျှော်ဖြစ်နေတာကို မြင်နေရသောကြောင့် သူပါစိတ်ညစ်ပြီး ဘာမှမစားနိုင်လောက်အောင် ဖြစ်နေသည်။

*"ဟဲ ... ဟဲ ... ဦးလေး၊ ထမင်းလက်သုပ်စားမလား၊ ကျွန်မတို့ လုပ်စားတယ်လေ"*

*"ငါခေါက်ဆွဲကြော်သွားဝယ်စားမယ်၊ နင်တို့ပဲ စားကြပါ၊ နင့်အစ်မကိုလဲ စားဖို့ခေါ်လိုက်ဦး"*

အေးမိစံက ထမင်းလက်သုပ်စားနေရာမှ သူ့ကိုအကဲခတ်နေသည်။

သူ့မမရော ကိုဦးပါ မျက်နှာမသာမယာနှင့် ဂနာမငြိမ်ဖြစ်နေတာကို တွေ့ရသောကြောင့် သူတို့နှစ်ယောက် ကြည့်ရတာတစ်မျိုးပဲဟု တွေးနေသည်။

ပန်သစ္စာတစ်နေ့လုံး မျှော်နေမိသော်လည်း ဘော်က





ပေါ်မလာပေ။

သူမ ရင်ထဲမှာနာကျင်ကြေကွဲနေမိ၏။

ဘော် ... ဘော် မမကို ဒီလောက်တောင် စိတ်ဆိုးသွားတာကိုး ... အထင်လွဲနေတဲ့ မင်းကို ဘယ်လိုရှင်းပြရမှာပါလိမ့် ...

ထိုနေ့ည သူမတော်ရုံနှင့် မအိပ်နိုင်ဘဲ ခြံထဲ ဆင်းပြီးထိုင်နေမိသည်။

ဘယ်အချိန်ထိ ထိုင်နေမိသည် မသိ၊ သူ့အသံကြားမှ လှည့်ကြည့်လိုက်မိသည်။

*"ပန်ပန် ... ခုချိန်ထိ မအိပ်သေးဘူးလား"*

*"မအိပ်သေးဘူး"*

*"သူ့အကြောင်းတွေ တွေးပြီးမင်းစိတ်ညစ်နေပြီထင်တယ်"*

သူ့စကားကြောင့် သူမစိတ်ဆိုးသွားသည့် အမူအရာဖြင့် မျက်နှာလွှဲပစ်လိုက်၏။

*"ကိုယ်ပြောတာ မှန်တယ်မဟုတ်လား"*

*"သူတပါးရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စကို ရှင်က*

စိတ်ဝင်စားဖြစ်နေတာလား”

“ကိုယ်က မင်းအတွက် စိတ်မကောင်းဖြစ်နေမိတာပါ၊ မနေ့က ကိုယ့်ကြောင့် မင်းတို့ …”

“ဟုတ်တယ် … ရှင့်ကြောင့် ကျွန်မတို့ ပြဿနာတက်ခဲ့ရတာ၊ ရှင်နဲ့သာ မတွေ့ရင် ကျွန်မတို့ ပြဿနာတက်ကြမှာ မဟုတ်ဘူး၊ တွေးကြည့်ရင် ရှင်ဂြိုဟ်ဝင်တာပဲ”

သူမ အားမနာနိုင်ဘဲ ပြောလိုက်မိသည်။

“မင်းရဲ့ ကောင်လေးကလဲ လွန်လွန်းပါတယ်ကွာ၊ မင်းအပေါ် ဒီလောက်တောင် အယုံအကြည်ကင်းမဲ့နေရင် တစ်သက်လုံးလက်တွဲသွားဖို့ကိစ္စကို မတွေးဝံ့စရာပဲ”

သူပြောသည့်စကား မှန်နေသောကြောင့် သူမ ဘာမှ ပြန်မပြောဘဲ တွေဝေစဉ်းစားနေမိသည်။

တကယ်တော့ သူမအနေဖြင့် ဘော့်အပေါ်တွင် အစစအရာရာ အကူအညီပေးခဲ့သည်သာမက ချစ်သူတစ်ယောက်အနေဖြင့်လည်း အရာရာသစ္စာစောင့်သိခဲ့သည်။

သို့သော် ဘော်က သူမအပေါ်လေးစားစိတ်မရှိဘဲ သူ့စိတ်ထဲထင်သမျှ ပြောချင်တိုင်း ထုတ်ဖော်ပြောခဲ့သည်





မဟုတ်ပါလား …

ဘော့်အကြောင်းကို ဆက်လက်မတွေးချင်တော့လောက်အောင် ရင်ထဲမှာ ခါးသည်းနာကြည်းသွားမိပြန်သည်။

“ပန်ပန်”

“ရှင်ဘာပြောမလို့လဲ၊ ပြောစရာမရှိရင် ကျွန်မနားကသွားပါတော့ရှင်”

“ခြံအနောက်ဘက်မှာ ကိုယ်စိုက်ထားတဲ့ ပိတောက်ပင်က ပိတောက်ပန်းလေးတွေ ပွင့်နေပြီ၊ မင်းအတွက် ကိုယ်ခူးပေးရမလား”

“ရှင်ဘာဖြစ်နေတာလဲ၊ ရှင့်ကို ပန်းခူးပေးဖို့ ဘယ်သူမှ မတောင်းဆိုဘူး”

သူမ စိတ်တိုတိုဖြင့် အော်လိုက်မိသည်။

“ကိုယ့် အချစ်ဦးအတွက် လက်ဆောင်ပေါ့”

“ရှင်စိတ်ကူးတွေယဉ်မနေနဲ့၊ ကျွန်မအိမ်ပေါ်မှာ နေပြီး ကျွန်မကို မျက်စိကျနေတာ ရှင်မရှက်ဘူးလား”

“မရှက်ပါဘူး၊ လူပျိုက အပျိုကို ပိုးပန်းတာ ဘာဖြစ်

သလဲ၊ ဗိုးပန်းခွင့်ရှိတယ် မဟုတ်လား"

"ကဲ ... ရှင်တစ်ယောက်တည်း ပြောချင်တာသာ ပြောပေတော့၊ ကျွန်မသွားတော့မယ်"

သူမ စကားဆုံးသည်နှင့် အိမ်ထဲဝင်လာခဲ့မိသည်။

□◆□





## အခန်း (၁၀)

သူ မရောက်လာတာဘာလိုလိုနှင့် ရက်သတ္တတစ်ပတ်ခန့်ရှိခဲ့ပြီ။

သူ့ထံ ဖုန်းဆက်ရန် စိတ်ကူးမိတိုင်း သူ့အပေါ် နာကြည်းစိတ်ဖြင့် မဆက်ခဲ့မိပေ။

သည်လိုနှင့်တစ်ရက်ပြီးတစ်ရက် ကြာလာခဲ့သည်။

ဒီကနေ့ညနေတော့ သူမနှင့်သူ ဘာဂါစားနေကျ အင်းလျားလမ်းရှိ Burger Buster ဆိုင်လေးဆီသို့ တစ်ယောက်တည်း 'ကက' ကားဖြင့် ထွက်လာခဲ့မိသည်။

ဆိုင်ရှေ့ရောက်တော့ ကားခရှင်းပြီး ကားပေါ်မှ ဆင်းလာခဲ့၍ ဆိုင်ထဲဝင်လာခဲ့၏။

သူနှင့်ထိုင်နေကျစားပွဲတွင် သူမတစ်ယောက်တည်း ပျင်းရိငြီးငွေ့စွာ ထိုင်နေမိသည်။

*"ဘာဂါနဲ့ ကော်ဖီခါးခါးပဲလား အစ်မ"*

မေးနေကျ ဝိတ်ထရက်စ်လေးက သူမကို တအံ့တသြ ကြည့်ရင်း မေးလိုက်ခြင်းရယ်ပါ။

သူမတစ်ယောက်တည်း မလာဖူးဘဲ နှစ်ယောက်တွဲလာနေကျမို့ အထူးအဆန်းဖြစ်နေခြင်း ဖြစ်ပေလိမ့်မည်။

*"ဘာဂါတစ်ခုနဲ့ အအေးတစ်ဘူးပေးပါ"*

ဘော်အလွန်ကြိုက်နှစ်သက်သည့် ကော်ဖီခါးခါးကို သောက်လိုစိတ်မရှိတော့ပေ။

သူမစားပွဲပေါ်သို့ ဘာဂါတစ်ခုနှင့် အအေးတစ်ဘူး ရောက်လာသည်။

ဘာဂါကို စိတ်မပါသလိုစားနေရင်း အအေးသောက်နေသည်။

အမြဲလိုလိုပျော်ရွှင်ရယ်မောနေတတ်သည့် ဘော့ပုံရိပ်





ကလေးက ပေါ်လာသည်မို့ ရင်ထဲမှာ တမ်းတခြင်းဝေဒနာတွေ နှိပ်စက်လာကြသည်။

*"မမရင်ထဲမှာ ဘယ်လောက်ထိတမ်းတနေရသလဲဆိုတာ နားလည်မပေးနိုင်တော့ဘူးလား ဘော်ရယ် ..."*

ဘော့ကို သတိရတမ်းတစိတ်ကြောင့် ဆိုင်ထဲတွင် ကြာကြာထိုင်လိုစိတ်မရှိတော့ဘဲ ငွေရှင်းပေးပြီး ထွက်လာခဲ့သည်။

သူမ ဆိုင်ထဲမှ ထွက်လာစဉ် ဆိုင်ရှေ့မှ ဖြတ်မောင်းသွားသည့် ဆိုင်ကယ်တစ်စီးကို တွေ့လိုက်ရသောကြောင့် ဘော်များလားဟု လှမ်းကြည့်လိုက်မိသည်။

သူမ အံ့သြလှုပ်ရှားသွားမိ၏။

ဆိုင်ကယ်မောင်းသွားသူမှာ ဘော်လရောင်ဖြစ်ပြီး သူ့ဆိုင်ကယ်နောက်မှာတော့ သူ့ခါးကို ဖက်၍လိုက်သွားသည့် ဂါဝန်ဝတ်ထားသော ခေတ်မီလှပသော ဆယ်ကျော်သက်ရွယ် မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရသည် မဟုတ်ပါလား ...

ဟင် ... မယုံနိုင်စရာပါလား ... ဘော်ရယ် ...

သူမ မျက်စိကို သူမ မယုံနိုင်လောက်အောင် ဖြစ်နေမိသည်။

ဘော် ... ဘော် ... မမှနောက်ကွယ်မှာ မမထက် အများကြီးနုနယ်လှပတဲ့ ကောင်မလေးတစ်ယောက်နဲ့တွဲနေတာကိုး ...

မမကတော့ ဘော်စိတ်ဆိုးပြီး ရှောင်နေတာလို့ထင်ခဲ့မိတယ် ... ခုတော့လဲ မမထင်သလိုမဟုတ်ပါလား ...

သူမရင်ထဲ နာကျင်ကြေကွဲပြီး ဆောက်တည်ရာမရနိုင်လောက်အောင် ခံစားနေရသည်။

ရုတ်တရက် 'ကက' ကားတစ်စီးမှ မတွေ့သဖြင့် အင်းလျားလမ်းအတိုင်း သူမလျှောက်လာခဲ့မိသည်။

Boat Club အနီးရောက်မှပင် 'ကက' ကားတစ် စီးကို တွေ့လိုက်ရသောကြောင့် တားပြီး အိမ်ပြန်လာခဲ့သည်။

အိမ်ပြန်ရောက်တော့ ဒေါ်ခွေးမတို့ သားအမိနှင့် ကိုဦးတို့ သုံးယောက် ထမင်းစားနေကြတာကို တွေ့လိုက်ရ၏။

ဒေါ်ခွေးမတို့ သားအမိရောက်လာခါစက ကိုဦးနှင့် သိပ်အဆင်မပြေကြသော်လည်း နောက်ပိုင်းရက်များတွင်





သူတို့အချင်းချင်း အတော်လေးအဆင်ပြေနေကြသည်။

*"မမ ပြန်လာပြီလား၊ တစ်ခါတည်း ညနေစာဝင်စားလိုက်ပါလား မမ"*

*"မဆာပါဘူးကွယ်"*

သူမ မျက်စိမျက်နှာမသာမယာ ဖြစ်လာပုံကို ကြည့်ပြီး စိတ်မကောင်းဖြစ်သွားကြသည်။

သူမ ဘယ်သူနှင့်မှ စကားမပြောတော့ဘဲ တိုက်အပေါ်ထပ်သို့ တက်လာခဲ့သည်။

စော်ရုံနှင့်အိပ်မပျော်သောကြောင့် ဟိုဟိုသည်သည် တွေးရင်း ဘော့်ထံသို့ ဖုန်းဆက်ရန် စိတ်ကူးလိုက်မိသည်။

သို့သော် ဖုန်းမဆက်ဖြစ်ပေ။

ဘော်တို့စုံတွဲကို မျက်ဝန်းတွေထဲမှာ မြင်ယောင်မိရင်း ထိခိုက်ကြေကွဲနေမိသည်။

□ ◆ □

## အခန်း (၁၁)

ပန်သစ္စာသည် စိတ်တည်ငြိမ်မှုမရှိနိုင်ဘဲ ဘော့်အကြောင်းကိုသာ သတိတရဖြစ်ပြီး စဉ်းစားနေမိသည်။

ထို့ကြောင့် ဘော်နှင့်သူမတို့ နှစ်ဦးအတူသွားလာခဲ့ဖူးကြသည့်သည့်နေရာအချို့ကို သူမတစ်ယောက်တည်း လျှောက်သွားနေမိသည်။

ယနေ့လည်း ဘော်နှင့်အတူနေ့လယ်စာ စားနေကျ ရူပါဝမ်းရှိ Ruby Garden Cafeteria ဆိုင်လေးအတွင်းသို့ ရောက်လာခဲ့သည်။

သူမတစ်ယောက်တည်း ကြာဖံချက်မှာစားပြီး ထိုင်နေ

မိသည်။

ကြာဇံချက်ကို ဘော်အလွန်ကြိုက်သည်။

သည်နေရာလေးကို မကြာခဏ ရောက်လာတတ်ပြီး ကြာဇံချက်မှာသောက်လေ့ရှိကြသည်။

သို့သော် ဒီကနေ့တော့ သူမတစ်ယောက်တည်း ရယ်ပါ။

သူမတစ်ယောက်တည်း ပိုတွေးသည် တွေးဖြင့် ဆိုင်အပြင်ဘက်သို့ အဓိပ္ပာယ်မဲ့ ငေးကြည့်နေမိသည်။

ထိုစဉ် ရေခဲမုန့်ဆိုင်လေးရှေ့တွင် ရပ်ပြီး ရေခဲမုန့်ဝယ်နေသည့်ဘော့်ကို တွေ့လိုက်ရသောကြောင့် သူမ မယုံနိုင်လောက်အောင် အံ့သြသွားမိသည်။

ဘော်က ရေခဲမုန့်နှစ်ခုဝယ်လိုက်ပြီး သူ့အနီးတွင် ရပ်နေသည့် မိန်းကလေးကို ရေခဲမုန့်တစ်ခု လှမ်းပေးလိုက်သည်။

ထိုမိန်းကလေးက ဂျင်းစကာပ်ခပ်တိုတိုမီးခိုးရောင်ကို စပို့ရှပ်ခိုပြာရောင် လက်စကဖြင့် တွဲဝတ်ထားသည်။

ဟိုတစ်နေ့ညနေက Burger Buster ဆိုင်မှာ တွေ့လိုက်





ရသည့် ကောင်မလေးပင်ဖြစ်သည်။

ရေခဲမုန့်ကိုလှမ်းယူလိုက်ပြီးသည်နှင့် ဘော်နှင့် တံတောင်ဆစ်ချင်း ချိတ်ဆွဲလိုက်ကြပြီး စူပါမတ်ကက်ထဲ ဝင်သွားကြသည်။

ပန်းသစ္စာ၏ အသည်းနှလုံးထဲမှာ တစစ်စစ်နာကျင်နေမိသည်။

ဩော် … ဘော်က အချစ်သစ်နဲ့ပျော်နေပြီကိုး

ဘော်ဘယ်အချိန်ကစပြီးတွဲနေတဲ့ကောင်မလေးပါလိမ့် …

ကောင်မလေးက ဖြူဖြူချောချော၊ ပိန်ပိန်မြင့်မြင့်နှင့် ခေတ်မီလှပပြီး သွက်လက်ရဲတင်းသူဖြစ်၏။

သူတို့ စူပါမတ်ကက်ထဲမှ ပြန်ထွက်လာတာကို မမြင်ချင်တော့သလို သူမထွက်လာခဲ့သည်။

'ကာကာ' ကားငှားပြီး အိမ်သို့ ပြန်လာခဲ့၏။

တိုက်ထဲလှမ်းဝင်လိုက်သည်နှင့် သူနှင့် ရင်ဆိုင်လိုက်ရသည်။

''တစ်နေ့လုံးဘယ်တွေလျှောက်သွားနေတာလဲ ပန်ပန်''

"ကျွန်မဘာသာ ဘယ်သွားသွားရှင်နဲ့ဘာဆိုင်လဲ"

"ကိုယ်က စိုးရိမ်လို့ပြောတာပါ၊ မင်းသွားစရာရှိရင် ကိုယ့်ကို ပြောပါ ကိုယ်လိုက်ပို့ပေးမယ်"

"ရှင့်ကို ပြောစရာမလိုဘူး၊ ရှင်လိုက်ပို့စရာလဲ မလိုဘူး။ ကျွန်မနဲ့ ရှင်ဘာဆိုင်လို့ ပူပန်နေရတာလဲ"

"ကိုယ်ပြောခဲ့ပြီးပြီ မဟုတ်လား၊ မင်းဟာကိုယ် လက်ထပ်ယူမယ့် မိန်းကလေးလို့ ပြောပြီးပြီပဲ"

"ရာရာစစ ရှင်လှူဝါးမဝပါနဲ့"

သူမ စိတ်တိုစွာပြောလိုက်ပြီး မျက်နှာလွှဲပစ်လိုက်သည်။

"မမ ရေချိုးတော့မလား၊ သနပ်ခါးသွေးထားပြီးပြီ"

"အခုမှ နေပူထဲက ပြန်လာတာရေချိုးလို့ဘယ်ဖြစ်မှာလဲ"

"ဒါဖြင့် နေ့လယ်စာ စားမလား"

"စားလာပြီးပြီဟ့၊ စိတ်ရှုပ်လိုက်တာ၊ ဘာတွေမေးနေကြမှန်းလဲ မသိဘူး"

သူမ စိတ်တိုစွာပြောလိုက်သည်။

အပေါ်ထပ်သို့ တက်လာခဲ့သည်။





အပေါ်ထပ်ရောက်တော့ ဒေါ်ချွေးမကို အော်ခေါ်လိုက်သည်။

"ဒေါ်ချွေးမ ... အမြန်ဆုံးတက်လာစမ်းပါ"

သူမခေါ်သံကြောင့် ဒေါ်ချွေးမ သူမရှိရာသို့ တက်လာခဲ့သည်။

"ဘာပြောမလို့လဲ ပန်ပန်"

"အဝတ်တွေသိမ်း၊ ကျွန်မအဝတ်တွေအားလုံး ဗီရိုထဲက ထုတ်ပြီး သားရေသေတ္တာထဲထည့်လိုက်ပါ"

"မနက်ဖြန်စောစောထွက်မယ့် ကားနဲ့ မော်လမြိုင် ပြန်မယ်"

ဒေါ်ချွေးမ အံ့သြနေမိသည်။

"မော်လမြိုင်ပြန်မယ်၊ ဟုတ်လား ပန်ပန်"

"ဟုတ်တယ် အဒေါ်တို့ သားအမိပါ တစ်ခါတည်း ပြန်လိုက်ခဲ့ရမယ်၊ ကျွန်မ လက်မှတ်ဝယ်လာခဲ့ပြီးပြီ"

"ဘာဖြစ်လို့ အလောသုံးဆယ်ပြန်ချင်တာလဲ"

"ကျွန်မဘာသာပြန်ချင်လို့ပေါ့၊ မေးခွန်းတွေမေးမနေနဲ့၊ ပြောတဲ့အတိုင်းလုပ်ပါ အဒေါ်"

*"ကောင်းပါပြီကွယ်၊ ကောင်းပါပြီ"*

သူ့စကားဆုံးသည်နှင့် ဗီရိုကိုဆွဲဖွင့်လိုက်ပြီး အဝတ်အထည်များကို သားရေသေတ္တာထဲသို့ ပစ်ထည့်လိုက်သည်။

*"ဖြည်းဖြည်း ... ဖြည်းဖြည်း ပန်ပန် ၊ ဒီလောက်မလောနဲ့လေ၊ အားလုံးကိုအဒေါ် ထည့်ပေးပါ့မယ်"*

ဒေါ်ခွေးမ တောင်းတောင်းပန်ပန် ပြောလိုက်သည်။

သူမ စာရေးစားပွဲမှာထိုင်ပြီး စာတစ်စောင်ရေးနေမိ၏။

ဘော်လရောင်

မင်းဒီစာကို ဖတ်နေတဲ့အချိန်မှာ မမရန်ကုန်မှာ မရှိတော့ဘူး၊ မော်လမြိုင်ပြန်သွားပြီ၊ မင်းနဲ့ပတ်သက်ခဲ့သမျှ အိပ်မက်လေးတွေကို အဆုံးသတ်ဖို့ မမနားလည်ခဲ့ပြီးပါပြီ၊ မင်းရဲ့ဒုတိယစီးရီး(စ်) ဆက်လက်အောင်မြင်ရင် မမစိုက်ထုတ်ပေးထားတဲ့ ငွေအရင်းအနှီးကို ပြန်ပို့ပေးလိုက်ပါနော် ...

မိဘအမွေအနှစ်ပေးထားတဲ့ငွေဆိုတော့ အလဟဿ မဖြစ်ချင်ဘူး၊ အရင်းပြန်လိုချင်တယ်၊ ဒါကြောင့် ဒုတိယစီးရီး(စ်)ကို ပရိုဂျူဆာတစ်ယောက်ယောက်နဲ့ ဆက်လုပ်ပြီး





ဒုတိယစီးရီး(စ်)မှာပြန်ရတဲ့ ငွေထဲက အမြတ်အစွန်းကို မင်းအတွက်ယူပြီး မမကို အရင်းငွေပြန်ပေးပါ၊

တစ်ခါက

ပန်သစ္စာ

ဘော့အတွက် စာကိုစာတိုက်မှ ထည့်ပေးလိုက်ရန် စဉ်းစားထားပြီး ဖြစ်သည်။

စာကို စာအိတ်ထဲထည့်လိုက်ပြီး ပိတ်လိုက်၏။

သူမ မော်လမြိုင်ပြန်မည့် သတင်းကို ကြားလိုက်ရသောကြောင့် ကိုဦး အံ့သြနေမိသည်။

ဘယ်လိုဖြစ်တာပါလိမ့် ... သူမအတော်စိတ်ကြီးတာပဲ ...

ဟိုတစ်လောက Burger Buster ဆိုင်တွင် ဖြစ်ပျက်ခဲ့သည့် ပြဿနာကြောင့် သူမ မော်လမြိုင်ပြန်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်လိမ့်မည်။

ပန်သစ္စာကို အချိန်မီတားဆီးရန် သူ စိတ်ကူးလိုက်ပြီး ပန်သစ္စာအနီးသို့ ရောက်လာသည်။

*"မော်လမြိုင် ပြန်မလို့ဟုတ်လား ပန်သစ္စာ"*

*"ဟုတ်တယ်"*

"ဘာဖြစ်လို့ပြန်မှာလဲ"

"ပြန်ချင်လို့ ပြန်တာ"

"မပြန်ပါနဲ့ ပန်ပန်ရယ် ... ကိုယ်တောင်းပန်ပါတယ်"

"ရှင်က ဘာဆိုင်လို့ တားဆီးနေရတာလဲ"

"ကိုယ့်ကြောင့် ပန်ပန်အခုလို ဖြစ်ရတာပါ၊ ကိုယ်သာ Burger Buster ဆိုင်ကို မလာခဲ့မိရင် အခုလိုဖြစ်ရမှာ မဟုတ်ဘူး"

"ရှင်ဟာ ကိုယ်နဲ့မဆိုင်တဲ့ ကိစ္စတွေကို စပ်စပ်စုစု ပြောနေတုန်းပဲ၊ ကျွန်မတို့အားလုံး မော်လမြိုင်ပြန်သွားတော့ ရှင်တစ်ယောက်တည်း လွတ်လွတ်လပ်လပ် အေးအေးဆေးဆေး နေရတာပေါ့၊ ဘာဖြစ်လို့ တားဆီးနေရတာလဲ"

ပန်ပန် မျက်နှာထားတင်းတင်းဖြင့် ရန်တွေ့နေသည်။

သူက စိတ်မဆိုးဘဲ ...

"မင်းတို့ မရှိရင် ကိုယ်တစ်ယောက်တည်းမနေတတ်ဘူး၊ ကိုယ် တစ်ယောက်တည်းအထီးကျန်ပြီး ကျန်ရစ်ခဲ့မယ်"

"ဒါက ရှင့်ကိစ္စပဲ၊ ကျွန်မက ဘူးဆိုဖရုံမသီးဘူး၊ ပြန်မယ်ဆိုရင်ပြန်ရမှ"





"ကိုယ်တောင်းပန်ပါတယ် ပန်ပန်၊ မင်းတို့ချစ်သူ နှစ်ဦး ပြေလည်အောင် ကိုယ်ဘာကူညီရမလဲပြော"

"ဘာမှ ကူညီစရာမလိုဘူး"

"သဘောထားသေးလှတဲ့ မင်းကောင်လေးဆီသွားပြီး ကိုယ်တောင်းပန်ပေးရမလား"

"ရှင်တောင်းပန်ပေးစရာ မလိုဘူး၊ ကျွန်မလဲ လုံးဝမတောင်းပန်ဘူး၊ ဒီလိုလူစားမျိုးနဲ့ စောစောလမ်းခွဲခဲ့ရတဲ့အတွက် ဝမ်းတောင်သာရဦးမယ်"

သူမ စကားဆုံးသည်နှင့် အခန်းတံခါးကို ဆောင့်ပိတ်လိုက်သောကြောင့် သူဘာမှ ဆက်လက်မပြောနိုင်တော့ဘဲ ငိုင်တွေစွာဖြင့် သူမအခန်းရှေ့မှ လှည့်ထွက်လာခဲ့မိသည်။

□◆□

# အပိုင်း ၆း

## အခန်း (၁)

သူမမော်လမြိုင်သို့ ပြန်ရောက်လာခဲ့တာ ဘာလိုလိုနှင့် တစ်လပြည့်ခဲ့ပြီ။

ခြံအနောက်ဘက် ခပ်လှမ်းလှမ်းရှိသံလွင်မြစ်ကမ်းနဖူးကို သူမ နေ့စဉ်ရောက်လာခဲ့သည်။

ဘော်ထိုင်နေကျ သစ်မြစ်ဆုံလေးပေါ်တွင် ဘော့်အရိပ်များကို မြင်ယောင်နေမိတတ်သည် မဟုတ်ပါလား ...

ဘော်သည် ဂစ်တာလေးပိုက်ပြီး သစ်မြစ်ပေါ်ထိုင်၍

သီချင်းဆိုနေသည်။

သူမ စိတ်တွေမတည်ငြိမ်၊ ဘော့်ကို မေ့ဖျောက်နိုင်ရန်မှာ ခက်ခဲလှသည်။

ဘော့်ကို မေ့ဖျောက်နိုင်ရန် တစ်နေရာရာသို့ ထွက်ခွာသွားမှ ဖြစ်တော့မည်။

ထို့ကြောင့် သူမ အဘိုးအဘွားများရှိရာ မုဒုံမြို့သို့ စိတ်ပြေလက်ပျောက်ထွက်လာခဲ့သည်။

မုဒုံရောက်တော့ အဘိုးအဘွားများ၏ ခြံဝိုင်းလေးရှိရာသို့ လာခဲ့သည်။

သူမ၏ဖခင်မြို့ပိုင်ဘဝဖြင့် ဒီဒေသတွင် တာဝန်ကျခဲ့စဉ်က အဘွား၏ခြံဝိုင်းနှင့် ကပ်လျက်တွင်အိမ်ကလေးတစ်လုံးဆောက်ပြီး မိသားစု နေထိုင်ခဲ့ကြ၏။

ဆယ်နှစ်ကျော်ပစ်ထားခဲ့သည့် ခြံဝိုင်းကလေးသည် ယခင်က အတိုင်းပင် ပုံစံမပျက် တည်ရှိနေသည်။

ဝါစကပ်ပျဉ်ထောင်အိမ်လေးရှေ့တွင် စိန်ပန်းနီပင်ကြီးတစ်ခုရှိပြီး စိန်ပန်းပင်အောက်တွင် ကွပ်ပျစ်ဟောင်းတစ်ခု၊

သူမ၏ အိပ်ယာလိပ်နှင့် သေတ္တာကို ထိုကွပ်ပျစ်ပေါ်





သို့ တင်လိုက်သည်။

ပြီးတော့ ခေါင်းရင်းဘက်ကပ်လျက်ရှိ အဘွားတို့ အိမ်ကလေးဆီသို့ လျှောက်လာခဲ့သည်။

*''ဘွားဘွား''*

သူမအသံကြားတော့ အဘွားက ပြောင်းဖူးဖက်ဆေးလိပ်ကို ရှိုက်ဖွာနေရာမှ လှမ်းကြည့်လိုက်သည်။

*''ဩော် . . . ဘယ်သူများလဲလို့၊ မြေးလတ်ကိုးရောက်မလာတာတောင် အတော်ကြာပြီ အခုဘာကိစ္စအရေးကြီးလို့ ရောက်လာတာလဲကွယ်''*

သူမ အဘွားအနီးတွင် ဝင်ထိုင်လိုက်ပြီး . . .

*''အဘွား၊ ကျွန်မက ဟိုဘက်အိမ်လေးမှာ ခဏနေဖို့ ပြန်လာခဲ့တာပါ''*

*''ဟုတ်လား''*

*''သော့ပေးပါဦးအဘွားရယ်''*

အဘွားထံတွင် သော့အပ်ထားခဲ့သောကြောင့် ပြန်လည်တောင်းယူလိုက်သည်။

အဘွားမျက်နှာအမူအရာတစ်မျိုးပြောင်းသွားပြီး

"ပန်ပန်တို့ အိမ်လေးမှာလူရှိနေတယ်"

"ဖြစ်ရပြန်ပြီ"

"သူငယ်လေး ရောက်လာတာမကြာသေးဘူးကွယ့်၊ ဒီအရပ်မှာ အေးအေးဆေးဆေးလာနေချင်တယ်ဆိုပြီး ရောက်တာပဲ၊ ဒါကြောင့် ခဏနေဖို့ ထားလိုက်တာ"

သူမ စိတ်ပျက်လက်ပျက်အမူအရာဖြင့် သက်ပြင်းရှိုက်လိုက်သည်။

"အိမ်ဆိုတာ ပစ်ထားတာကြာရင် မကောင်းဘူးကွယ့်၊ အမှိုက်တွေကျပ်ခိုးတွေနဲ့ ထူထပ်နေတာ လူရှိတော့ သန့်သန့်ရှင်းရှင်း လုပ်ဖော်ရတာပေါ့ကွယ်"

အဘွားစကားကို ကြားတော့ လင်းလင်းကို သတိရလိုက်မိ၏။

လင်းလင်းလည်း ဒီလိုပဲ ပြောခဲ့ဖူးသည်မဟုတ်ပါလား။

"သူငယ်လေးက သဘောကောင်းတယ်၊ သူရောက်လာမှ ခြံထဲမှာ စားပင်သီးပင်လေးတွေ စိုက်ထားတာ ပြည့်နေတာပဲ၊ ပန်းခင်းလေးတွေလဲ လုပ်ထားတယ်"





"ကဲ ... ဒါတွေထားပါဦး အဘွားရယ်၊ ပန်ပန်က ဘယ်မှာနေရမှာလဲ"

"အဘွားတို့ အိမ်မှာနေပေါ့"

"ဟင့်အင်း ... ပန်ပန်တစ်ယောက်တည်းနေဖို့ ပြန်လာခဲ့တာ သူ့ကိုဖယ်ခိုင်းပေးပါအဘွားရယ်"

"ဒါဖြင့်လဲ သူငယ်လေးပြန်လာရင် ပြောလိုက်ပါ့မယ်"

"သူ ဘာအလုပ်လုပ်တာလဲ အဘွား"

"သူလား ... အလုပ်မယ်မယ်ရရ မရှိဘူး၊ ကားတစ်စီးနဲ့ ထွက်လိုက်ဝင်လိုက်ပဲ"

သူမစိတ်ညစ်နေမိသည်။

ရန်ကုန်တိုက်လေးသို့ ရောက်သွားတုန်းကလည်း ဒီလိုပဲ လူတစ်ယောက်ရှိနေခဲ့သည် မဟုတ်ပါလား ...

"ပန်ပန့် ဖေဖေနဲ့မေမေကော နေကောင်းကြလား"

"ဖေဖေကတော့ သိပ်နေမကောင်းဘူး၊ မေမေကတော့ ကျန်းမာပါတယ်"

"သူတို့လဲ မုဒ့်လာမလည်တာအတော်ကြာပြီ"

"ဖေဖေက ရပ်ရေးရွာရေးနဲ့ မအားပါဘူး အဘွားရယ်၊ မေမေကတော့ အိမ်မှုကိစ္စတွေနဲ့ အားရတယ်လို့ကို မရှိဘူး"

"ကဲ ... ငါ့မြေး အဝတ်သေတ္တာတွေ ဘာတွေပါခဲ့ရင် သွားယူ၊ ဟိုသူငယ်လေးပြန်လာရင် ဒီအိမ်က ပြောင်းပေးဖို့ အဘွားပြောပါ့မယ်"

"ဟုတ်ကဲ့ ... အဘွား"

သူမ အိပ်ရာလိပ်နှင့် အဝတ်သေတ္တာကို ယူရန် သူမ၏ခြံကလေးထဲသို့ ပြန်လာခဲ့သည်။

□◆□





## အခန်း (၂)

သူမခြံထဲပြန်ရောက်တော့ အိမ်တံခါးဖွင့်ထားတာတွေ့လိုက်ရသည်။

သူမဝမ်းသာသွားပြီး အိမ်ကလေးရှေ့တွင် ရပ်ပြီး တကြော်ကြော်အော်ခေါ်လိုက်သည်။

"ဗျို့ အိမ်ငှားတွေရှိသလား"

လူသူ အရိပ်အယောင်မမြင်ရသောကြောင့် ခြံဝိုင်းလေး အနောက်ဘက်သို့ လျှောက်လာခဲ့မိသည်။

ခြံအနောက်ဘက်စားပင်တွေကြားမှာ မြက်နုတ်နေသော လူတစ်ယောက်ကို တွေ့လိုက်ရသောကြောင့် ...

"ဒီမှာရှင့် … ဒီမှာ"

ထိုလူက မျက်နှာပေါ်တွင် ဦးထုပ်ကို ခပ်စိုက်စိုက် ဆောင်းထားသည်။

"ဒီမှာ … ဒီမှာ"

သူမ၏ ထူးထူးခြားခြားခေါ်သံကြောင့် သူဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

"ဟင် … ရှင်ပါလား"

သူမ အံ့သြလွန်းသဖြင့် မျက်နှာတစ်ခုလုံး ဖွေးခနဲ ဖြစ်သွားရ၏။

"ဘာကြောင့် ရှင်ဖြစ်နေရတာလဲ၊ ကမ္ဘာကြီးက ဒီလောက်ပဲ ကျဉ်းသလား"

သူမ မကျေမနပ်ပြောလိုက်သည်။

သူက ဝမ်းသာပျော်ရွှင်သ ပြည့် အမူအရာဖြင့် …

"ကမ္ဘာကြီးက လုံးနေတာပဲ၊ အရှေ့ဘက်ကို သွားသွား အနောက်ဘက်ကို လျှောက်လျှောက် တစ်နေ့နေ့ တစ်ချိန်ချိန် တစ်နေရာရာမှာ ပြန်လည်ဆုံစည်းကြရမှာပေါ့" ဟု ခပ်ပြုံး ပြုံးပြောလိုက်သည်။

"ကျွန်မနောက်ကို ရှင်တမင်လိုက်လာပြီးနှောင့်ယှက်





နေတာတော့ မဟုတ်ပါဘူးနော်"

"ခင်ဗျား ရောက်လာမယ်မှန်းကျုပ်က ဘယ်လိုသိမှာလဲ၊ ကျုပ်က ဒီရပ်ဒီရွာမှာ နေထိုင်ဖူးတဲ့သူလဲ မဟုတ်ဘူး"

"ရှင် မုဒ့်ကို ဘာကိစ္စနဲ့ရောက်လာတာလဲ"

"ဘာစီးပွားရေးလုပ်ရရင်ကောင်းမလဲလို့ လာလေ့လာတာ"

"ဟွန်း … ယုံစရာကြီးပါလား"

သူမခါးပေါ်လက်ထောက်ပြီး ဟန့်ပါပါပြောလိုက်သည်။

"ခင်ဗျားကလည်း ရောက်တဲ့အရပ်မှာ ရန်လိုနေတော့တာပဲ၊ ကဲ … ပြော ကျုပ်ဘာလုပ်ပေးရမလဲ"

"ဒီခြံနဲ့ အိမ်ကို ပိုင်ဆိုင်တဲ့ပိုင်ရှင် ပြန်ရောက်လာပြီလေ ထုံးစံအတိုင်းလုပ်ပေါ့"

သူမ စကားကြောင့် သူက ပုခုံးနှစ်ဖက်ကို တွန့်လိုက်ပြီး …

"သြော် …,နားလည်ပြီ၊ ရန်ကုန်က တိုက်ကလေးမှာလိုပဲ ကျွန်တော်ဆက်ပြီးနေရမှာလား"

အိမ်က ဖယ်ပေးဖို့ ပြောနေတာ

"လက်စသတ်တော့ ခင်ဗျားက ဒီအိမ်နဲ့ ဒီခြံပိုင်ရှင်

ကိုး''

''ဟုတ်တယ်''

''ကောင်းပြီလေ ... အိမ်ရှင်ပြန်ရောက်လာတော့လဲ ညီ့သည်က ဖယ်ရမှာပေါ့ ခင်ဗျ။ ရန်ကုန်ကတိုက်နဲ့ ခြံလို ကျွန်တော် စပေါ်တင်မထားဘူးဆိုတော့လဲ ခုချက်ချင်းပဲ သွားပါတော့မယ်''

စကားဆုံးသည်နှင့် သူထွက်သွားသည်။

သူမ ငိုင်တွေစွာ ကျန်ရစ်ခဲ့ရာမှ သူ့နောက်သို့ လိုက်လာခဲ့သည်။

အိမ်ပေါ်သို့ မတက်ဘဲ ကွပ်ပျစ်လေးပေါ်မှာ ထိုင်ပြီး အခြေအနေကို စောင့်ကြည့်နေမိသည်။

ဆယ့်ငါးမိနစ်ခန့်ကြာတော့ သူအထုပ်အပိုးများဆွဲပြီး အိမ်ထဲမှ ထွက်လာသည်။

''ကဲ ... သွားလိုက်ပါဦးမယ် ဒေါ်ပန်သစ္စာ''

''ရှင်ဘယ်သွားမလို့လဲ''

''ကျွန်တော်လယ်ကွက်ထဲမှာ သွားနေမယ်၊ စပါးသိမ်းချိန်ဆိုတော့ သာယာတယ်၊ အဲဒီမှာ တဲကလေးတစ်လုံး ဆောက်ပြီး နေမယ်လေ''





သူ့စကားကြောင့် သူမရယ်မောလိုက်မိ၏။

''ရှင်ဟာလေ တကယ့်ကို ဝ္ဂကျတဲ့လူပဲ၊ စပါးလှေ့တဲ့ နေရာမှာ အိမ်ဆောက်ပြီး ရှင်နေနိုင်လို့လား''

''နေနိုင်တာပေါ့ဗျ။ အဲဒါလဲ အတွေ့အကြုံတစ်ခုပဲ''

သူပြောပြီး လှည့်ထွက်သွားတော့၏။

ထိုစဉ် တစ်ဖက်ခြံမှ ရောက်လာသည့် ဒေါ်မယ်ခနှင့် ရင်ဆိုင်တိုးမိကြသည်။

''ဟဲ့ ... သူငယ် ဘယ်သွားမလို့လဲ''

''အိမ်ရှင်ရောက်လာပြီ အဘွား၊ ဒါကြောင့် ကျွန်တော် သွားတော့မယ်၊ လယ်ကွက်ထဲမှာ ဝါးအိမ်လေးတစ်လုံး ဆောက်ပြီးနေဖို့ ဆုံးဖြတ်လိုက်ပြီအဘွား''

''အို ... ဒီလိုဘယ်ဖြစ်မလဲကွယ့် ... အဘွားအိမ်ကို လိုက်ခဲ့မှပေါ့''

သူနှင့်အဘွားတရင်းတနှီးရှိလှသောကြောင့် သူတို့ကို ကြည့်ပြီး ပန်ပန်အံ့ကြနေမိ၏။

''လယ်ထဲသွားနေရင် လေစိမ်းတွေတိုက်မှာပေါ့''

''အဘွားရဲ့စပါးခင်းတွေ စပါးသိမ်းနေကြပြီ''

''စပါးတွေတောင်လိုပုံနေတဲ့ကြားမှာ ကျွန်တော်နေပါ

ရစေ၊ အဘွားရဲ့စပါးတွေ အလေအလွင့်မရှိအောင် ကျွန်တော် ကူညီမယ်''

သူ့စကားများကြောင့် အဘွားက ခေါင်းတဆတ်ဆတ် ညိတ်ပြီး သဘောကျနေသော်လည်း ပန်ပန်က မဲ့မဲ့ပြုံးနေမိသည်။

''သည်လောက်တောင်လေထွားလှတဲ့ ကိုလေထွားကို လွှတ်လိုက်စမ်းပါ အဘွားရယ်၊ လေအကြောင်းစပါးအကြောင်း မသိဘဲ ဘယ်ကနေဘယ်လိုရောက်လာမှန်း မသိတဲ့ လူကများ စပါးတွေ အလေအလွင့်မရှိအောင် စပါးပုံကြားမှာ သွားနေဦးမတဲ့၊ ဟား ...ဟား ...ဟား ... ရယ်စရာကောင်းလိုက်တာ''

သူမ တမင်လှောင်ပြောင်ရယ်မောလိုက်သည်။

သူက စိတ်ဆိုးသွားသည့် မျက်နှာအမူအရာဖြင့် သူမကို ရှုတည်တည်စိုက်ကြည့်လိုက်သည်။

ပြီးတော့ ပြောသည်။

''ဘယ်လိုလဲကွ ... ရောက်ရောက်ချင်းဆောက်နဲ့ထွင်းဆိုတာ ဒါမျိုးလား၊ ကိုယ့်ကိုမင်း ပြောင်လှောင်သရော်နေတာလား''





''ရယ်စရာကောင်းလို့ ပြောနေရတာပါရှင်''

''ရယ်မနေနဲ့၊ မင်းအိမ်က ကျုပ်ဆင်းသွားရင် ပြီးတာပဲ မဟုတ်လား''

သူက စကားဆုံးသည်နှင့် သူမကို လှည့်မကြည့်တော့ဘဲ သေတ္တာနှင့် အိပ်ရာလိပ်ကိုဆွဲ၍ ထွက်သွားတော့၏။

အဘွားကဒေါ်မယ်ခက စိတ်မကောင်းဖြစ်စွာ သူ့ကို ငေးကြည့်နေရာမှ ...

''ကောင်လေးက ရည်ရည်မွန်မွန်လေးပါကွယ်၊ သိပ်အဖော်ရတာ'' ဟု ပြောလိုက်သည်။

❒◆❒

## အခန်း (၃)

ရှင်းလင်းသန့်ပြန့်နေသည့် အိမ်လေးကို ကြည့်ရင်းသူမ စိတ်ကြည်လင် လန်းဆန်းသွားရသည်။

ပျဉ်ထောင်အိမ်ဖြစ်သောကြောင့် လျှာထိုးကြမ်းပြင်တွေက ပြောင်လက်နေသည်။

ယောကျ်ားတစ်ယောက်ဖြစ်သော်လည်း တစ်အိမ်လုံး ရှင်းလင်းသန့်ပြန့်နေသောကြောင့် သူ့ကို ချီးကျူးနေမိသည်။

ဒီလူ နေပုံထိုင်ပုံအတော်အဆင့်အတန်းရှိတာပဲ၊ ရန်ကုန်တိုက်ကလေးမှာနေတုန်းကလဲ ဒီလိုပဲ သန့်သန့် ပြန့်

ပြန့် နေတတ်တယ် ...

ထိုစဉ် မိုးငွေ့ရောသော လေအေးတို့ ပြတင်းမှတဆင့် ဝင်ရောက်လာသည်။

လတ်ဆတ်သော ပန်းရနံ့တို့ကို အားပါးတရ ရှူရှိုက်လိုက်ရသည်။

စံပယ်ဖူးနှင့် ဇီဇဝါပန်းရနံ့များက သင်းထုံမွှေးကြိုင်လျက်ရှိ၏။

ပတ်ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။

စံပယ်ပင်တွေက ပွင့်နေလိုက်တာ

စံပယ်ပန်းရနံ့က ရင်ထဲကို အေးသွားတာပဲ ...

ဒီခြံလေးထဲမှာ နှင်းဆီပန်းတွေ စီးပွားဖြစ်စိုက်ရရင် ကောင်းမလား ... ဟိုလူ့ကို အခကြေးငွေပေးပြီး ဥယျာဉ်မှူး လုပ်ခိုင်းရင် ကောင်းမယ်ထင်တယ် ...

သူမ တစ်ယောက်တည်းတွေးနေမိသည်။

ပတ်ဝန်းကျင် အသစ်ကို ရောက်လာသောကြောင့် သူမရင်ထဲခံစားနေရသည့် ခံစားချက်များ အတော်ပေါ့သွားပြီ ဖြစ်ကြောင်း နားလည်ခဲ့ရသည်။





အိမ်ကလေးထဲတွင် သူမတစ်ယောက်တည်းနေထိုင်ရန် အဘွားက သိပ်သဘောမကျချင်။

''ညဆို တစ်ယောက်တည်းဘယ်နှယ်လုပ်မလဲ ... အဖော်မိန်းကလေးတစ်ယောက်အနားမှာခေါ်ထားပါလား၊ ကွမ်းသီးခြံထဲက ကဲကဲတို့ ညီအစ်မကို ခေါ်ပေးမယ်လေ''

''အဖော်ဆိုတာ တစ်ခါတရံတော့လဲ စိတ်ရှုပ်စရာပါ အဘွားရယ်၊ အေးမိစံဆိုရင် ချွေးနံ့နံ့လွန်းလို့ သန့်သန့်ရှင်းရှင်းနေဖို့ တစ်ချိန်လုံးပြောနေရတာ၊ အသေးလေးကတော့ လက်သည်းထဲမှာ ချေးလက်လေးသစ်နဲ့ ဟိုကုတ်ဒီကုတ် ... သူ့ချက်တဲ့ ထမင်းစားမဝင်ပါဘူး၊ လောလောဆယ် တစ်ယောက်တည်းပဲ နေချင်တယ်''

''ဒါဖြင့်လဲ နေပါကျေးဇူးရှင်မရယ် ... အဘွားသွားတော့မယ်၊ ထမင်းဟင်း ကိစ္စကို ဘယ်လိုလုပ်မလဲ''

''ကိုယ့်ဘာသာကိုယ်ချက်စားမယ်၊ အိုးခွက်တွေ ရှိနေတာပဲ မဟုတ်လား''

''ကောင်းပါတယ်အေ ကောင်းပါတယ်''

ပြောရဆိုရ ခက်လှသည့် သူမကို ဘာမှဆက်၍ မပြောချင်တော့၍ အဘွားလှည့်ထွက်သွားသည်။

ထိုနေ့ညနေစာကို အဘွားအိမ်မှာပင် သွားစားပြီး ပြန်လာခဲ့သည်။

သူမ အိမ်ပြန်ရောက်တော့ အတော်မှောင်နေပေပြီ။

ထိုနေ့ည သူမ အိပ်ချိန်တွင် မိုးက တဝုန်းဝုန်းရွာချလိုက်၏။

သူမ ခြင်ထောင်ပေါ်သို့ မိုးရေစက်များ တဖြတ်ဖြတ်ကျလာသောကြောင့် အိပ်နေရာမှ ထထိုင်လိုက်ပြီး ခြင်ထောင်ပြင်ထွက်လိုက်သည်။

ဟင် . . . မိုးယိုနေပါလား၊ သြော် အိမ်က ကြာပြီဆိုတော့လဲ သွပ်တွေက ဟောင်းပြီး တချို့ပေါက်ကုန်ပြီ . . . ဒါကြောင့် မိုးရေတွေယိုကျလာတာ . . .

ဟိုလူကော ဘယ်လိုအိပ်လဲမသိဘူး၊ ငါ့မှာဖြင့် ကြွက်စုတ်လေးရေနစ်တာ ကျနေတာပဲ . . .

သူမ အိပ်ရာ အိမ်ရှေ့ခန်းသို့ ရွှေ့ပြီးခင်းလိုက်ရသည်။ နောက်တစ်နေ့တွင် သူ့ကိုခေါ်ပြီး အိမ်ခေါင်မိုးသွပ်များ





ဖာခိုင်းရန် စဉ်းစားနေမိသည်။

နောက်တစ်နေ့နံနက်တွင် သူမ အိပ်ရာမှ စောစောနိုးလာခဲ့ပြီး အဘွား၏လယ်ကွင်းပြင်များဘက်သို့ တစ်ယောက်တည်း လျှောက်လာခဲ့သည်။

ကွင်းပြင်ထဲတွင် ထန်းရွက်မိုးတဲလေးတစ်ခု ထီးထီးမတ်မတ်ရှိနေ၏။

သူ့ကို ထိုအိမ်ကလေးထဲတွင် ရှိလိုရှိငြားအိမ်ရှေ့မှ ရပ်ကြည့်လိုက်ပြီး . . .

"ဗျို့ . . . အိမ်ရှင်" ဟု အသံပြုလိုက်သည်။

"ကျုပ်ဒီမှာ"

သူက စပါးပုံကြီးတစ်ပုံပေါ်တွင် ထိုင်နေပြီး သူမကို ခပ်ပြုံးပြုံးစိုက်ကြည့်နေသည်။

"ရှင့်ကို ပြောစရာရှိလို့"

*"ပြောစရာရှိရင် ခင်ဗျားစပါးပုံပေါ် တက်လာခဲ့လေ"*

*"အံမယ် . . . ကြီးကျယ်လိုက်တာ၊ ရှင်ဆင်းလာခဲ့ပေါ့"*

*"မင်းက ပြောချင်တဲ့သူပဲ မဟုတ်လား၊ ဒီတော့*

ခင်များတက်လာခဲ့ပါ''

''ရှင် ကြီးကျယ်မနေနဲ့၊ ရှင့်ကိုရှင်ဘာထင်နေသလဲ''

''ဒီလောက်တောင် စိတ်ဆိုးမနေပါနဲ့၊ ကျုပ်ပဲဆင်းလာခဲ့ပါမယ်''

''ကျွန်မနဲ့ခဏလိုက်ခဲ့ပါ''

''ဘာကိစ္စလဲ''

''အိမ်ခေါင်မိုး မိုးယိုနေလို့ ရှင့်ကို ခေါင်းမိုးဖာခိုင်းမလို့''

''အမိုးဖာစရာမလိုပါဘူး လွယ်ပါတယ်၊ ကျွန်တော့်လိုလုပ်ပါလား''

''ဘာလုပ်ရမှာလဲ''

''ခြင်ထောင်ခေါင်မိုးပေါ် ပလတ်စတစ် ဖြန့်ပြီးခံထားလိုက်ပေါ့၊ မိုးလင်းတာနဲ့ အဲဒီပလတ်စတစ်လေးအလိုက်သင့် ယူပြီး ရေတွေသွန်ပစ်လိုက်ရုံပဲ''

သူ့စကားကြောင့် သူမရယ်နေမိသည်။

''ရှင်ဟာလေတကယ့်ကို အူကြောင်ကြောင်နိုင်တဲ့လူမျိုးပဲ မိုးယိုတာကို ရှင်ဂရုမစိုက်ပေမယ့် ကျွန်မက မနေတတ်ဘူး''





''အဲဒီတော့ ကျုပ်က ဘာလုပ်ပေးရမလဲ''

''ခေါင်မိုးပေါ်တက်ပြီး အပေါက်ဖာပေးပေါ့''

''သွပ်တွေက ဆွေးနေပြီ အသစ်လဲလိုက်တာ ပိုပြီးကောင်းတယ်''

''ဒါဖြင့် လက်သမားရှာပေးပါ''

''ဘာလုပ်ဖို့လဲ လက်သမား''

''အိမ်ခေါင်မိုး သွပ်တွေလဲဖို့လေ''

''ကျုပ်ပဲ လက်သမားလုပ်တော့မယ်''

''ရှင်က လက်သမားအလုပ်လုပ်တတ်လို့လား''

သူမ မယုံသင်္ကာမျက်နှာဖြင့် မေးလိုက်သည်။

''အမလေး . . . ဒါလေးများဗျာ ထမင်းစားရေသောက်သလောက်လွယ်ပါတယ်''

''ဟွန်း . . . ခေါင်မိုးပေါ်ကနေ ကားခနဲပြုတ်ကျမှာမြင်ယောင်မိပါရဲ့ ရှင့်ကို အလကားမခိုင်းဘူး၊ လက်ခပေးမယ်၊ အခုကတည်းက လက်သမားခကြိုပြီးပြော''

''ကျွန်တော့်ကို အငှားလက်သမားတစ်ယောက်ရဲ့အဆင့်နဲ့ငှားချင်တာလား ပန်ပန်''

သူ့ အသံက အနည်းငယ်တင်းမာနေကြောင်း သိသာပါသည်။

"ရှင်က တစ်ချိန်လုံးအားနေတဲ့သူပဲ၊ ကျွန်မကသနားလို့ အလုပ်ပေးတာ"

"ကောင်းပြီလေ၊ မင်းရဲ့အိမ်ခေါင်မိုးကို ကိုယ်ပြင်ပေးပါ့မယ်၊ မင်းက အလုပ်သမားတစ်ယောက်အနေနဲ့ငှားချင်တာဆိုတော့လဲ ကိုယ်ကူညီရတာပေါ့၊ ဒါပေမယ့် ကျုပ်မှာတစ်နေကုန်အလုပ်မရှိဘူးဆိုတဲ့ စကားကိုတော့ နောက်ထပ်မပြောစေချင်ဘူး"

"ရှင်အတော်လေမြင့်တဲ့ လူပဲ၊ ရှင့်လေတွေပိပြီး ကျွန်မသေသွားနိုင်တယ်"

သူက ပန်သစ္စာနောက်မှလိုက်လာခဲ့ရင်း မျက်နှာကပြုံးနေ၏။

ထိုနေ့က သွပ်အချို့သွားဝယ်ပြီး သူမ၏အိမ်ကလေးကို သူကိုယ်တိုင်မိုးပေးခဲ့သည်။

□◆□





## အခန်း (၄)

"အဘွား"

"ဘာလဲ ပန်ပန်"

"ဟောဒီအဘွားရဲ့ စန္ဒရားကြီးကို ပန်ပန်ကိုအပိုင်ပေးလိုက်ပါလား"

အဘွားအိမ်ခန်းထဲရှိ စန္ဒရားကြီးကို ဖွင့်ကြည့်ပြီး သူမပြောလိုက်သည်။

"ငါ့မြေးတီးချင်ရင် အချိန်မရွေးလာတီးပေါ့"

"ဒီစန္ဒရားကြီးကို ပန်ပန်နေတဲ့ အိမ်ကလေးမှာထား

ပါရစေလား အဘွားရယ်''

''ငါ့မြေး စန္ဒရားတီးတတ်လို့လား''

''မတီးတတ်ဘူး အဘွား''

''ဒါဖြင့် စန္ဒရားကြီးကို ဟိုဘက်အိမ်သယ်သွားပြီး ဘာလုပ်မှာလဲ''

''သမီးစန္ဒရားတီးသင်မှာပေါ့''

''ပန်ပန်တို့အဘိုးအသက်ထင်ရှားရှိစဉ်အခါတုန်းက ဒီစန္ဒရားကြီးကို အမြတ်တနိုးတီးခဲ့တာပေါ့ကွယ်၊ ငါ့မြေးက အဘိုးအမွေကို ဆက်ခံတော့မယ်ဆိုပါတော့''

''ဟုတ်တယ် အဘွား၊ ဒီစန္ဒရားသင်ပေးနိုင်တဲ့ ဆရာမတစ်ယောက်ရှာပြီး ပန်ပန်သင်မယ်''

''ဒီမြို့မှာတော့ စန္ဒရားသင်ပေးမယ့်သူ ရှိတယ်လို့ မကြားမိဘူး၊ ဒါပေမယ့် ပန်ပန်သင်ချင်တယ်ဆိုရင် သင်ပေးနိုင်တဲ့ လူတစ်ယောက်တော့ရှိတယ်၊ သူက စန္ဒရားတီး အတော်ကျွမ်းတယ်''

''ဘယ်သူလဲ အဘွား''

''အနီးကလေးလေ၊ မောင်ဦးပေါ့''





''ဩော် ... သူလား''

သူ စန္ဒရားတီးတတ်တယ်ဆို၍ သူမအံ့ဩနေမိသည်။

သူ၏ အိမ်ကလေးကို သွပ်မိုး မိုးပေးခဲ့ပြီးနောက်ပိုင်း မှစ၍ သူ့အပေါ်ခင်မင်ရင်းနှီးနေမိသည်။

ယခင်ကလို မုန်းတီးနာကြည်းစိတ်များ ရင်ထဲမှာ မရှိတော့ပေ။

''ကဲ ... ဘယ်လိုလဲ ပန်ပန်၊ မောင်ဦးကို စန္ဒယားတီး သင်ခိုင်းမယ် မဟုတ်လား''

''သင်ခိုင်းချင်တာပေါ့ အဘွားရဲ့၊ ဒါပေမယ့် သူနဲ့ ပန်ပန်နှစ်ယောက်တည်း သင့်တော်ပါ့မလား''

''ဘာလို့ မသင့်တော်ရမှာလဲ၊ ဒီအိမ်ထဲမှာပဲ လာသင် ပေါ့၊ အဘွားအနားမှာရှိနေမယ်''

''ဟင့်အင်း ... ပန်ပန်က စန္ဒရားကြီးကို ဟိုဘက် အိမ်လေးထဲယူသွားချင်တာ၊ အိမ်လေးက လှလှပပလေးဆို တော့ စန္ဒရားလေးနဲ့ဆို ပိုပြီး ခန့်သွားတာပေါ့၊ ပြီးတော့

ခြံထဲမှာ နှင်းဆီပန်းရောင်စုံတွေစိုက်ဖို့ ပန်းအိုးတွေတောင် ဝယ်ထားပြီးပြီ''

''ငါ့မြေးက စိတ်ကူးအတော်ယဉ်နေတာကိုး''

''ဟုတ်တယ်အဘွားရဲ့၊ သာသာယာယာလှလှပပလေး နေချင်လို့ပါ''

''ဒါဖြင့်လဲ ငါ့မြေးနဲ့အဖော်ရအောင် ကွမ်းသီးခြံထဲက ကဲကဲတို့ ညီအစ်မကိုခေါ်ထားပါလား''

သူမ ခေတ္တစဉ်းစားနေပြီးမှ

''ကဲကဲနဲ့ ဘယ်သူလဲ အဘွား''

''ကဲကဲနဲ့ သဲသဲလေ''

''ဒါဖြင့် နှစ်ယောက်လုံးမခေါ်ဘဲ ကဲကဲတစ်ယောက်တည်းခေါ်မယ်၊ နှစ်ယောက်ဆိုတော့ မျက်စိရှုပ်တယ်''

အဘွားက သူမကို မျက်မှောင်ကုတ်ကြည့်ပြီး နှုတ်ခမ်းကို မသိမသာမဲ့လိုက်၏။

''ငါ့မြေးသဘောပါပဲ၊ မောင်ဦးကိုတော့ ငါ့မြေးကိုယ်တိုင်ပြောမှ ကောင်းမယ်ထင်တယ်''

''ဟုတ်ကဲ့ အဘွား သူ့ကို စန္ဒရားရွှေ့ဖို့ အလုပ်သမား





ရှာခိုင်းလိုက်မယ်၊ စန္ဒရားကြီးအိမ်ရောက်ရောက်ချင်း စန္ဒရားသင်ဖို့ သူ့ကို မပြောသေးဘူး''

''ဘာဖြစ်လို့လဲ''

''ဘဝင်မြင့်သွားမှာစိုးလို့''

''ဘဝင်မြင့်မယ်ပုံစံမျိုး မဟုတ်ပါဘူး၊ ငါ့မြေးရယ်၊ သူ့ကို အဘွားတော့ သဘောကျတယ်''

''သူ့ကို ဥယျာဉ်မှူးလုပ်ဖို့အရင်ပြောရဦးမယ်၊ ခြံထဲမှာ ပန်းပင်လေးတွေ စိုက်ခိုင်းပြီးမှ စန္ဒရားသင် ခိုင်းမယ်''

သူမစိတ်ကူးနှင့်သူမ ပျော်ရွှင်နေမိသည်။

''ကောင်လေးက စာအုပ်ထုတ်ဝေသူတဲ့၊ ရန်ကုန်မှာ ပျင်းလို့ ဒီမှာခဏလာနေတာ''

''အဘွားက သူ့ကို အတော်ခင်မင်နေတာပဲ''

''ခင်မင်စရာကောင်းလောက်အောင် သူက ရည်မွန်တယ်လေ''

သူမ စကားဖြတ်လိုက်ပြီး အိမ်ကလေးရှိရာသို့ ပြန်လာခဲ့၏။

ခြံဝိုင်းကလေးထဲသို့ သူရောက်လာနိုးဖြင့် စောင့်မျှော်

နေမိသည်။

သို့သော်သူကအကြောင်းမရှိဘဲရောက်မလာတတ်ပေ။

သူ့စပါးခင်းထဲသို့ လိုက်သွားရန် စဉ်းစားနေမိပြီးမှ မသွားဖြစ်တော့ပေ။

□•□





## အခန်း (၅)

ထိုနေ့ညတွင် သူမသည် အဘွား၏လယ်ကွင်းပြင်ထဲရှိ ကောက်သစ်စားပွဲသို့ ထွက်လာခဲ့သည်။

နက်ပြာရောင်ပြောင်ထဘီကို အင်္ကျီလက်စကအပြာဖြင့် တွဲဝတ်ခဲ့ပြီး အပေါ်မှ ခြုံထည်မိုးပြာနုလေးကို ခြုံလာခဲ့သည်။

ကောက်သစ်စားပွဲတော်သို့ သူမနှင့်အဘွားတို့ ရောက်လာချိန်တွင် ကိုဦးကို ရုတ်တရက်မတွေ့ရသောကြောင့် သူမ ဟိုဟိုသည်သည် မျက်လုံးဝေ့ပြီး ရှာနေမိသည်။

ကောက်သစ်စားပွဲတွင် မုန့်ကြာစေ့နှင့် လက်ဖက်သုပ်

ရေနွေးကြမ်းများဖြင့် ညှော်ခံကြသည်။

သူမ မုန့်ကြာစေ့ စားနေစဉ်

"အဘွားရောက်နေပြီလား"

ဟု နှုတ်ဆက်လိုက်သည့် သူ့အသံကို ကြားလိုက်ရသည်။

"ဟုတ်တယ်ကွယ့် မင်းကောစားပြီးပြီလား"

"စားပြီးပါပြီ အဘွားမုန့်ကြာစေ့ကို ကျွန်တော်ကြိုက်တယ်"

သူက သူမမြင်သာသည့်နေရာတွင်ရပ်ပြီး ကောက်သစ်စားပွဲသို့ လာသည့် ညှော်သည်များကို နှုတ်ဆက်နေလေသည်။

သူ့ကို အကဲခတ်ကြည့်နေမိ၏။

သူက အသားလတ်လတ်၊ အရပ်မြင့်မြင့်၊ ဆံပင်ကို ခပ်ရှည်ရှည်ညှပ်ထားသည်။

သူ့မျက်နှာက လေးထောင့်ဆန်ပြီး ယောက်ျားပီသ၍ ခန့်ညားသည်။

ဂျင်းဘောင်းဘီအညိုရောင်၊ စပို့ရှပ်အဖြူပေါ်အညိုစင်းတို့ကို တွဲဝတ်ထားသောကြောင့် သူ့အပြင်အဆင်က သူမ





မျက်စိထဲတွင် ဆန်းနေသည်။

"ကိုဦး သီချင်းဆိုပြမယ်ပြောပြီး ခုချိန်ထိဘာလို့မဆိုသေးတာလဲ"

လူရွယ်တစ်ယောက်က ဂစ်တာဖြင့် ရောက်လာပြီး သူ့ကို ပြောလိုက်သောကြောင့် သူမအံ့သြနေမိ၏။

"ဟုတ်တယ် ... သီချင်းဆိုပါဗျို့"

"ကောက်သစ်စားပွဲတော် သီချင်းလား"

"ဟုတ်တယ် ... ကောက်သစ်စားပွဲတော်သီချင်း ကျွန်တော်တီးမယ်"

ဂစ်တာယူလာသည့် လူရွယ်က ပြောလိုက်သည်။

ကိုဦးက ဂစ်တာကို လှမ်းယူလိုက်ပြီး ...

"မင်းက ငါ့ကို မတီးတတ်ဘူးထင်နေလို့လား။ ငါ တက္ကသိုလ်ကျောင်းသားဘဝက ဂစ်တာတစ်လက်နဲ့ အပျိုတွေလိုက်ပိုးခဲ့တာ"

"ဟား ... ဟား ... ဟား ... ဟား"

သူ့စကားကြောင့် ကောင်လေးအချို့ဝိုင်းရယ်လိုက်

ကြသည်။

သူက ဂစ်တာတီးပြီး ကောက်သစ်စားပွဲတော် သီချင်းကို စိတ်ပါလက်ပါသီဆိုနေသည်။

သူမ ငေးကြည့်ပြီး အံ့သြနေမိ၏။

သူ့အသံက ဘော်လရောင်၏အသံထက် မညံ့ကြောင်း သူမ ခန့်မှန်းမိသည်။

သူသီချင်းဆိုပြီးသောအခါ နောက်တစ်ပုဒ်ထပ်ဆိုရန် တောင်းဆိုနေကြသည်။

"ရန်ကုန်ကရောက်လာတဲ့ ညွှံသည့်အစ်မလည်း ဆိုပြပါဦး၊ စုံတွဲသီချင်းလေးပေါ့"

"ဟုတ်တယ် ... ဟုတ်တယ်"

"ကျွန်မသီချင်း မဆိုတတ်ဘူး"

သူက ဂစ်တာပိုက်၍ပန်ပန့်အနီးရောက်လာပြီး ...

"အားလုံးတောင်းဆိုနေကြတယ် ပန်ပန်၊ လာ ... ကိုယ်တို့စုံတွဲသီချင်းလေးဆိုလိုက်ရအောင်"

"မဆိုချင်ဘူး ... ကျွန်မ မဆိုချင်ဘူး။ ရှင်ထပ်ပြီး ခေါ်မနေနဲ့"





သူမ ခပ်ပြတ်ပြတ်ပြောလိုက်သောကြောင့် သူ မခေါ်တော့ဘဲ တစ်ယောက်တည်းသီချင်းဆိုနေသည်။

ကောက်သစ်စားပွဲမှ ပန်ပန်တို့မြေအဘွားပြန်လာသည့်အခါ သူက အဘွားအိမ်ကလေးရှေ့အထိ လိုက်လံပို့ဆောင်ပေးသည်။

အဘွားအိမ်ကလေးရှေ့ရောက်တော့ သူနှုတ်ဆက်လိုက်သည်။

"ကျွန်တော်ပြန်ဦးမယ် အဘွား၊ ပန်ပန်ကိုယ်ပြန်မယ်"

"ခဏနေဦး ရှင့်ကို ပြောစရာရှိတယ်"

"ဘာပြောမလို့လဲ ပန်ပန်"

"အဘွားအိမ်က စန္ဒရားကြီးကို ကျွန်မအိမ်ထဲ ရွှေ့ပေးဖို့ အလုပ်သမားရှာပေးပါလား"

"ဪ ... ဟုတ်လား၊ ဒါဖြင့် ကိုယ်မနက်ဖြန်အလုပ်သမားရှာပြီး လာခဲ့ပါ့မယ်"

စကားဆုံးသည်နှင့် သူထွက်သွားတော့၏။

ပန်ပန်အိမ်ရောက်တော့ တစ်ယောက်တည်း စိတ်ကူး

ယဉ်နေမိသည်။

စန္ဒရားကြီးဒီအိမ်ကို ရောက်လာရင် သီချင်းကြီး၊ သီချင်းခန့်တွေ အရင်သင်ရမယ်၊ ပြီးတော့ ခေတ်ပေါ်စတီရီယို တေးတွေ တတ်အောင်သင်ရမယ် ...

အဟင်း ... မုန့်ဆီကြော်ကဖြင့် ဘယ်လိုနေမှန်းမသိဘူး၊ နှုတ်ခမ်းနာနဲ့တည့်ပါ့မလား တွေးနေမိပြီ ...

ဆရာတင်ရမယ့် သူကလဲ သူဖြစ်နေတယ်၊ ဒီလူနဲ့ ငါကလဲ အိမ်နဲ့ပတ်သက်လာရင် ဖူးစာကို ဆုံနိုင်လွန်းပါတယ် ...

ကိုဦးက ခုလိုတော့လဲ ပျော်ပျော်ပါးပါး နေတတ်သားပဲ၊ သဘောထားလဲ မဆိုးရှာဘူး ...

သူမ၏ အိမ်ကလေးကို သွပ်မိုးအသစ်များလဲလှယ်ပြီး မိုးပေးသည့်နေ့က ကိုဦးနှင့်အလုပ်သမားတစ်ယောက် ချွေးတလုံးလုံးဖြင့် မပျင်းမရိလုပ်ခဲ့ကြတာကို မြင်ယောင်နေမိသည်။

ကိုဦးက ခါးတောင်မြှောင်အောင်ကျိုက်ပြီး အပေါ်ပိုင်းဗလာကျင်း၍ ချွေးတလုံးလုံးဖြင့် အလုပ်များနေသည်။





သူမက ရေသန့်ဘူး မကြာခဏကမ်းပေးရတတ်သည်။

ထိုနေ့က ညနေစာကျွေးလိုက်ချင်သော်လည်း လောကွတ်မလုပ်လိုက်မိ။

အိမ်ခေါင်မိုးအားလုံး မိုးပြီးသွားသောအခါ ကိုဦးပြန်ရန် နှုတ်ဆက်တော့ သူမက ကွပ်ပျစ်ပေါ်တွင်ထိုင်ပြီး ကန်စွန်းရွက်နှင့် ပုစွန်ထုပ်ချဉ်ရည်ဟင်းဖြင့် ထမင်းစားနေသည်။

*"ချဉ်ရည်ဟင်းလေးက မွှေးလိုက်တာဗျာ"*

ဟု ကိုဦး ပြောလိုက်တာကို တမင်မကြားဟန်ပြုနေခဲ့မိ၏။

ထိုအကြောင်းကိုတစ်ယောက်တည်းပြန်တွေးပြီး သူမရယ်မောနေမိသည်။

ရက်တွေကြာလာသည်နှင့်အမျှ ဘော်လရောင်ကို တမ်းတစိတ်၊ သတိရစိတ်များ တဖြည်းဖြည်း နည်းပါးလာခဲ့သည်။

□◆□

## အခန်း (၆)

နောက်တစ်နေ့တွင် အလုပ်သမားနှစ်ယောက်ငှားပြီး သူ ရောက်လာသည်။

အဘွားအိမ်မှ စန္ဒရားကြီးကို အလုပ်သမားများဖြင့် မစေပြီး သူမ၏အိမ်သို့ သယ်ဆောင်ပေးခဲ့သည်။

သူမအိမ်သို့ စန္ဒရားကြီးသယ်သည့်အခါ အလုပ်သမားနှစ်ယောက်မနိုင်မနင်းဖြစ်နေသောကြောင့် သူပါဝင်ကူ၍ သယ်ရသည်။

အလုပ်သမားများငွေရှင်းပြီးသောအခါ သူက အိမ်ရှေ့

သစ်ပင်အောက်ရှိ ကွပ်ပျစ်ပေါ်တွင် ထိုင်ပြီး အမောဖြေနေသည်။

ပန်းသစ္စာက ရေနွေးကြမ်း၊ ထန်းလျက်ခဲတို့ဖြင့် သူ့ကို ဧည့်ခံသည်။

''ကဲ ... သုံးဆောင်ပါဦး ကိုဦး''

သူက ထန်းလျက်ခဲနှင့်ရေနွေးကြမ်းဟားသောက်နေရင်း

''ကဲ ... စန္ဒရားကြီးတော့ ရောက်လာပြီ၊ ကိုယ့်ကို သီချင်းတစ်ပုဒ်ဆိုပြပါလား''

''ကျွန်မ စန္ဒရားမတီးတတ်ဘူး''

''ကိုယ်က မင်းကိုစန္ဒရားတီးတတ်တယ် ထင်နေတာ''

''စန္ဒရားတီးဖို့ ဆရာတစ်ယောက်ရှာရမယ်''

သူ့မျက်နှာကို အကဲခတ်ကြည့်ရင်း သူမပြောလိုက်သည်။

''ကဲ ...ကိုယ်ပြန်ဦးမယ် ပန်ပန်''

''ရှင့်ကို ပြောစရာရှိသေးတယ်၊ ဘာလို့လောနေတာလဲ''

''ကဲ ... ဘာပြောမှာလဲ ပြော''





''ရှင်က အတော်လျှို့တဲ့လူပဲနော်''

''ဗျာ ... ကိုယ်ဘာလျှို့မိလို့လဲ''

''ရှင်ကိုယ်တိုင် စန္ဒရားတီးတတ်တယ်မဟုတ်လား၊ စန္ဒရားကို ကျွမ်းကျွမ်းကျင်ကျင်တီးတတ်တယ်ဆိုတဲ့ အကြောင်း ကျွန်မအဘွားပြောပြလို့ သိခဲ့ရတယ်''

''ဒါဖြင့် မင်းရည်ရွယ်ချက်က''

''ကျွန်မ ရည်ရွယ်ချက်က ရှင့်ကို စန္ဒရားတီးသင်ခိုင်းမလို့ပေါ့''

''ဩော် ... ကိုယ့်ကို ဆရာတင်မလို့ပေါ့''

''ဟုတ်တယ် ဆရာတင်မလို့''

''ဒါဖြင့်လဲ သင်ပေးရတာပေါ့၊ ဒါပေမယ့် ကိုယ်မေးမယ့် မေးခွန်းကို အမှန်အတိုင်းဖြေရမယ်နော်''

''ဘာများမေးချင်လို့လဲ မေးပါ''

''မင်း စန္ဒရားတတ်သွားရင် ဘာလုပ်ဖို့လဲ၊ အဆိုတော်လုပ်ဦးမလို့လား''

သူ့အမေးကြောင့် သူမ မျက်နှာတင်းမာသွားသည်။

''တစ်သက်လုံးအဆိုတော်မလုပ်ဘူး နားလည်ထား၊ ကျွန်မက ဝါသနာပါလို့ စန္ဒရားတီးမှာ''

“ဒါဖြင့်လဲ မေတ္တာရှေ့ထားပြီး သင်ပေးပါ့မယ်ဗျာ၊ ကဲပြော၊ ဘယ်နေ့စမလဲ”

“ဩော် ... မေ့နေလိုက်တာ၊ အမှန်က ရှင့်ကို စန္ဒရားတီးသင်ပေးဖို့ နောက်မှပြောမလို့ပဲ၊ မေ့ပြီးတော့ အရင်ပြောလိုက်မိတာ၊ အမှန်ကကျွန်မခြံထဲမှာ ခြံအလုပ်လုပ်ဖို့ အလုပ်သမားငှားမလို့”

“ကိုယ့်ကိုလား”

“ဟုတ်တယ် ... မာလီပေါ့၊ ကျွန်မခြံထဲမှာ နှင်းဆီပန်းတွေစိုက်မယ်၊ တစ်ခြံလုံး ပန်းပေါင်းဝေဆာပျိုးဥယျာဉ်ကြီးဖြစ်အောင် ရှင်တာဝန်ယူရမယ်လေ”

သူက နှာခေါင်းတရှုံ့ရှုံ့နှင့် နားထောင်နေသည်။

ပြီးတော့ ပြောသည်။

“ဩော် ... လက်စသတ်တော့ မင်းက ကိုယ့်ကို မာလီအဖြစ်သုံးဦးမှာကိုး”

“ဘာလဲ ... ရှင်မလုပ်ချင်ဘူးလား”

“မင်းအကူအညီတောင်းတော့လဲ ကိုယ်လုပ်ပေးရမှာပေါ့၊ ဒါပေမယ့် မာလီဆိုတဲ့ အသုံးအနှုန်းအစား ဥယျာဉ်မှူးဆိုရင် ပိုပြီးမယဉ်ကျေးဘူးလား”





“ရှင်ကလဲ စကားအထအနကောက်နေလိုက်တာ၊ မာလီနဲ့ ဥယျာဉ်မှူးအတူတူပါပဲ”

“ကိုယ်တော့ မတူဘူးထင်တာပဲ”

“ရှင်းပါဦး”

“မာလီက မြက်နုတ်၊ ပေါင်းသင်၊ ရေလောင်း၊ ဒီလောက် အဆင့်ပဲရှိတယ် မဟုတ်လား။ ဥယျာဉ်မှူးကတော့ ဥယျာဉ် တစ်ခုလုံးလှပသာယာရေးအတွက် ပန်းပင်လေးတွေ ပြုစုပျိုး ထောင်ပြီး ကိုယ်စိုက်တဲ့ပန်းလေးတွေ ပွင့်လန်းလာတာမြင်ရတိုင်း ဝမ်းသာပီတိဖြစ်ရတယ်”

“ဟုတ်ကဲ့ ... ဟုတ်ကဲ့ ရှင့်ကို ကျွန်မရဲ့ ဥယျာဉ်လေး လှပသာယာရေးအတွက် ဥယျာဉ်မှူး အဖြစ်ခန့်အပ်လိုက်ပြီ ကဲ ... ဘယ်လိုလဲပြော”

“ဥယျာဉ်မှူးအလုပ်နဲ့ စန္ဒယားတီးသင်တဲ့ ဆရာအလုပ် ဘယ်အလုပ်အရင်လုပ်ရမလဲပြော”

“ဥယျာဉ်မှူးအလုပ်အရင်ခန့်မယ်”

“ကိုယ့်သဘောပြောရရင်တော့ ဥယျာဉ်မှူးအလုပ်နဲ့ စန္ဒယားဆရာအလုပ် တွဲလုပ်ချင်တယ်”

“အိုကေ ... ရှင့်သဘောပဲ၊ လစာဘယ်လောက်ပေးရ

မလဲပြော'' သူမ ခပ်မော့မော့လေး မေးလိုက်သည်။

''မင်းက ငွေစကားအတော်ပြောတာပဲ၊ ကိုယ်က စေတနာသန့်သန့်နဲ့ကူညီမှာပါ၊ မင်းပေးတဲ့လုပ်အားခလောက်တော့ ကိုယ်တောင်ပြန်ပေးနိုင်တယ်''

''ဒါဖြင့်လဲ စေတနာသန့်သန့်နဲ့သာ ကျွန်မရဲ့ ဥယျာဉ်ထဲမှာ ဥယျာဉ်မှူးလာလုပ်ပေးတော့၊ စေတနာသန့်သန့်နော် ရှင့်စကားရှင် မမေ့နဲ့''

ပန်သစွာစကားကြောင့် သူ့မျက်နှာအမူအရာတစ်မျိုး ဖြစ်သွားပြီး ...

''ဒီမှာ ပန်ပန် မင်းကို ကိုယ်သိပ်တွယ်တာ မြတ်နိုးနေမိတယ်၊ ရန်ကုန်က မင်းထွက်သွားတော့ ကိုယ်တစ်ယောက်တည်း ဆောက်တည်ရာမရလောက်အောင် ဖြစ်ပြီး ကျွန်ရစ်ခဲ့တယ်၊ မင်းအရိပ်ကလေးတွေကို နေ့စဉ်မြင်ယောင်နေမိတယ်၊ ရန်ကုန်က တိုက်ကလေးထဲမှာ ကိုယ်မနေချင်တော့ဘူး၊ ဒါကြောင့် ကိုယ်တစ်ယောက်တည်း ခြေဦးတည့်ရာ ထွက်လာခဲ့ပြီး အခုလို မင်းနဲ့ ပြန်ဆုံခဲ့ရတာပဲ''

သူ့စကားကြောင့် သူမ တွေဝေစဉ်းစားနေလေသည်။





သူက ထိုင်ရာမှ ထရပ်လိုက်ပြီး ...

''ကဲ ... ညနေမှ ဥယျာဉ်မှူးအလုပ်လုပ်ဖို့ ကိုယ်ပြန်လာခဲ့မယ်''

ဟု နှုတ်ဆက်ပြီး ပြန်သွားသည်။

□•□

# အပိုင်း ခြောက်

## အခန်း (၁)

ထိုနေ့ညနေတွင် သူရောက်လာပြီး သူမ၏ခြံကလေးကို စတင်၍ ရှင်းလင်းနေသည်။

ခြံက သူရှင်းပြီးသားမို့ အထူးတလည် ရှင်းရန်မလိုတော့ပေ။

ပန်းအိုးများထဲသို့ ပန်းပင်အချို့ကိုထည့်ပြီး သူစိုက်နေသည်။

သူလုပ်သမျှ ခပ်လှမ်းလှမ်းမှနေ၍ သူမရပ်ကြည့်နေမိသည်။

"နှင်းဆီပန်းစိုက်မယ်ဆိုရင် မော်လမြိုင်သွားပြီး နှင်းဆီပန်းဝယ်ရမယ်၊ တောင်ဝိုင်းအောက်မှာ ပန်းမျိုးတွေစုံစုံလင်လင်ရှိတယ်"

"ဒါဖြင့်လဲ မနက်ဖြန် ရှင်သွားဝယ်ပေးပေါ့"

"ကောင်းပြီလေ ... မင်းလိုက်ချင်လိုက်ခဲ့ပေါ့၊ ပန်းမျိုးတွေရွေးရအောင်"

"ကျွန်မ မလိုက်တော့ပါဘူး၊ ရှင်ကြိုက်တဲ့ပန်းမျိုးကိုဝယ်ခဲ့ပေါ့၊ ပန်းဝယ်ဖို့ ငွေတစ်သိန်းပေးလိုက်မယ်"

"ကိစ္စမရှိဘူး၊ ကိုယ်စိုက်ထားမယ်၊ ပြီးမှ အားလုံးစာရင်းရှင်းကြတာပေါ့"

"ကောင်းပြီ ... ဒါဖြင့်လဲပြီးရော"

ထိုနေ့က ခြံအလုပ်လုပ်ပြီး သူအိမ်ပြန်၍ ရေချိုးသည်။

ရေမိုးချိုး အဝတ်စားလဲပြီး ပြန်ရောက်လာတော့အတော်မှောင်နေပြီ"

"ဩော် ... ရှင်ရောက်လာပြီကိုး"

"ဟုတ်တယ် ... မင်းကို စန္ဒရားတီးသင်ပေးဖို့ မင်းရဲ့ဆရာ ရင်ခွင်ဦးရောက်လာပြီ"





"ရှင့်ကို ဆရာလို့ခေါ်ရမှာလား"

"ဆရာကိုဦးလို့ ခေါ်ပေါ့"

သူ ရွှတ်နောက်နောက်ပြောလိုက်သောကြောင့် သူမပြုံးလိုက်မိ၏။

သို့သော် ချက်ချင်းဆိုသလို မျက်နှာကိုတင်းလိုက်ပြီး

"ဆရာခေါ်မှ သင်ပေးမယ်ဆိုရင် မသင်တော့ဘူး"

ဟု ပြောလိုက်သည်။

"ကဲပါဗျာ ကြိုက်သလိုခေါ်ပါ၊ တော်ကြာ ဒီအခွင့်အရေးလေးဆုံးရှုံးသွားရင် ငိုရှုံးသွားပါဦးမယ်"

"ရှင်ဟာလေ Publisher လုပ်ဖို့ မကောင်းဘူး၊ အပြောကောင်းလွန်းလို့ စာရေးဆရာလုပ်ဖို့ ကောင်းတယ်သိလား"

"သိတယ် ... ကိုယ်အပြောကောင်းလို့ မင်းမောင်းမထုတ်တော့ဘူး မဟုတ်လား"

"ရှင်နော် လူကို မလေးမစားမပြောနဲ့"

"ကဲ ... ကဲ အချိန်မရှိဘူးလာ၊ စန္ဒရားသင်ကြရအောင်"

''ရှင်ခဏထိုင်ဦးနော်၊ ကျွန်မ အဘွားသွားခေါ်လိုက်ဦးမယ်''

သူမစကားကြောင့် သူ အံ့အားသင့်သွားသည်။

''ဘာဖြစ်လို့ သွားခေါ်မှာလဲ''

''ကျွန်မနဲ့ရှင်နှစ်ယောက်တည်းဆိုရင် ပတ်ဝန်းကျင်အမြင်မတော်လို့ပေါ့၊ ဒါကြောင့် အဘွားကို သွားခေါ်မလို့''

''အိမလေး . . . ကိုယ်ကောင်းရင် ခေါင်းမရှေ့ပါဘူးကွာ မင်းကလဲစိုးရိမ်နေလိုက်တာ ကိုယ့်ကိုမယုံဘူးလား၊ ကိုယ်သာ ယုံကြည်စရာမကောင်းတဲ့ လူဆိုရင် ခေါင်မိုးမိုးတဲ့နေ့တုန်းက ခေါင်မိုးတစ်ချပ်ကို သံလုပ်ပြီးထားခဲ့မှာပေါ့၊ ညသန်းခေါင်ကျော်မှာ အဲဒီသွပ်ကလေးအသာဆွဲခွာပြီး အိမ်ထဲကို ခုန်ဆင်းလိုက်မယ်''

သူ့စကားကြောင့် သူမ ကြက်သီးတဖြန်းဖြန်းထသွားမိသည်။

''ရှင်တကယ်ပြောနေတာလား၊ ကျွန်မကြောက်လာပြီနော်''

ကလေးတစ်ယောက်လိုပြောလိုက်သည့် သူမကိုကြည့်





ပြီး သူသဘောကျသလိုရယ်မောလိုက်၏။

ပြီးတော့ ရေနွေး ခရားထဲမှ ရေနွေးကြမ်းကို ငှဲ့လိုက်သည်။

''ကဲ . . . သောက်လိုက်ပါဦး၊ မင်းကိုကြည့်ရတာ အတော်လန့်သွားပုံရတယ်''

အကြမ်းပန်းကန်ကို သူမထံလှမ်းပေးပြီး ပြောလိုက်သည်။

သူမ ရေနွေးကြမ်းပန်းကန်ကို လှမ်းယူပြီး သောက်လိုက်၏။

''ကဲ . . . ဘယ်လိုလဲ မိန်းကလေး၊ မင်းအဘွားသွားခေါ်ဦးမလို့လား''

''မခေါ်တော့ဘူး''

''ဒါဖြင့်လဲ ဒိုရေမီဖာဆိုက စပြီး ကိုယ်သင်ပေးမယ်''

သူမ ဘာမှမပြောတော့ဘဲ စန္ဒရားရှေ့တွင် သူနှင့်နှစ်ယောက်တွဲပြီး ထိုင်လိုက်သည်။

သူက သူမအား စန္ဒရားတီးစမ်း သင်ပေးသည်။

သူတီးပြသည့်အတိုင်း သူမလိုက်၍ တီးခတ်သည်။

"မင်းက မဆိုးပါလား၊ ဉာဏ်ကောင်းသားပဲ၊ အတတ်လွယ်လိုက်တာ"

"ကျွန်မကို ချီးကျူးနေတာလား၊ ကျွန်မဒီလောက်မတော်ပါဘူး"

ဟု သူမပြန်ပြောလိုက်သည်။

ညရှစ်နာရီထိုးတော့ သူ ပြန်သွားလေသည်။

သူပြန်သွားတော့ သူမတစ်ယောက်တည်း တွေဝေစဉ်းစားလျက် ကျန်ရစ်ခဲ့၏။

အင်း ... သူကတော့ ရိုးသားပါရဲ့၊ ဒါပေမယ့် ခုလိုသာ နေ့စဉ် နှစ်ယောက်တည်း ဖြစ်နေရင် ပတ်ဝန်းကျင်အမြင် သင့်တော်ပါ့မလား ...

ကဲကဲဘယ်တော့လာမလဲ မသိဘူး ... ကဲကဲ အမြန်ဆုံးရောက်လာရင် ကောင်းမှာပဲ ...

နောက်ရက်များတွင်လည်း သူစန္ဒရားတီးသင်ပေးခဲ့သည်။

တစ်ပတ်ခန့်အကြာတွင်တော့ ကဲကဲရောက်လာသည်။ ကဲကဲယောက်လာသဖြင့် သူမအတွက် ကူဖော်လောင်





ဖက် အဖော်တစ်ယောက်ရရှိသွားသည်။

ညနေစာကို သူမအိမ်မှာပင် စားရန်သူ့ကိုပြောခဲ့၏။

"တစ်သက်လုံးကျေးရင်တော့ ကောင်းမှာပဲဗျာ၊ ခဏဆိုရင်တော့ မစားတော့ပါဘူး၊ တော်ကြာ ညနေစာစားချိန်ရောက်တိုင်း သတိရနေရင် ဘယ်လိုလုပ်မလဲ"

ဟု မချိ မချဉ်မျက်နှာဖြင့် သူပြောပြီး ညနေစာစားရန်ငြင်းခဲ့သည်။ တစ်လခန့်အကြာတွင် သူမ စန္ဒရားတီးအတော်လေးတတ်မြောက်ခဲ့၏။

တစ်နေ့သူက ချစ်သမျှကိုပတ်ပျိုး သီချင်းကို သူကိုယ်တိုင် သီချင်းဆိုပြီး တီးပြလေသည်။

သူ့အသံက အောင်မြင်ခန့်ညားပြီး အတော်ဆွဲဆောင်မှုရှိကြောင်း သူမသတိပြုမိခဲ့သည်။

သူ သီချင်းဆိုနေတာနားထောင်ရင်း သူမစိတ်လှုပ်ရှားနေမိသည်။

အို ... ငါဘာကြောင့်များ ရင်ခုန်နေမိပါလိမ့် ... ယောကျ်ားတွေနဲ့ ပတ်သက်ပြီး ငါရင်မခုန်သင့်တော့

ဘူး ...

မျက်နှာခပ်ညိုးညိုးဖြင့် ထိုင်ငိုင်နေသည့် သူမကို ကြည့်ပြီးသူက ...

''ဘာတွေစဉ်းစားနေတာလဲ ပန်ပန်''

ဟု မေးသည်။

''ကျွန်မဘာမှ မစဉ်းစားပါဘူး၊ ဒီသီချင်းကို ရှင်ဆိုနေတာ အသက်ဝင်လွန်းလို့ အံ့သြနေမိတာ''

ဟု ပြန်ပြောလိုက်သည်။

''ဒီသီချင်းကို မင်းလဲဆိုရမယ်နော်၊ ကိုယ်က အရင်ဆိုပြတာ''

သူ့စကားကြောင့် သူမရှက်ပြုံးဖြင့် ခေါင်းခါလိုက်သည်။

''ကဲ ... ကိုယ်ဆိုပြပြီးပြီ၊ မင်းအလှည့်ပဲ မင်းဆိုတော့''

''ဟင့်အင်း ... အဲ့ဒီသီချင်း ကျွန်မ မကြိုက်ဘူး''

''မကြိုက်လဲဆိုရမှာပဲ''

သူအတင်းအကြပ်ပြောနေသောကြောင့် သူမမျက်





မှောင်ကုတ် နှုတ်ခမ်းစူနေပြီး ...

''ကျွန်မ မဆိုချင်တဲ့ သီချင်းကို ရှင်အတင်းအကြပ်ဆိုခိုင်းနေတာလား၊ ကျွန်မ စိတ်တိုလာပြီနော်'' ဟု ပြောလိုက် သည်။

''စန္ဒရားတီးသင်တဲ့လူတိုင်း ချစ်သမျှကိုပတ်ပျိုး သီချင်းကို ဆိုတတ်၊ တီးတတ်ကြတယ်၊ ဒါကြောင့် မင်းလဲ ဆိုတတ် တီးတတ်အောင် ကိုယ်က ဆိုစေချင်တာပါ''

''ဒါဖြင့် ရှင်နောက်တစ်ခေါက် ဆိုပြပြီးမှ ကျွန်မဆိုမယ်''

သူက သီချင်းနောက်တစ်ခေါက်ကို အသံနေအသံထားဖြင့် သီဆိုပြနေသည်။

သူဆိုပြီးတော့ ပန်ပန်က စန္ဒရားတီးပြီး သီချင်းဆိုသည်။

''မင်းက အတော်ဆိုတတ်တီးတတ်နေပြီပဲ၊ သူများတွေစန္ဒရားတစ်ခါသင်ရင် သုံးလေးလလောက်သင်ရတာ မင်းက တစ်လတည်းနဲ့ အားလုံးလိုလိုတတ်သွားပြီ၊ အတော်ပါရမီခံ

ကောင်းတာပဲ''

''ကျွန်မငယ်ငယ်က အဘိုးနဲ့အတူ စန္ဒရားတီးသင်ခဲ့ဖူးတယ်၊ နှစ်ပေါင်းများစွာ ပစ်ထားတော့ အားလုံးမေ့ကုန်တာ''

''သနားစရာပဲ''

ဟု သူက နောက်လိုက်သည်။

''ကဲ ... ချစ်သမျှကို သီချင်းကတော့ ဟုတ်ပြီ၊ နောက်ဘာသီချင်းဆက်သင်ဦးမှာလဲ''

''ချစ်သမျှကို သီချင်းကို မင်းဘာသာကျွမ်းကျွမ်းကျင်ကျင်တီးတတ်အောင် လေ့ကျင့်လိုက်ပါဦး။ ကိုယ်တို့နောက်မှ ဆက်သင်ကြတာပေါ့၊ ဒီသီချင်းဟာ ကိုယ့်ရင်ထဲက ခံစားချက်တွေကို ဖွင့်ဟပြီး ပြောခွင့်ရတဲ့သီချင်းမို့ စန္ဒရားတီးရင်း ကိုယ့်ကို မင်းသတိရနေပါစေလို့ ကိုယ်ဆုတောင်းပါတယ် ပန်ပန်''

သူစကားဆုံးသည်နှင့် ထိုင်ရာမှ ထရပ်လိုက်ပြီး သူ့ပင်နီတိုက်ပုံထဲ ဝှက်ယူလာသည့် အဖြူရောင်နှင်းဆီပွင့်လေးကို ယူထုတ်ပြီး စန္ဒရားပေါ် တင်လိုက်သည်။





''ကိုယ့်ကို လက်ထပ်ခွင့်ပြုမယ်ဆိုရင် အဲဒီပန်းလေးကို နောက်တစ်နေ့ ကိုယ်အလာမှာ ပန်ပြပါနော်''

သူမရယ်မောလိုက်ပြီး ...

''တကယ်လို့ လက်မခံဘူးဆိုရင် ဒီပန်းကလေးကို ဘာလုပ်ရမလဲ'' ဟု ပြန်မေးလိုက်၏။

''လက်မခံဘူးဆိုရင် ဒီပန်းလေးကို နှင်းခြေပစ်လိုက်ပေါ့''

''အို ... နှမြောစရာ၊ ပန်းဆိုတာ ပန်ဆင်ဖို့လေ၊ နှင်းခြေဖို့မှ မဟုတ်ဘဲ၊ ဒါကြောင့် ကျွန်မအခုနေနဲ့ လက်ခံနိုင်မခံနိုင် ပန်းကိုတော့ ပန်မှာပဲ''

သူက ''ကိုယ့်ကို မလှည့်စားနဲ့နော်'' ဟု ပြောပြီး သူမအနီးမှ ထွက်ခွာသွားသည်။

သူမတစ်ယောက်တည်း ရင်ခုန်လှုပ်ရှားပြီး ကျန်ရစ်ခဲ့လေသည်။

□◆□

## အခန်း (၂)

စာပို့လုလင်လာပေးသည့် စာအိတ်လေးကိုဖွင့်ပြီး သူမ ဖတ်လိုက်သည်။

ချစ်သမီး ပန်ပန်

ဖေဖေနဲ့မေမေ စာရေးလိုက်ပါတယ်၊ စာကြောင်းကတော့ ငါ့သမီးရဲ့ အိမ်ထောင်ရေးကိစ္စပဲ၊ ငါ့သမီးကို လက်ထပ်ဖို့ သူဌေးကြီးတစ်ယောက်က လာစေ့စပ်ခဲ့တယ်၊ သူက ငါးမွေးမြူရေးကန်တွေ အမြောက်အမြားကို ပိုင်ဆိုင်တဲ့

တရုတ်သူဌေးပဲ၊ ငွေကြေးသိပ်ချမ်းသာတဲ့အပြင် ရန်ကုန်အင်းလျားလမ်းမှာ တိုက်တစ်လုံးဝယ်ပေးဖို့နဲ့ Land Cruiser Cygnus ကားတစ်စီးဝယ်ပေးဖို့ ပြောလာတဲ့အတွက် ဖေဖေမေမေ တို့ အနေနဲ့ လက်ခံလိုက်ကြပြီ၊ လာမယ့်တနင်္ဂနွေနေ့မှာ သူ့ကို ခေါ်ပြီး ဖေဖေမေမေတို့ မုဒ့်ကိုလာခဲ့ကြမယ်၊ သမီးစောင့်နေ ပါ၊ မိဘတွေရဲ့ အစီအစဉ်ကို မငြင်းဘူးလို့ယုံကြည်နေတယ်၊

ဩော် ... ဒါနဲ့ သမီးရဲ့အဆိုတော် ဘော်လရောင်ဆီက စာရောက်လာတယ်၊ လူကြုံနဲ့သမီးစိုက်ထားတဲ့ စီးရီး(စ်) ဖိုးငွေတွေကို ပြန်ပေးလိုက်တာ၊ ဖေဖေမေမေတို့လက်ခံယူထားလိုက်ပြီးပြီ၊ ဒီစာနဲ့အတူ သူ့စာကိုလည်း ထည့်ပေးလိုက်တယ်။

ကျန်းမာပါစေ

ဖေဖေမေမေ

သူမ စာအိတ်ထဲရှိနောက်စာတစ်စောင်ကို ဆွဲထုတ်ပြီး ဖတ်လိုက်သည်။





ဒေါ်ပန်သစ္စာခင်များ

ဒေါ်ပန်သစ္စာစိုက်ပေးထားတဲ့ စီးရီး(စ်) အရင်းငွေအားလုံးကို ကျွန်တော်ပြန်ပေးလိုက်ပါတယ်၊ ကျွန်တော့်ကို ကူညီခဲ့ဖူးတဲ့အတွက် ကျွန်တော်အများကြီး ကျေးဇူးတင်ပါတယ်၊ တတိယစီးရီး(စ်)အတွက် ကျွန်တော် ပရိုဂျူဆာရထားပါပြီ၊ သူကတော့ ကျွန်တော်နဲ့မကြာခင် လက်ထပ်တော့မယ့် ကျွန်တော့်ဇနီးလေး မစနိုးပါပဲ ...

ကျေးဇူးတင်လျက်

ဘော်လရောင်

စာဖတ်ပြီး သူမရင်ထဲမှာ စူးနစ်နာကျင်နေမိသည်။

ဩော် ... သူက တကယ်လက်ထပ်တော့မှာပါလား ...

သူ့ရဲ့တတိယစီးရီး(စ်) ထုတ်ပေးမယ့်သူကလဲ သူ့ဇနီးလောင်း ဟိုကောင်မလေးတဲ့၊ ဒါတွေ ငါသိအောင် မပြောလဲရပါတယ်။

ဒါပေမယ့် ဘာဖြစ်လို့များ ငါသိအောင် ပြောခဲ့ရ

တာပါလိမ့် ... ငါ့ရင်ထဲမှာ ဘယ်လိုခံစားနေရမယ်ဆိုတာ ကိုယ်ချင်းမစာလေရော့သလား ...

သူမတွေးလေနာကြည်းမိလေ၊ ခံစားရလေဖြစ်နေမိသည် မဟုတ်ပါလား ...

အခံရခက်လွန်းသဖြင့် မျက်ဝန်းနှစ်ဖက်မှာ ဒေါသမီးတွေ တောက်လောင်နေသည်။

''ပန်ပန်''

သူမ အိမ်ကလေးပေါ် လှမ်းတက်လာသည့် ကိုဦးအသံကြောင့် စာကို စာအိတ်ထဲသို့ ကမန်းကတန်းပြန်ထည့်လိုက်၏။

''ထိုင်လေ ကိုဦး''

သူက သူမကို အကဲခတ်ကြည့်နေရာမှ ...

''ပန်ပန်ဘာဖြစ်လို့လဲ မျက်နှာလဲမကောင်းဘူး''

''ဖေဖေမေမေတို့ဆီက စာရောက်လာလို့''

''စာထဲမှာ ဘာတွေပါလို့လဲ''

သူမ မိဘများရေးလိုက်သည့်စာကို ကိုဦးဖတ်ရန် လှမ်း





ပေးလိုက်သည်။

''အဲဒါပါပဲ ကိုဦးရယ်''

သူက စာဖတ်ကြည့်ပြီး မျက်စိမျက်နှာပျက်နေသည်။

''အစီအစဉ်တွေက ဘယ်လိုဖြစ်တာလဲ ပန်ပန်ရယ်၊ မြန်ဆန်လိုက်တာ'' ဟု မေးသည်။

''ပန်ပန်လဲ မသိဘူး''

''ဒါဖြင့် ပန်ပန်ဘယ်လိုလုပ်ဖို့ စိတ်ကူးထားသလဲ''

''ကျွန်မ ... ကျွန်မတော့ သေချင်တာပဲ၊ တရုတ်သူဌေးတဲ့၊ ဖေဖေမေမေတို့ကလဲ ဘာစိတ်ကူးပေါက်ပြီး ခုလိုစီစဉ်ကြတာပါလိမ့်၊ တရုတ်လူမျိုးနဲ့ယူဖို့ စီစဉ်မယ်လို့ မထင်မိဘူး''

''ဒါကတော့ သိပ်ချမ်းသာလို့ ဖြစ်မယ်ထင်တယ်''

''ကျွန်မ ဘယ်လိုလုပ်ရရင် ကောင်းမလဲဟင် ကိုဦး''

''ရေမရှိတဲ့ချောင်းမှာ နှာခေါင်းလေးဖော်ပြီး သေလိုက်ပေါ့''

''အို ... ရှင်ကလဲ နောက်နေပြန်ပြီ၊ ဒီမှာဖြင့်

စိတ်ညစ်လို့ သေတော့မယ်''

သူမပြောရင်း မျက်ရည်တွေရစ်ဝိုင်းလာသောကြောင့် သူ ပျာပျာသလဲ ချော့မော့လိုက်ရသည်။

''အမလေး မငိုပါနဲ့ ပန်ပန်ရယ်၊ ကိုယ်က နောက်တာပါ၊ တရုတ်သူဌေးရန်ကအေးအောင် ကိုယ်နဲ့အမြန်ဆုံး လက်ထပ်လိုက်ပေါ့''

''ရှင်ဟာလေ ကိုယ့်ဘက်ကိုယ်ယက်တဲ့လိပ်ပဲ''

''ဒါဆိုရင် ပန်ပန် ဘယ်လိုစဉ်းစားမှာလဲ''

''မိဘတွေသဘောတူတဲ့ လူကိုပဲ ယူလိုက်မယ်''

''ကိုယ်တော့ အသည်းကွဲပြီး သေတော့မယ်ထင်ပါရဲ့၊ ကိုယ့်အတွက် နည်းနည်းလေးမှ မစဉ်းစားတော့ဘူးလား ပန်ပန်''

''အဘွားနဲ့တိုင်ပင်လိုက်ဦးမယ်နော် ကိုဦး''

''မလုပ်ပါနဲ့ ပန်ပန်ရယ်၊ တော်ကြာ အဘွားကပါ တရုတ်သူဌေးနဲ့ သဘောတူနေရင် ကိုယ်ထွက်ပြေးနေရပါဦးမယ်''





သူ စိုးရိမ်တကြီး ပြောနေပုံကြောင့် သူမငိုအားထက် ရယ်အားသန်သွားရသည်။

''ကြည့်စမ်းပါဦး ရယ်နေလိုက်တာ ပန်ပန်ရယ်၊ အပူအပင်မရှိတဲ့ အတိုင်းပဲ''

''ကျွန်မ သိပ်စိတ်ညစ်နေတယ်၊ ဒါကြောင့် ဒီနေ့ စန္ဒရားမတီးတော့ဘူး''

''ရတယ်လေ ... နောက်နေ့မှ ဆက်တီးပေါ့ အခု ကိုယ်တို့နှစ်ယောက် ကန်ကြီးဘုရားဘက်လမ်းလျှောက်ရအောင်''

သူမ မငြင်းဖြစ်တော့ပေ။

''ဒါဖြင့် ကိုဦး ပန်းပင်တွေလျှောက်ကြည့်ရင်း ခဏစောင့်နော် ပန်ပန်အဝတ်လဲလိုက်ဦးမယ်''

''အိုကေ''

သူမ အဝတ်လဲရန် အခန်းထဲဝင်လာခဲ့သည်။

ခဏ ကြာတော့ အဝတ်လဲပြီး ပြန်ထွက်လာခဲ့သည်။

''မမ ဘယ်သွားမလို့လဲ''

ကဲကဲ မေးလိုက်သည်။

''ကန်ကြီးဘုရားသွားဖူးမလို့၊ မမတို့ပြန်လာရင်စားဖို့ အဆင်သင့်လုပ်ထားနော်''

''ဟုတ်ကဲ့ မမ''

ကိုဦးနှင့်အတူ ကန်ကြီးဘုရားရှိရာသို့ ထွက်လာခဲ့ကြသည်။

ဘုရားရောက်တော့ ဘုရားဖူးပြီး ရေကန်ဘေးသစ်ရိပ်အောက်တွင် နှစ်ယောက်အတူ ထိုင်ကြသည်။

''ဘုရားရှိခိုးပြီး ဘာတွေဆုတောင်းခဲ့သလဲ ပန်ပန်''

''ဘာမှ ဆုမတောင်းဘူး၊ ရှင်ကော ဘာဆုတောင်းသေးလဲ''

''[illegible] ... ကိုယ်ချစ်တဲ့ မိန်းကလေးနဲ့ရာသက်ပန်ပေါင်းရပါစေလို့ ဆုတောင်းတယ်''

''ကျွန်မကတော့ အပျိုကြီးဖြစ်ပါစေလို့ ဆုတောင်းတယ်''

သူမ တမင်ပြောလိုက်ခြင်းပါ။





သူမ စကားကြောင့် သူက ရယ်မောလိုက်ပြီး ...

''မယုံပါဘူး'' ဟု ပြော၏။

''ကဲ ... ပြန်တော့မယ်''

သူမ ရုတ်တရက်ပြောလိုက်ပြီး ထပြန်လာခဲ့မိသည်။ သူက နားမလည်နိုင်သည့် အမူအရာဖြင့် သူမနောက်မှ ပါလာခဲ့သည်။

□◆□

## အခန်း (၃)

ခြံအနောက်ဘက်ရှိ နှင်းဆီပန်းအိုးများကြားတွင် သူမ တစ်ယောက်တည်း ထိုင်နေမိသည်။

ထိုစဉ် ခြေသံသဲ့သဲ့ကို ကြားလိုက်ရသည်။

*''ဘာလုပ်နေတာလဲ''*

*''စိတ်ညစ်လို့ ထိုင်နေတာပေါ့''*

သူက သူမနှင့် မျက်နှာချင်းဆိုင်ထိုင်လိုက်ပြီး ...

*''အတော်မှောင်နေပြီ ပန်ပန်၊ ကိုယ်တို့ အိမ်ထဲဝင်ကြစို့၊ ဒီနေ့ စန္ဒရားတီးမယ် မဟုတ်လား''*

*''စန္ဒရားမတီးချင်တော့ဘူး''*

"ဘာဖြစ်လို့လဲ ပန်ပန်ရဲ့"

"ကျွန်မ စိတ်ညစ်နေတာ ရှင်မသိဘူးလား။ ဒီလောက် စိတ်ညစ်နေတဲ့ လူတစ်ယောက်က စန္ဒရားတီးနိုင်ပါ့မလား။ သီချင်းလဲ မဆိုချင်ဘူး၊ မေမေတို့က နောက်သုံးလေးရက်ဆို ရောက်လာတော့မယ်"

"အဘွားနဲ့တိုင်ပင်ပြီးပြီလား"

"တိုင်ပင်ပြီးပြီ၊ အဘွားက ကျွန်မသဘောအတိုင်း ဆုံးဖြတ်လို့ပြောတယ်၊ အဲဒီ တရုတ်သူဌေးကို အဘွားကမြင်ဖူးတယ်တဲ့၊ အသက်ငါးဆယ်လောက်ရှိပြီလို့ ပြောတယ်"

"ဖြစ်မှ ဖြစ်ရလေ ဒီလောက်တောင် အသက်ကြီးသလား"

"ဟုတ်တယ် ဒါကြောင့် ကျွန်မသေချင်နေပြီ"

"ကိုယ်ဘာပြောမယ်ဆိုတာ ပန်ပန်သိပါတယ်"

သူ့အသံက အနည်းငယ်တုန်နေသလို မျက်ဝန်းတွေက စူးရှတောက်ပြောင်နေသည်။

"သိတယ် ကိုဦး၊ ရှင်ဘာပြောမယ်ဆိုတာ ကျွန်မသိတယ်"





"ဒါဆို ဘာလဲ ပြောလေ"

"ရှင့်ကို ကျွန်မလက်ထပ်ပါလို့ ပြောမယ် မဟုတ်လား"

"သိပ်သေချာတာပေါ့"

"ရှင်ကျွန်မကို ရည်းစားစကား ပြောဦးမလို့လား၊ ကျွန်မ မကြားချင်ဘူးနော်"

သူက ပန်ပန့်မျက်နှာကို တမ်းတမက်မောစွာ စူးစိုက်ကြည့်နေသောကြောင့် ပန်ပန်အနေခက်သွားသည်။

"ပန်ပန်၊ မင်းကို ကိုယ်ချစ်တယ်၊ ဒါကြောင့် မင်းရဲ့ အခက်အခဲအားလုံးကို ကူညီဖြေရှင်းခွင့်ပေးပါနော်"

သူမ ဘာပြန်ပြောရမှန်းမသိလောက်အောင် စိတ်လှုပ်ရှားနေမိသည်။

"ပန်ပန် မိဘတွေရောက်လာတဲ့အခါ ကိုယ်က ပန်ပန်နဲ့ လက်ထပ်မယ့် လူလို့ ပြောလိုက်ပါ"

"ဘာ"

"ဩော် ... ကိုယ်က ပန်ပန်ကို အကြံပေးတာပါ"

"ရှင်အသားယူမနေနဲ့၊ ကျွန်မအဲဒီလိုပြောတော့ ကျွန်မ

မိဘတွေက ရှင်နဲ့ကျွန်မကို သဘောတူမှာတဲ့လား''

''သဘောတူဖို့သေချာတယ်''

''ဝေးပါသေးရဲ့၊ အခုပဲ အိမ်ထောင်ချပေးဖို့ အစီအစဉ်နဲ့ရောက်လာကြမှာ''

''ဒါကြောင့် ပြောတာပေါ့၊ ကိုယ့်ကို မင်းချစ်သူလို့ ပြောလိုက်ပါလို့''

''မဟုတ်ဘဲ ပြောရမှာလား''

''ဟန်ဆောင်ချစ်သူဆိုပါတော့ကွာ၊ ကိုယ်ကမင်းကို ချစ်နေတဲ့သူဆိုတော့ ဟန်ဆောင်တဲ့အခါ ကိုယ့်ဘက်က သရုပ်မှန်ပေါ်ပြီး ပီပြင်မှာသေချာတယ်''

''ရှင်ပြောတဲ့အတိုင်း ဟန်ဆောင်လိုက်ရင် တရုတ်သူဌေးနဲ့ကိစ္စ နောက်ဆုတ်သွားမယ်ထင်သလား''

သူမ စဉ်းစဉ်းစားစားမေးလိုက်သည်။

''အို ... သိပ်သေချာတာပေါ့ မပန်ပန်ရယ်၊ ကိုယ်ပြောတဲ့အတိုင်းသာ ဟန်ဆောင်လိုက်ပါ''

''ကောင်းပြီလေ ရှင်ပြောတဲ့ အတိုင်းပေါ့၊ ဒါပေမယ့် ရှင်သိပ်အသားမယူနဲ့၊ အသားယူလာရင်တော့ ပန်သစ္စာတို့





လက်က ပါးမရွေးဘူး''

''အမလေး ကြောက်ပါတယ်ဗျာ၊ ဟန်ဆောင်ရင်း တကယ်ချစ်မသွားမိဖို့သာ ခင်ဗျားကိုယ် ခင်ဗျားသတိထားပါ''

''ရှင်ဒီလိုပြောရသလား ... ကဲ ... ကဲ''

ပန်ပန်က သူ့ကျောကုန်းကို တဘုန်းဘုန်းထုနေသည်။

''ထုစမ်း ... ထုစမ်း အခုလိုထုမှ ချစ်သူအစစ်တွေလို သရုပ်ပေါ်မှာ''

သူက ဟားဟားရယ်ပြီး ပြောလိုက်သောကြောင့် သူ့မရှက်သွားပြီး သူ့အနီးမှ ပြေးထွက်ခဲ့သည်။

□◆□

## အခန်း (၄)

ပန်သစ္စာတို့ ခြံလေးရှေ့တွင် ဒေါ့ဂျစ်ကားတစ်စီးလာရောက် ထိုးစိုက်လိုက်သည်။

ပန်ပန်က အိမ်ကလေးထဲတွင် နေ့လယ်စာအတွက် ချက်ပြုတ်နေစဉ် ဖြစ်သည်။

ကိုဦးက နှင်းဆီပန်းပင်များ ပိုးသတ်ဆေးဖြန်းနေရာမှ ခြံဝသို့ လျှောက်လာခဲ့ပြီး ဧည့်သည်များကို ကြိုဆိုလိုက်သည်။

ဧည့်သည်သုံးယောက်မှာ သူ့မဏ်ဖခင် ဦးမင်းသာ၊ မိခင် ဒေါ်ရွှေသုန်နှင့် အသားဖြူဖြူ အရပ်မြင့်မြင့် တရုတ်

တစ်ယောက်တို့ ဖြစ်သည်။

''ပန်ပန်ကောဟော့''

''ရှိပါတယ် အန်တီ''

သူက သူတို့ကို အိမ်ကလေးထဲ ကြိုဆိုလာခဲ့သည်။

ထိုစဉ် သူမ အိမ်ကလေးထဲမှ ထွက်လာသည်။

''ဟော ... ဖေဖေနဲ့မေမေတို့ ရောက်လာပြီကိုး''

ဖေဖေနှင့်မေမေက ညှော့ခန်းထဲတွင် ဝင်ထိုင်လိုက်ကြသည်။

သူတို့နှင့် အတူပါလာသည့် ဒေရုတ်ညှော့သည်ကိုလည်း ညှော့ခန်းထဲမှာ ဝင်ထိုင်စေသည်။

ပြီးတော့ ညှော့သည်နှင့် ပန်ပန်ကို မိတ်ဆက်ပေးလိုက်သည်။

''ဒါ ကျွန်မတို့ သမီး ပန်ပန်ပဲ ဦးကျင်ဟုတ်''

''သမီး သူက ဦးကျင်ဟုတ်၊ မော်လမြိုင်က သူဌေး မြိတ်မှာ စက်လှေတွေ ထောင်ထားတယ်''





မေမေက သူမကိုအကဲခတ်ကြည့်ပြီး ပြောလိုက်သည်။

ဦးကျင်ဟုတ်ကို ကြည့်ပြီး သူမကြောက်ရွံ့ထိတ်လန့်နေမိသည်။

ပြီးတော့ ကိုဦးကို လှည့်ကြည့်လိုက်ပြီး ...

''မေမေ သူက သမီးရဲ့ချစ်သူ ကိုဦးပဲ''

ဟု ပြောလိုက်၏။

မေမေက သူမနှင့်ကိုဦးကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး ...

''သမီးချစ်သူ ဟုတ်လား''

''ဟုတ်တယ်''

''ဘယ်တုန်းက ချစ်သူဖြစ်သွားတာလဲ''

မေမေ့ အမေးကို သူမ မဖြေတတ်အောင်ဖြစ်နေစဉ် သူက ဝင်ဖြေလိုက်သည်။

''ကျွန်တော်တို့ချစ်နေတာကြာပါပြီ၊ အန်တီလာရင် အကျိုးအကြောင်း ဖွင့်ပြောပြီး လက်ထပ်ကြဖို့ စီစဉ်ထားပါတယ်''

"ဒါဖြင့် မေမေတို့ စကားကို နားမထောင်နိုင်ဘူးလား"

"ဟုတ်တယ် မေမေ၊ နားမထောင်နိုင်တော့ဘူး၊ ကိုဦးက လွဲရင် ဘယ်သူ့ကိုမှ လက်မထပ်နိုင်ပါဘူး။ ဒါကြောင့် သမီးတို့ကို မခွဲပါနဲ့တော့"

သူမ ဟန်ဆောင်ပြောနေသော်လဲပဲ ကကယ်ပြောနေသလို အသက်ဝင်လှသည် မဟုတ်ပါလား ...

"ဒါဖြင့်လဲ သမီးဖေဖေနဲ့တိုင်ပင်ကြဦးမယ်"

ဦးကျင်ဟုတ်ကို အအေးဖြင့် ညွှန်လိုက်ပြီးနောက် ဦးကျင်ဟုတ်က ကြာကြာမနေဘဲ နှုတ်ဆက်၍ ပြန်သွား၏။

အဘွားက ဒီဘက်အိမ်ကလေးသို့ ရောက်နေပြီး သူမတို့နှစ်ဦး ကိစ္စကို ဝင်ပြောလိုက်သည်။

"သူတို့ချင်း ရင်းနှီးနေကြပြီလေ၊ ဒါကြောင့်သူတို့ နှစ်ယောက်လက်ထပ်ဖို့ အမြန်ဆုံးစီစဉ်ရမယ်"

အဘွားအမူအရာက ခပ်ပြုံးပြုံးဖြစ်နေ၏။

ဖေဖေက ဘာမှမပြောသော်လည်း မေမေက သိပ် ကျေနပ်ဟန်မပြပေ။





"ဒီမှာသမီး သမီးကို မေမေမေးမယ်"

"မေးပါမေမေ"

"ဒီသူငယ်နဲ့ သမီးချစ်နေကြတယ်ဆိုတာ သေချာရဲ့လား၊ တကယ်ချစ်နေကြတာမှန်ရင် လက်ထပ်ဖို့ပြောချင်တယ်"

မေမေ့စကားကြောင့် သူမအံ့သြပြီး ဘာပြန်ပြောရမှန်း မသိဘဲ ဖြစ်နေမိသည်။

"ဟုတ်ကဲ့ပါ အန်တီ၊ ကျွန်တော်တို့ မနက်ဖြန်ပဲ လက်ထပ်လိုက်ပါ့မယ်"

"ရှင် ..."

သူမ ထောင်းခနဲဒေါသထွက်ပြီး အော်လိုက်မိသည်။

ကိုဦးက ခပ်ပြုံးပြုံးအမူအရာဖြင့် သူမကို ငေးစိုက် ကြည့် နေသည်။

မေမေက မျက်နှာအနည်းငယ်တင်းသွားပြီး

"အချိန်တန်အရွယ်ရောက်ရင် လက်ထပ်ကြရတာပဲ မဟုတ်လား၊ ဒီသူငယ်ဟာ သမီးရဲ့ချစ်သူ အမှန်ဆိုရင်

လက်ထပ်ရမယ်နော်၊ မနက်ဖြန်သူနဲ့လက်မထပ်ရင် မေမေတို့ သဘောတူတဲ့ ဦးကျင်ဟုတ်နဲ့ လက်ထပ်ရမယ် ဒါပဲ''

စကားဆုံးသည်နှင့် အဘွားနှင့်အတူ အဘွားအိမ်ကလေးသို့ ထွက်ခွာသွားကြသည်။

□◆□





## အခန်း (၅)

ထိုနေ့ည။

သူမတစ်ယောက်တည်း ကုတ်အကျီအနီရောင်ကို ဝတ်ပြီး အဝတ်သေတ္တာတစ်လုံးထဲသို့ အဝတ်အစားအချို့ ထည့်ပြီး အိမ်ထဲမှ ထွက်လာခဲ့သည်။

အိမ်ကလေးကို သော့ခတ်လိုက်ပြီး အနီရောင်ခေါက်ထီးလေးကို ဖွင့်လိုက်၏။

ပြီးတော့ လက်တစ်ဖက်မှ အဝတ်အစားသေတ္တာကိုဆွဲ၊ လက်တစ်ဖက်မှ ထီးဆောင်းပြီး ခြံထဲမှ ထွက်လာခဲ့သည်။

သူမ ဆုံးဖြတ်ချက်ချပြီးပြီ မဟုတ်ပါလား ...

သူမ အဝေးဆုံးသို့ ထွက်ခွာသွားတော့မည်။ ဒါမှ မေမေတို့အိမ်ထောင်ချပေးမည့် ကိစ္စပျက်သွားလိမ့်မည်။

ပြီးတော့ သူ့ကိုလည်း လက်ထပ်ရန်မလိုတော့ပြီ။

သူ့ကို မုန်း၍တော့မဟုတ်။

မုဒုံတွင်နေထိုင်ခဲ့ရသည့်ရက်များတွင် သူနှင့်အတော် ပင် ခင်မင်ရင်းနှီးကာ သံယောဇဉ် တွယ်တာခဲ့မိသည်။

သူမအပေါ်တွင် တည်တည်တံ့တံ့လေးလေးနက်နက် ချစ်နေမှန်းလဲ နားလည်ပါသည်။

သို့သော် ယခုလို အကြပ်အတည်းဖြစ်နေသည့် အခြေ အနေကြားမှာတော့ သူ့ကို ဟန်ဆောင်ပြီးချစ်သူအဖြစ် လက်မထပ်နိုင်ပါ။

ဘော့ကို စွန့်လွှတ်ခဲ့ပြီးနောက်ပိုင်း သူမရင်ထဲမှာ အချစ်တွေ ကုန်ဆုံးခဲ့ပြီဟု ထင်ခဲ့မိ၏။

သို့သော် နှလုံးသားမှ အချစ်များက အသစ်တဖန် မွေးဖွားလာခဲ့ရသည်မဟုတ်ပါလား ...





အေးအေးဆေးဆေးမှပဲ ပြန်တွေ့ကြဦးမယ် ကိုဦးရယ် ခုတော့ ... ကျွန်မထွက်သွားပါပြီ ...

သူမခြံနှင့် အတော်ဝေးဝေးသို့ ရောက်လာ၏။

ထိုစဉ် ရှေ့တူရူမှ ကားတစ်စီးမောင်းနှင်လာတာကို တွေ့လိုက်ရသည်။ ကားမီးရောင်ကြောင့် သူမမျက်လုံးတွေ ကျိန်းစပ်ပြီး ရုတ်တရက်မှိတ်လိုက်၏။

"ကျွီ"

ရုတ်တရက်ကားဘရိတ်နင်းသံကြားလိုက်ရပြီး ကားက သူမ အနီးမှာထိုးရပ်သွားသည်။

*"ပန်ပန် ... ဘယ်သွားမလို့လဲ၊ ဟင် ... လက်ထဲမှာ လဲ အဝတ်အိတ်နဲ့ပါလား"*

သူ ကားပေါ်မှဆင်းလာပြီး သူမအနီးတွင် ရပ်၍စိုးရိမ် တကြီး မေးလိုက်ခြင်းရယ်ပါ။

သူနှင့်မှ လာတွေ့ရတယ်လို့ ...

*"ပြောစမ်း ... ပန်ပန် မင်းတစ်ယောက်တည်း ဘယ်သွားမလို့လဲ၊ ကိုယ်နဲ့သာ မတွေ့ရင်ဒုက္ခပဲ"*

သူမ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လှုပ်ယမ်းပြီး သူ မေးလိုက်ချိန်မှာတော့ သူမ မျက်ဝန်းနှစ်ဖက်မှ မျက်ရည်တွေ စီးကျလာလေသည်။

''ကျွန်မ အဝေးဆုံးကို ထွက်ခွာသွားတော့မလို့ ကိုဦးရယ်''

''အို ... ဒီလိုမလုပ်ရဘူးလေ၊ ပန်ပန့်အနားမှာ ကိုယ် ရပ်တည်နေပြီပဲ၊ ကိုယ့်ကိုအားကိုးစမ်းပါ''

''ဒီလို အခြေအနေမျိုးမှာ ရှင့်ကို ကျွန်မချစ်သူ တစ်ယောက်အဖြစ် ဟန်မဆောင်နိုင်းသင့်ဘူး ထင်ပါတယ်''

''မင်းလုပ်သမျှအားလုံး ကိုယ်လက်ခံတယ်၊ ဟန် ဆောင်ချစ်သူအဖြစ် ချစ်နေခွင့်ရရင်လဲ ကိုယ်ကျေနပ်ပါတယ်၊ ပန်ပန်ရယ်''

''မဟုတ်ဘူး ... မဟုတ်ဘူး၊ ကျွန်မပြောတဲ့သဘော ကို ရှင်တကယ်ပဲ နားမလည်ဘူးလားဟင်''

သူမမျက်နှာလေးကို သူက မြတ်နိုးတွေဝေစွာ ငေးစိုက် ကြည့်နေမိပြီးမှ ...





''ကိုယ်နားလည်ပြီ၊ ကိုယ့်ကို မင်းချစ်နေမိပြီလား''

သူမ ဘာမှပြန်မပြောသောကြောင့် ...

''ဆိတ်ဆိတ်နေခြင်းဟာ ဝန်ခံခြင်းတဲ့၊ ကိုယ်ဒီလိုပဲ မှတ်ယူလိုက်မယ်နော်''

ပန်ပန်ဘာမှ ပြန်မဖြေဘဲ ကျောက်ရုပ်တစ်ရုပ်လို ရပ်နေမိ၏။ သူက ပန်ပန့်လက်ထဲမှ အဝတ်အိတ်ကို လှယူလိုက်ပြီး လက်တစ်ဖက်ဖြင့် ပန်ပန့်ပခုံးကိုဖက်ပြီး သူ့ကားပေါ်သို့ အတင်းအကြပ်တက်စေသည်။

''ကိုယ်တို့ တစ်ယောက်အပေါ်တစ်ယောက် သစ္စာရှိစွာ ထာဝရလက်တွဲဖို့ လက်ထပ်ကြမယ်နော်''

သူက ပန်ပန့်ပခုံးကို ခပ်ဖွဖွဖက်ရင်း ပြောလိုက်သည်။

သူမ အံ့သြနေမိသည်။ သူမကိုယ်သူမလည်း လုံးဝ နားမလည်နိုင်တော့ပါ။

Love is wonder

Love is deep

Love is sweet

Love is bitterness

Love is nobleness

Love is pleasantry

Love is belief

Love is expectation

Love is success

Love is damage

အချစ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကား မကုန်ဆုံးနိုင် လောက်အောင်ကို ကြီးမားဆန်းကြယ်လွန်းသည် မဟုတ်ပါ လား ...

''ပန်ပန့်ကို ပြောပြစရာတွေအများကြီးပဲ၊ တကယ် တော့ ပန်ပန်နဲ့ဟိုတရုတ်သူဌေးလက်ထပ်ပေးဖို့ဆိုတာ





တကယ်မဟုတ်ဘူး၊ အဲဒီတရုတ်ဦးကျင်ဟုတ်ဆိုတာ ပန်ပန့် အဖေရဲ့မိတ်ဆွေတစ်ယောက်ပါ၊ သူ့ကို တမင်အကူအညီ တောင်းပြီး အကွက်ဆင်ခဲ့တာပဲ''

''ရှင် ... ဒါဖြင့် ...''

''ကိုယ်သေချာရှင်းပြပါ့မယ်၊ ပန်ပန်နဲ့ကိုယ့်ကိုသဘော တူခဲ့ကြတာကြာပြီ၊ ပန်ပန်ရန်ကုန်ထွက်သွားမယ်ဆိုတော့ ပန်ပန့်အခြေအနေကို ကြည့်ဖို့ ကိုယ့်ကို ရန်ကုန်က တိုက်နဲ့ ခြံလိပ်စာပေးပြီး လိုက်သွားဖို့ ပြောခဲ့ကြတယ်၊ ဒါကြောင့် ကိုယ်တမင်ရောက်နေခဲ့တာ၊ ပန်ပန့်သူငယ်ချင်း လင်းလင်း နဲ့ကိုယ်က ခင်နေတာမို့ သူ့ကို အကူအညီတောင်းပြီး တမင် အကွက်ချပြီး ဟန်ဆောင်စီစဉ်ခဲ့ကြတာ''

သူ့စကားကြောင့် ပန်ပန်အံ့သြနေမိသည်။

ဟန်ဆောင်နိုင်လွန်းသော သူတို့ကို စိတ်လည်းဆိုးနေမိ သည်။

''ရှင်ပြောတော့ အိမ်ပိုင်ရှင် ဘယ်သူလဲသိရအောင်

Marketing မှာ သွားမေးကြည့်တယ်ဆို"

"အဲဒါ ပန်ပန်ယုံအောင် တမင်တကာပြောခဲ့တာပဲ"

"ပြီးတော့ကော ဆက်ပြောပါဦး"

"ပန်ပန်မော်လမြိုင် ပြန်သွားတော့ ကိုယ့်ရင်ထဲမှာ ဟာပြီး ကျန်ရစ်ခဲ့တယ်၊ ဒါကြောင့် မုဒ့်မှာ ကြိုပြီးသွားစောင့်နေခဲ့တာ"

"ဩော် ... ဒါကြောင့် ကျွန်မလာရာနေရာတိုင်းမှာ ရှင်နဲ့တွေ့နေရတာကိုး"

"ဟုတ်တယ် ကိုယ်က တမင်ဖန်တီးနေတာ၊ ကိုယ်တို့နှစ်ယောက်ရဲ့ ဖူးစာက ထူးဆန်းတယ်နော်"

"အိမ်တစ်လုံးပြီးတစ်လုံး ဇာတ်လမ်းတွေဆက်နေရတာမို့ အိမ်ဖူးစာလို့ ဆိုရမှာပေါ့ရှင်"

"ဟုတ်တယ် ... တကယ်တော့ အိမ်ဖူးစာပဲ၊ မင်းမိဘတွေနဲ့ ကိုယ့်မိဘတွေက ငယ်သူငယ်ချင်း မိတ်ဆွေရင်းချာတွေလေ၊ ဒါကြောင့် ကိုယ်နဲ့မင်း လက်ထပ်ပေးဖို့သဘောတူခဲ့ကြတယ်၊ ကိုယ်တို့နှစ်ယောက်စပြီး ဆုံစည်းကြတဲ့အချိန်မှာ





မင်းက ချစ်သူရှိနေတော့ အတော်ခံစားခဲ့ရတယ် ပန်ပန်၊ ဒါပေမယ့်လဲ အိမ်ဖူးစာကံအကြောင်းကြောင့် မင်းနဲ့ကိုယ် ဘဝချင်းဆုံစည်းခဲ့ကြရပြီ အိမ်တွေကို ကိုယ်တို့ကျေးဇူးတင်လိုက်ကြရအောင်"

သူပြောနေတာတွေ နားထောင်နေမိရင်း သူမ ရှက်ပြုံးဖြင့် ခေါင်းညိတ်နေမိလေသည်။

သူ့ရင်ခွင်ထဲမှ ရုန်းထွက်ရန် မစဉ်းစားမိတော့ပေ။

❑◆❑

# အခန်း (၆)

ဤဇာတ်လမ်းသည် ဝတ္ထုတစ်ပုဒ်သာဆိုပါလျှင် ဘော်လရောင်နောင်တရပြီး သူမထံပြန်လာကာ ချစ်ခွင့်ပန် မည်မှာ အသေအချာပင် ဖြစ်သည်။

သူမနှင့်ကိုဦးတို့နှစ်ယောက် ဘော်လရောင်ကြောင့် စိတ်ထိခိုက်ကြေကွဲ ဝမ်းနည်းပြီး လက်ထပ်ဖြစ်ချင်မှ ဖြစ်ကြပေမည်။

သို့သော် တကယ့်အဖြစ်အပျက်မှာတော့ ...

စိုးမိုးစာပေ

ဘော်လရောင်သည် သူမအား လုံးဝမရှာဖွေခဲ့ပါ။

သူမ စိုက်ထုတ်ထားသည့် စီးရီး(စ်)အတွက် ငွေရင်းကို တော့ ပြန်လည်ပေးဆပ်ခဲ့လေသည်။

တိုက်တိုက်ဆိုင်ဆိုင် သူမနှင့်ကိုဦးတို့လက်ထပ်ခဲ့သည့် နေ့မှာပင် ဘော်လရောင်နှင့် စနိုးတို့နှစ်ယောက်လည်း လက်ထပ်ခဲ့ကြ၏။

မင်္ဂလာဆောင်သတင်းနှစ်ခု သတင်းစာတွင် ယှဉ်တွဲ လျက်ပါလာခဲ့သည် မဟုတ်ပါလား . . .

စာဖတ်ပရိသတ်များကို

လေးစားချစ်ခင်ကျေးဇူးတင်လျက်

စုလှဖြူ

◻◆◻

စိုးမိုးစာပေ

ဘာရဏီစာပေစဉ်တင်ကလောင်ရှင်

# ပန်းလှဖြူ

## ကောင်းကင်ရဲ့ချစ်သူ

မကြာမီထွက်ပါတော့မည်